**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

တစ်ခဲနက်ဖြစ်သော ကျောက်တောင်သည် အရပ်လေးမျက်နှာမှ လာသောလေကြောင့် မတုန်မလှုပ် သကဲ့သို့ ပညာရှိတို့သည် ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်း တို့ကြောင့် မတုန်လှုပ်ကုန်။

ဓမ္မပဒ



# မြဝတီ နေ့စဉ်

မှန်မည် ထူးမည်၊ မြန်မည် ဦးမည် အသွင်သစ်နှင့် မြဝတီ



**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။



www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၁၀၈)

၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၆ ရက်
၂၀၂၆ ခုနှစ်၊ ဩဂုတ် ၄ ရက်၊ အင်္ဂါနေ့


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်၏ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံသို့ တရားဝင်ခရီးစဉ်သွားရောက်မည်

နေပြည်တော် ဩဂုတ် ၃


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်၏ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံသို့ မကြာမီရက်ပိုင်းအတွင်း တရားဝင်ခရီးစဉ် (Official Visit) သွားရောက်မည်ဖြစ်သည်။

ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတသည် ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံဆွေးနွေးပွဲကျင်းပပြုလုပ်ခြင်း၊ ထိုင်းနိုင်ငံအမျိုးသားလွှတ်တော်ယာယီဥက္ကဋ္ဌနှင့် တွေ့ဆုံခြင်းတို့အပြင် စီးပွားရေးအဖွဲ့အစည်းများမှပုဂ္ဂိုလ်များကိုလည်း လက်ခံတွေ့ဆုံသွားမည်ဖြစ်ပြီး စီးပွားရေးဖိုရမ်သို့ တက်ရောက်သွားရန်ရှိပါသည်။

ခရီးစဉ်အတွင်း မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေးကို ပိုမိုခိုင်မာလာစေရေးကိစ္စရပ်များ၊ နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးသွားမည်ဖြစ်သည်။

အဆိုပါခရီးစဉ်တွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါသွားမည်ဖြစ်သည်။

မြဝတီ



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၇)သင်တန်းဖွင့်ပွဲကျင်းပစဉ်။

## ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၇)သင်တန်းဖွင့်ပွဲများအား တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်

နေပြည်တော် ဩဂုတ် ၃

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၇)တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်နယ်မြေများရှိ သင်တန်းကျောင်းအသီးသီးသို့ရောက်ရှိ၍ လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြသည်။ ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်း

စာမျက်နှာ ၁၆ ကော်လံ ၁ ▲

## မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရေတက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်

နေပြည်တော် ဩဂုတ် ၃

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ ဩဂုတ်လ ၆ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှနေရာအနှံ့အပြား

စာမျက်နှာ ၁၂ ကော်လံ ၃ ⇨

## ကျောက်ခတ်ဒေသအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများကျူးလွန်ခဲ့သူများအား တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့က အခကြေးငွေယူ၍ မြန်မာ-ထိုင်းနယ်စပ်သို့ မော်တော်ယာဉ်များဖြင့်ပို့ဆောင်



ကရင်ပြည်နယ်၊ မြဝတီမြို့၊ ကျောက်ခတ်ကျေးရွာဝန်းကျင်၌ တရားမဝင်အွန်လိုင်းလောင်းကစားလုပ်ကိုင်နေကြသူများအား တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့က အခကြေးငွေယူ၍ တရားမဝင်ရွှေ့ပြောင်းပို့ဆောင်ပေးနေမှုကိုတွေ့ရစဉ်။

နေပြည်တော် ဩဂုတ် ၃

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခြင်းများပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်းအခြေချလုပ်ကိုင်နိုင်မှုမရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အထူးအလေးထား၍ တက်ကြွစွာဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၁၅ ကော်လံ ၁ ➤

**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)တို့ တွေ့ဆုံဆွေးနွေး**

စာ- ၆ သို့

**တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများ ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ရန် ဆန္ဒပြုလာပါက ဆောင်ရွက်ပေးလျက်ရှိ**

စာ- ၁၁ သို့

# အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဩဂုတ် ၄ ရက်)

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုစီးပွားကဏ္ဍ

မည်သည့်လုပ်ငန်းမဆို အချိန်အခါနှင့်တစ်ပြေးညီ ပြုပြင်ပြောင်းလဲနေရမည်ဖြစ်သည်။ ပြုပြင်ပြောင်းလဲခြင်းမှာ တိုးတက်အောင်ကြိုးစားခြင်းဖြစ်သည်။ လုပ်ငန်းများ ပိုမိုတိုးတက်စေရန်အတွက် သမားရိုးကျစိုက်ပျိုးရေးမှခေတ်မီစက်မှုလယ်ယာစနစ်သို့ကူးပြောင်းရမည်ဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းများအတွက် အဓိကကျသည့် စိုက်ပျိုးရေလုံလုံလောက်လောက်ရရှိစေရန် ဆိုလာစနစ်ဖြင့်မြစ်ရေတင်စီမံကိန်းများကိုလည်း စတင်ဆောင်ရွက်နေပြီဖြစ်သည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင်လည်း ကိုယ့်အားကိုယ်ကိုးပြီး တစ်နိုင်တစ်ပိုင်ဆိုလာစနစ်ဖြင့် မြစ်ရေတင်စီမံကိန်းများအကောင်အထည်ဖော်နိုင်ပါက စီမံကိန်းကရရှိမည့်အကျိုးကျေးဇူးများကို ပြည်သူလူထုက ဆောလျင်စွာခံစားနိုင်မည်ဖြစ်သည်။ စိုက်ပျိုးရေးတွင် မျိုး၊ မြေ၊ ရေ၊ နည်းတို့ပြည့်စုံမှသာ လုပ်ငန်းများပိုမိုအောင်မြင်မည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် စားရေရိက္ခာအတွက် အဓိကကျသည့်ဆန်စပါးကို လယ်မြေအားလုံးတွင် ပန်းတိုင်အထွက်နှုန်းရရှိအောင်စိုက်ပျိုးစေလျက်ရှိသည်။ ပြည်တွင်းစားသုံးမှုဖူလုံရုံသာမက ပြည်ပကို ဆန်စပါးတင်ပို့မှုမြင့်မားခဲ့သည့်အခြေအနေကိုပြန်လည်ရောက်ရှိအောင် ကြိုးစားလုပ်ဆောင်သွားမည်ဖြစ်သည်။ ထို့ပြင် မြန်မာ့ပေါ်ဆန်းတစ်ခေတ်ဆန်းရမည်ဆိုသည့် မျှော်မှန်းချက်နှင့်အညီ ပထမအဆင့်တွင် ပြည်ပသို့ နှစ်စဉ်ဆန်တန်ချိန်သုံးသန်းတင်ပို့နိုင်ရေးအတွက် ဈေးကွက်လိုအပ်ချက်နှင့်ကိုက်ညီသည့် အရည်အသွေးကောင်းစပါးမျိုးများကို တိုးချဲ့စိုက်ပျိုးထုတ်လုပ်ရန်နှင့်မျိုးအလိုက် စပါးစိုက်ဧက ၃ ဒသမ ၅ သိန်း ထပ်မံတိုးချဲ့စိုက်ပျိုးနိုင်မည့်အစီအမံများကိုလည်း ဆောင်ရွက်လျက်ရှိသည်။ ဒုတိယအဆင့်တွင် နှစ်စဉ်ဆန်တန်ချိန်ငါးသန်းအထိ တင်ပို့နိုင်အောင် ရည်မှန်းဆောင်ရွက်လျက်ရှိသည်။ ဒေသတွင်းနိုင်ငံများအတွက်သာမက ကမ္ဘာ့စားရေရိက္ခာကိုပါ ဖြည့်တင်းပေးနိုင်သည့် အဓိကနိုင်ငံများထဲတွင် မြန်မာနိုင်ငံသည် ကမ္ဘာ့စပါးကျီနိုင်ငံအဖြစ် ပါဝင်လာနိုင်ရန်ရည်မှန်းဆောင်ရွက်နေခြင်းဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဇူလိုင်လ ၃၁ ရက်က တတိယအကြိမ် ပြည်ထောင်စုလွှတ်တော်ဒုတိယပုံမှန်အစည်းအဝေးတွင် နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀)ပြည့် နိုင်ငံတော်အခြေပြမိန့်ခွန်းပြောကြားရာတွင် **“ယနေ့အချိန်သည် မိမိတို့နိုင်ငံသားများ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်စက်မှုစီးပွားကဏ္ဍများကို ဟန်ချက်ညီညီပေါင်းစပ်တွန်းတင်ရမည့်အရေးကြီးသည့်ကာလဖြစ်ကြောင်း၊ မိမိတို့နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသတွင်နေထိုင်ကြသောကြောင့် ကျေးလက်ဒေသနေပြည်သူများ၏စီးပွားရေးကိုမြှင့်တင်ဆောင်ရွက်ပေးမှသာ ကျေးလက်ဒေသနေပြည်သူများ၏ ဝင်ငွေများတိုးတက်လာပြီး လူမှုစီးပွားဘဝများလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ လက်ရှိမိမိတို့နိုင်ငံတွင် လယ်၊ တောင်ယာ၊ ယာစသည်ဖြင့် အမျိုးမျိုးသောစိုက်ပျိုးမြေဧက ၃၃ သန်းကျော်ရှိကြောင်း၊ မိမိတို့နိုင်ငံအတွက် အဆိုပါစိုက်ပျိုးမြေပမာဏသည် လုံလောက်သည့်ပမာဏဖြစ်သည့်အတွက် စိုက်ပျိုးမြေကို ထပ်မံတိုးချဲ့ဖော်ထုတ်ရန်မလိုတော့ဘဲ သမားရိုးကျစိုက်ပျိုးရေးစနစ်မှ ခေတ်မီစက်မှုလယ်ယာစနစ်သို့ကူးပြောင်းပြီး ပန်းတိုင်အထွက်နှုန်းရရှိရန်၊ သီးထပ်စိုက်ပျိုးမှုများနှင့် အထွက်နှုန်းတိုးအောင် တိုးမြှင့်ဆောင်ရွက်ရန်လိုအပ်ကြောင်း”** ထည့်သွင်းပြောကြားခဲ့သည်။

ကျေးလက်နေပြည်သူများ၏ မိသားစုဝင်ငွေတိုးပွားစေရန်အတွက် တစ်နိုင်တစ်ပိုင်မွေးမြူရေးမှသည် စနစ်တကျစီးပွားဖြစ်မွေးမြူရေးစနစ်သို့ ကူးပြောင်းရမည်ဖြစ်သည်။ ကြက်၊ ဝက်၊ ဆိတ်၊ နွားနှင့် ငါး စသည့်အသားငါးမျိုးကို စနစ်တကျမွေးမြူနိုင်ရန်အတွက် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးခြင်း၊ တိရစ္ဆာန်အစာနှင့်ဆေးဝါးများလုံလောက်စွာရရှိစေခြင်းဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံ့လူဦးရေ ၅၁ ဒသမ ၄ သန်း၏ တစ်နှစ်တာစားသုံးမှုနှုန်းဖြင့် စားသုံးမှုဖူလုံရန် မွေးမြူရေးကဏ္ဍကို ပိုမိုတိုးမြှင့်ဆောင်ရွက်ရန်လိုအပ်သည်။ လက်ရှိတွင် မြန်မာနိုင်ငံ၏ အမှန်တကယ်ငါးကုန်ထုတ်လုပ်မှုတွင် မွေးမြူရေးသည် ၃၀ ရာခိုင်နှုန်းနှင့် ဖမ်းယူခြင်းသည် ၇၀ ရာခိုင်နှုန်းဖြစ်နေပြီး မွေးမြူရေးတွင် ဒေသတွင်းနိုင်ငံများထက် များစွာလျော့နည်းနေ၍ မွေးမြူရေးကဏ္ဍကိုလည်း ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် စက်မှုကုန်ကြမ်းသီးနှံများဖြစ်သည့် ရော်ဘာ၊ ဝါ၊ ဝါးစသည်တို့ကို တိုးချဲ့စိုက်ပျိုးရန်၊ ရော်ဘာကို ပြည်တွင်း၌အရည်အသွေးရှိရှိထုတ်လုပ်ရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ဝါစိုက်ပျိုးထုတ်လုပ်မှုတိုးတက်စေရန် လက်ရှိဝါမျိုးစုံစိုက်ဧက ၅ ဒသမ ၅ သိန်းခန့် စိုက်ပျိုးလျက်ရှိပြီး ၂၀၂၇-၂၀၂၈ စိုက်ရာသီတွင် ဧကခြောက်သိန်းအထိ တိုးမြှင့်စိုက်ပျိုးထုတ်လုပ်နိုင်ရန် လျာထားဆောင်ရွက်လျက်ရှိသည်။ လက်ရှိထွက်ရှိနေသည့်ဝါအထွက်နှုန်းနှင့်စိုက်ဧကမှန်ကန်ပါက ပိုလျှံမှုများစွာရှိမည်ဖြစ်ပြီး ပြည်ပသို့တင်ပို့နိုင်သည်။ လက်ရှိတွင် ဝါထွက်နှုန်းသည် ပျမ်းမျှတစ်ဧကတွင် ၄၉၉ ပိဿာသာရှိသောကြောင့် ပန်းတိုင်အထွက်နှုန်း ၇၀၀ ပိဿာအထိထွက်ရှိအောင် ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံခြားငွေများစွာရနိုင်မည်ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်စက်မှုစီးပွားကဏ္ဍများကို ဟန်ချက်ညီညီပေါင်းစပ်ကြိုးစားလုပ်ဆောင်ကြရန်ဖြစ်ပါကြောင်း။ ။

## ကမမောင်းမြို့၌ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပ

ကမမောင်း ဩဂုတ် ၃

ကရင်ပြည်နယ် ကမမောင်းမြို့တွင် ခရိုင်/မြို့နယ်/မြို့အဆင့် ဌာနဆိုင်ရာများစုပေါင်း၍ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် ကမမောင်းမြို့ ကျက်သရေဆောင် ကိုးနဝင်းဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို တက်ရောက်လာကြသူများက နမောတဿ ၃ ကြိမ်ရွတ်ဆိုဘုရားကန်တော့၍ စတင်ဖွင့်လှစ်ပြီး ကိုးနဝင်းဘုန်းတော်ကြီးကျောင်းဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ ဆရာတော်အရှင်သူမြတ်များက ချီးမြှင့်သည့် ပရိတ်တရားတော်များအား နာယူကြည်ညိုကြသည်။

ထို့နောက် ဖာပွန်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးနေမင်းထွန်း၊ ဖာပွန်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးစိုင်းညွန့်မောင်၊ ဖာပွန်မြို့နယ် ခေတ္တအုပ်ချုပ်ရေးမှူး ဦးစည်သူဖြိုး၊ ကမမောင်းမြို့အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်ဦး၊ ခရိုင်/မြို့နယ်/မြို့အဆင့် ဌာနဆိုင်ရာများနှင့် စေတနာရှင်အလှူရှင်များက ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်းသိရသည်။

ဆက်လက်၍ ကမမောင်းမြို့ ကိုးနဝင်းဘုန်းတော်ကြီးကျောင်းဆရာတော်ထံမှသာဓုအနုမောဒနာတရားနာကြား၍ ကုသိုလ်ကောင်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကာ အခမ်းအနားအပြီးတွင် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

(၄၀၆)

## ကျွန်းလှမြို့နယ်၌ ယခုနှစ် မိုးစပါးဧက ၂၂၉၀၀ ကျော်စိုက်ပျိုးပြီးစီး

ကျွန်းလှ ဩဂုတ် ၃

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါးဧက ၂၂ ၉၀၀ ကျော်စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

“ ကျွန်းလှမြို့နယ်မှာ စပါးကိုအဓိကစိုက်ပျိုးကြပြီး အရင်နှစ်က မိုးစပါး ၃၄၀၉၉ ဧကစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီနှစ် မိုးစပါးစိုက်ပျိုးဖို့ ၃၅၆၉၆ ဧကလျာထားတဲ့အနက် လက်ရှိအချိန်အထိ ၂၂၉၂၂ ဧက စိုက်ပျိုးပြီးဖြစ်ပါတယ်။ တောင်သူတွေလျာထားဧကပြည့်မီဖို့ ဆက်လက်စိုက်ပျိုးနေကြပါတယ်”ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

အဆိုပါ မိုးစပါးစိုက်ခင်းများအောင်မြင်ဖြစ်ထွန်းပြီး တစ်ဧကပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်နည်းစနစ်မှန်ကန်ရေး၊ သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာ အချိုးကျရောစပ်ပြီး အချိန်ကိုက်သုံးစွဲရေး၊ ပေါင်းမြက်ကင်းရှင်းရေး၊ ပိုးမွှားကျရောက်မှုကင်းစင်ရေး စသည့်စိုက်ပျိုးရေးဆိုင်ရာနည်းပညာများ ကွင်းဆင်းအသိပညာပေးလျက်ရှိသည်။

ကျွန်းလှမြို့နယ်၌ မိုးစပါးစိုက်ပျိုးရာတွင် ဒေသရာသီဥတုနှင့်ကိုက်ညီသည့် အထွက်နှုန်းကောင်း ဧရာမင်း၊ မနောသုခ၊ ရွှေသွယ်ရင်၊ ချမ်းမြေ့မေ၊ ဆင်းသုခနှင့်အောင်နိုင်တိုးစပါးမျိုးများ စိုက်ပျိုးကြသည်။

စိုက်ပျိုးသီးနှံများကို တစ်ဧကပန်းတိုင်အထွက်နှုန်းရရှိအောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပြည်ပပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်သည်။ ထုတ်လုပ်မှုနှင့်ဈေးကွက်လိုအပ်ချက်ဖြစ်သည့် ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်းသိရသည်။

မျိုးဝင်းညို(ကျွန်းလှ)

### မြဝတီရုပ်မြင်သံကြားအစီအစဉ်

၄-၈-၂၀၂၆(အင်္ဂါနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၀၅ | တရားတော် | ၁၁။ | ၁၂:၅၀ | တွေးမယ်ဖြေမယ် |
| ၂။ | ၀၆:၅၀ | ဓမ္မပူဇာတေး | ၁၂။ | ၁၃:၁၅ | တစ်ပတ်အတွင်း ထိပ်တန်းရောက် ကမ္ဘာ့သတင်းသုံးသပ်ချက် |
| ၃။ | ၀၇:၀၅ | နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့ | | | |
| ၄။ | ၀၇:၁၅ | ကိုယ်လက်လှုပ်ရှားအားကစား | ၁၃။ | ၁၈:၃၀ | ယဉ်ကျေးမှုအမွေ မြန်မာစာပေ |
| ၅။ | ၀၈:၂၀ | မျိုးချစ်တပ်မတော် | ၁၄။ | ၁၉:၀၀ | **နိုင်ငံခြားဇာတ်လမ်းတွဲ နတ်စုံထောက်-ဒီရင်ကျယ် အပိုင်း(၁၄)** |
| ၆။ | ၀၈:၃၀ | မောင်မယ်လေးများသိစေချင် | | | |
| ၇။ | ၀၈:၅၀ | ၁၂ လရာသီမှတ်တမ်း | | | |
| ၈။ | ၀၉:၂၀ | ရင်မှာစွဲလမ်းတော်ဝင်ပန်း | ၁၅။ | ည ၈ နာရီ သတင်း အပြီး | မိုးလေဝသသတင်း |
| ၉။ | ၁၀:၃၀ | သစ်တောသယံဇာတနှင့် သဘာဝပတ်ဝန်းကျင် | ၁၆။ | | ဆောင်းပါးပေါ်မှစာစုများ |
| | | | ၁၇။ | | သူတော်လမ်းပြဓမ္မဒါန |
| ၁၀။ | ၁၂:၃၀ | နိုင်ငံ့စွမ်းအားလူငယ်များ | ၁၈။ | | တရားတော် |

မြဝတီ နေ့စဉ် the Myawady Daily

Online Newspaper

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်နှင်းဝတ်ရည်ဖွေး၊ ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၄၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

## မော်လမြိုင်မြို့နယ်၌ ကုန်ထုတ်လမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းများဆောင်ရွက်နိုင်ရေး မြေပြင်ကွင်းဆင်းစစ်ဆေး

မော်လမြိုင် ဩဂုတ် ၃

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယခုဘဏ္ဍာနှစ်တွင် မော်လမြိုင်မြို့နယ် ကော့ခပိုကျေးရွာ၌ ကုန်ထုတ်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် မြေပြင်ကွင်းဆင်းတိုင်းတာခြင်းများကို ဩဂုတ်လ ၃ ရက်တွင် ဆောင်ရွက်သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်နိုင်ဦး၊ မော်လမြိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဇင်မာသင်းနှင့်ဝန်ထမ်းများက ကော့ခပိုကျေးရွာ၌ ကုန်ထုတ်လမ်းကွန်ကရစ်ခင်းခြင်း လုပ်ငန်းများဆောင်ရွက်နိုင်ရေး မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်းနှင့် လိုအပ်သည်များကို ခရိုင်ဦးစီးမှူးက မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ အရှည်ပေ ၁၃၂၀၊ အကျယ် ၁၄ ပေ၊ ထု ၆ လက်မရှိ ကုန်ထုတ်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ပြည်နယ်အစိုးရခွင့်ပြုငွေ ငွေကျပ် ၁၄၃ သန်းဖြင့် တင်ဒါအောင်မြင်သည့် Nava Light ကုမ္ပဏီမှတာဝန်ယူ၍ အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **သုတ**

## အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်း(မင်္ဂလာဒုံ)၌ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းအမှတ်စဉ်(၁/၂၀၂၆) သင်တန်းဖွင့်လှစ်



ရန်ကုန် ဩဂုတ် ၃

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး/ လက်ထောက်ညွှန်ကြားရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းအမှတ်စဉ်(၁/၂၀၂၆) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ်လ ၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံခရိုင် မင်္ဂလာဒုံမြို့နယ် သဃ်္ဃန်းကျွန်းကြီးကျေးရွာအုပ်စု အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်း အောင်ဆန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံအထွေထွေအုပ်ချုပ်ရေးဝန်ထမ်းဟောင်းများအသင်းမှ တာဝန်ရှိသူများ၊ အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူက မြို့နယ်အုပ်ချုပ်ရေးမှူး/ လက်ထောက်ညွှန်ကြားရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းအမှတ်စဉ်(၁/၂၀၂၆) သင်တန်းတွင် ဆန်၊ ဆီနှင့်သင်တန်းကုန်ကျစရိတ်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကိုပေးအပ်ရာ ကျောင်းအုပ်ကြီးက လက်ခံရယူသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူနှင့်အဖွဲ့က တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါသင်တန်းကို သင်တန်းသား ၁၂၀ ဦးဖြင့် ဩဂုတ်လ ၃ ရက်မှ ၂၈ ရက်အထိ သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

## မြင်းခြံမြို့နယ်၌ ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်း(၁/၂၀၂၆) ဖွင့်ပွဲအခမ်းအနားကျင်းပ

မြင်းခြံ ဩဂုတ် ၃

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်း(၁/၂၀၂၆)ဖွင့်ပွဲအခမ်းအနားကို ဩဂုတ်လ ၃ ရက်တွင် ကျင်းပသည်။

အခမ်းအနားတွင် မြင်းခြံခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းမင်းထွန်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် သင်တန်းသားများအား မြင်းခြံခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းမင်းထွန်းနှင့်ကော်မတီဝင်များ၊ မြင်းခြံမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ဦးတင်ငြိမ်းနှင့်ကော်မတီဝင်များက တူညီဝတ်စုံများ ပံ့ပိုးပေးအပ်ရာ သင်တန်းသားများက အသီးသီးလက်ခံရယူကြသည်။

ဆက်လက်၍ ခရိုင်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးအောင်သက်လှိုင်က မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီး၌ သဘာဝဘေးအန္တရာယ်များ မကြာခဏဖြစ်ပေါ်တွေ့ကြုံနေရသည့်အတွက် မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ တုံ့ပြန်ဆောင်ရွက်ကြမည့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပရဟိတလူမှုရေးအသင်းအဖွဲ့များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် စိတ်ပါဝင်စားသူများကို ခေတ်မီရှာဖွေကယ်ဆယ်ရေးပစ္စည်းများ ကိုင်တွယ်ထိန်းသိမ်းအသုံးပြုခြင်းများ၊ အသက်ရှူကိရိယာအသုံးပြုခြင်းနှင့် အမှောင်ထုအတွင်း လှုပ်ရှားသွားလာခြင်း၊ အဆောက်အအုံပြိုကျမှု ရှာဖွေကယ်ဆယ်ရေး၊ အခြေခံအသက်ကယ်နည်းစနစ်နှင့် လူနာသယ်ဆောင်နည်းများအပြင် မိမိတို့သက်ဆိုင်ရာဒေသအတွင်း ဖြစ်ပွားတွေ့ကြုံနိုင်သော ဘေးအန္တရာယ်အမျိုးအစားအလိုက် လိုအပ်သည့် ရှာဖွေကယ်ဆယ်ရေးဆိုင်ရာသင်ခန်းစာများကို သင်ကြားပို့ချပေးလျက်ရှိကြောင်း ပြောကြားသည်။

အဆိုပါခရိုင်အဆင့်ရှာဖွေကယ်ဆယ်ရေးသင်တန်းတွင် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပရဟိတလူမှုရေးအသင်းအဖွဲ့များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်သင်ကြားကြပြီး နှစ်ပတ်ကြာသင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

**ချစ်ဦးနွေ(မြင်းခြံ)**

## သဲကုန်းမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံနှင့် မိုးပဲတီစိမ်းများစိုက်ပျိုးမည်



သဲကုန်း ဩဂုတ် ၃

ဒေသတွင်းစားသုံးဆီဖူလုံစေရန်၊ ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်၊ ပဲစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒေသခံတောင်သူများ ဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ်၌ ၂၀၂၆ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံ ဧက ၁၃၀၀၀ ကျော်နှင့် မိုးပဲတီစိမ်း ဧက ၄၀၀ ကျော်စိုက်ပျိုးမည်ဖြစ်သည်။

သဲကုန်းမြို့နယ်၌ ဆီထွက်သီးနှံဖြစ်သည့် မိုးမြေပဲမျိုးများဖြစ်သော ဗီယက်နမ်၊ ဆင်းပဒေသာ-၁၁ မျိုးများကို လျာထားဧက ၆၈၆၁ ဧက၊ ဆီထွက်သီးနှံဖြစ်သည့် မိုးနှမ်းစိုက်ပျိုးခြင်းကို ၆၂၈၇ ဧက စိုက်ပျိုးရန်လျာထားလျက်ရှိရာ ဒေသခံတောင်သူများအနေဖြင့် ဆင်းရတနာ-၃၊ ဆင်းရတနာ-၁၄၊ မကွေးနှမ်းနက်မျိုးများကို အများဆုံးစိုက်ပျိုးကြမည်ဖြစ်သည်။

သဲကုန်းမြို့နယ်၌ မိုးပဲတီစိမ်း ရေဆင်း-၁၄ ဧက ၁၀၀၊ ဩဇီ ၃၄၉ ဧက စိုက်ပျိုးမည်ဖြစ်ပြီး လျာထားဧကပြည့်မီစေရေး၊ သီးနှံအထွက်နှုန်းကောင်းမွန်စေရေး မြို့နယ်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက အခြေခံစိုက်ပျိုးရေးနည်းစနစ်များနှင့် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ သွင်းအားစုပစ္စည်းများ အချိုးကျမှန်ကန်စွာ သုံးစွဲတတ်စေရေး ဒေသခံတောင်သူများကို အသိပညာပေးဟောပြောခြင်းများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

ဆီထွက်သီးနှံအများဆုံးစိုက်ပျိုးသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ပန်းတိုင်ရည်မှန်းချက်များအတိုင်း ထွက်ရှိစေရေး ဆောင်ရွက်မည်ဆိုပါက ပြည်တွင်းစားသုံးဆီဖူလုံမှုကို များစွာအထောက်အကူပြုမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရက စိုက်ပျိုးထုတ်လုပ်သူများအား လိုအပ်ချက်မရှိအောင် ကူညီဆောင်ရွက်ပေးလျက်ရှိရာ မိမိတို့၏စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေးကို အားသွန်ခွန်စိုက် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း သိရသည်။

**ကိုကျော်(သဲကုန်း)**



# ရတနာပုံဝတ္ထု

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

"မိမိရီတို့ ဒီနှစ် တောင်ပြုန်းပွဲသွားဦးမလား" ဟု မေးလျှင်–

မိမိရီမှာ ပြန်၍မပြောနိုင်ဘဲ စိတ်ကိုချုပ်တည်းလျက်နေရလေ၏။ ထိုအခါ မောင်ထွန်းမြတ်က "မေးတာမကြားဘူးလား မိမိရီရဲ့" ဟု ထပ်၍မေးပြန်လျှင် မိမိရီသည် ဘာကိုမှပြန်မပြောဘဲ ရှိုက်လျက်သာနေသည်ကို မြင်ရသောအခါ–

"အလို... ဘာဖြစ်လို့လဲ မိမိရီ၊ နေမကောင်းလို့လား"ဟု မေး၍

လက်ကိုယူ၍ စမ်းကြည့်လေ၏။ မိမိရီသည် လက်ကို ဖယ်ရုန်း၍ "ဘာဖြစ်လို့လဲတဲ့၊ ရှင်ကများ ဘာဖြစ်လို့လဲလို့ မေးရသေးသလားရှင်"ဟု ရှိုက်လျက်ပြောလျှင် မောင်ထွန်းမြတ်သည် အလွန်တရာအံ့ဩ၍ စကားမပြောနိုင်ဘဲရှိနေရာမှ မည်သို့နည်းနှင့်မသိ မိမိရီ၏အဖြစ်ကို အနည်းငယ်ရိပ်မိ၍ မချမ်းသာသော စိတ်နှင့်ရပ်ပြီး "ဘာဖြစ်တာလဲ မိမိရီရယ်၊ မိမိရီစိတ်ဆိုးစရာ ကျုပ်ဘာများလုပ်မိလို့ပါလဲ"

ရီ ။ ။"ကျွန်မစိတ်ဆိုးရင်ကော ရှင်က ဘာအရေးလုပ်စရာရှိသလဲ၊ ကျွန်မ အခုချက်ချင်းလဲသေသွားရင်ကော ရှင်အရေးလုပ်စရာလား၊ ကျွန်မက ရှင်နဲ့ ဘာဆိုင်လို့လဲ"

မြတ်။ ။ "တိုးတိုးပြောပါ မိမိရီ၊ သူများကြားသွားမှဖြင့် မိမိရီကို အလွဲထင်ကြလိမ့်မယ်"

ရီ ။ ။ "ဟုတ်တယ်၊ ကျွန်မစိတ်ညစ်ရင်ကော ရှင်ဘာပူစရာရှိသလဲ၊ စိတ်ညစ်တာများတော့ မပြောနဲ့တော့ ကိုထွန်းမြတ်ရေ၊ ကျွန်မဖြင့် ဒီနေရာမှာသာလဲပြီးသေလိုက်ချင်တယ်၊ နေလည်းနေချင်ပါဘူး၊ နေလို့လည်း အကျိုးမရှိပါဘူး"ဟုပြောလျှင် မောင်ထွန်းမြတ်မှာ လွန်စွာမှ နှလုံးမသာမယာဖြစ်ရာလေ၏။

မြတ်။ ။ "မိမိရီပြောတာ မရိပ်မိချင်ပြုလို့လည်း အပိုပဲ၊ သို့သော် မိမိရီရယ် ကျုပ်က ဒီလိုများအထင်ရောက်စေရအောင် ပြောမိဆိုမိဖူးသလား"

ရီ။ ။ "ရှင်က ဘာပြုလို့ ကျွန်မတို့အိမ်ကို ဒီလောက်တောင် ခဏခဏလာရသလဲ"ဟုပြောကာ လည်ပင်းကကြိုးကိုကိုင်ပြပြီး "ဒီရွှေကြိုးကို ဘာပြုလို့ဝယ်ပေးရသလဲ၊ ကျွန်မနဲ့ရှင်က မောင်နှမမျှမက ဘာပြုလို့ အကျွမ်းတဝင်နေရသလဲ၊ ဒီဟာတွေ အလကားပေါ့လေ"

မြတ်။ ။ "နေပါဦး မိမိရီရဲ့၊ အခု မိမိရီကပြောတဲ့အတိုင်း မောင်နှမလိုပဲအောက်မေ့ပြီး အကျွမ်းတဝင်နေမိပါတယ်၊ ဒီပြင်စိတ်လည်းဘယ်တော့မှ မဖြစ်ဖူး



ပါဘူး"

ရီ။ ။ "ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ ရှင်ကတော့ ဒီပြင်စိတ်လည်း ဘယ်တော့မှမရှိပါဘူး၊ ကျွန်မကရှိရင်လည်း ရှင်ကအရေးမလုပ်ပါဘူး သိပါပြီ၊ ရှင်က..."

မြတ်။ ။ "တိုးတိုး မိမိရီ တိုးတိုး၊ အခုဒီလိုဖြစ်ရတာ ကျုပ် အင်မတန်စိတ်နှလုံးမချမ်းသာ ဖြစ်ရပါတယ်၊ ကျုပ်လည်း ဒီအကြောင်း အခုမှပဲသိရပါတယ်၊ မိမိရီရယ် ယုံပါတော့၊ အမှန်ပြောရမှာဖြင့် မိမိရီကို နှမကလေးလိုသာ အောက်မေ့ခဲ့မိပါတယ်၊ မိမိရီ ထင်ယောင်ထင်မှားဖြစ်ရအောင် မတော်တဆပြောမိဆိုမိလို့ရှိရင်လည်း ဒီအတွက် အပုံကြီးဝမ်းနည်းပါတယ်" ဟုပြောလျှင် မိမိရီသည် စိတ်တွင်ရှိသမျှကို ပြောလိုက်ရပြီဖြစ်၍ အနည်းငယ်အမျက်ပြေလျက်–

ရီ။ ။ "အနို့ ရှင် သူနဲ့မတွေ့ရရင်ကော ဘယ့်နှယ်ရှိမလဲ"

မြတ်။ ။ "ဒါတော့မပြောတတ်ဘူး မိမိရီ၊ မောင်လိုနှမလို အောက်မေ့တယ်လို့ပြောပြီးပါပြီကော၊ မတွေ့ရင် ဘယ်လိုဆိုတာ ကျုပ်ဘယ့်နှယ်သိနိုင်မလဲ"

ရီ။ ။ "ကျွန်မက ဒါသိရရင် တော်ပါပြီ၊ အရပ်ထဲကတော့ ကျွန်မတို့နှစ်ယောက်အကြောင်း ပြောပြောနေကြတယ်၊ အခုတော့ ရှင်က ဒီလိုဆိုတော့ ကျွန်မကို သနားကြတယ်၊ ကျွန်မဖြင့် သေတာ သေလိုက်ချင်တာပဲ ကိုထွန်းမြတ်ရေ့"

မြတ်။ ။"ကျုပ်လည်း အပုံကြီးဝမ်းနည်းပါတယ် မိမိရီရယ်၊ ကျုပ် တတ်နိုင်တဲ့အရာများဖြင့် မိမိရီ ဒီလိုစိတ်ညစ်မခံစေရပါဘူး၊ ဒီဟာတွေ ဖျောက်ပစ်လိုက်ပါ၊ ဒီအကြောင်းတွေ စဉ်းစားမနေပါနဲ့၊ ဒီက ရှေ့ကို မောင်နှမအရင်းလိုပဲ တစ်ယောက်ကိုတစ်ယောက် ချစ်ခင်ကြတာပေါ့၊ တော်တော်ကြာတော့လည်းလေ မေ့ရမယ့်လူပေါ်လာတော့ မမေ့ပါနဲ့လို့ဆိုတောင် ရမှာမဟုတ်ပါဘူး"ဟု ပြောင်လှောင်၍ စကားစကို သတ်မိလျှင် မိမိရီသည် မောင်ထွန်းမြတ်၏ မျက်နှာကိုကြည့်လျက် "မပြောပါနဲ့ ကိုထွန်းမြတ်ရယ်၊ ကျွန်မ ဒီလိုသဘောမဟုတ်ဘူးနော်"ဟု ပြော၍ နောက်ထပ်စကားမပြောကြဘဲ လျှောက်လာကြရာ မိမိရီသည် မိမိပြောမိသမျှကို ပြန်၍စဉ်းစားမိသဖြင့်အလွန်ရှက်ဖွယ်ကောင်းပါတကားဟု အောက်မေ့ပြီး ဝမ်းနည်းခြင်းဖြစ်ရင်း ဝင်းပေါက်သို့ရောက်လျှင် "ကျွန်မ ဘယ့်နှယ်ဟာတွေများ လျှောက်ပြီးပြောမိပါလိမ့်မယ်ရှင်၊ ကျွန်မပြောတာတွေ ဂရုမစိုက်ပါနဲ့၊ မေ့ပစ်လိုက်ပါနော်"

"ကျုပ်ကဖြင့် အခုတောင် သတိမရဘူး၊ ကဲ...သွားပေတော့နော်၊ ဒေါ်ဒေါ့်လည်း ပြောလိုက်ပါ၊ မိုးချုပ်လို့ မဝင်သေးဘူးလို့"

"ဟုတ်ကဲ့ရှင်၊ သွားပေဦးတော့"

မောင်ထွန်းမြတ်လည်း အိမ်သို့အပြန်လမ်းတွင် မိမိရီ၏အကြောင်းကို စဉ်းစားလျက်လာရာ စိတ်နှလုံးမသာမယာရှိရှာ၏။ "ဟယ်... သို့သော် တော်တော်ကြာတော့ ငါပြောတဲ့အတိုင်း သူကြိုက်တာ တစ်ယောက်ပေါ်လာပြန်တော့ ငါ့ကို မေ့မှာပါပဲ၊ တစ်သက်လုံး လင်မယူဘူးလေး ဘာလေးဆိုတာတွေက အလကား၊ သူတို့ပြောရိုးပြောစဉ်မို့ ပြောတာပါ"စသည်ဖြင့် စဉ်းစားလာရာ–

"ကိုထွန်းမြတ်"ဟု ဝင်းပေါက်မှ ခေါ်လိုက်လျှင်–

"အလို... ခင်လား"

"ဟုတ်တယ်၊ ရှင်သွားတာကြာလွန်းလို့ ကျွန်မ လိုက်ကြိုမလို့"

"မောင် ပြန်မလာဘူးဟာလိုက်လို့ခင်ရယ်"

"ဝန်ထောက်ကြီးတို့နဲ့ ရှင်အင်မတန်ကျွမ်းသလား"

"ကျွမ်းဆို အမျိုးပဲ"

"မိမိရီကလေးက တယ်လှတယ်နော်၊ မလှဘူးလား"ဟု မေးရာ

–မောင်ထွန်းမြတ်လည်း ယခင်ကအဖြစ်ကို သတိရ၍ ရယ်လျှင်–

"လှတယ် မထင်ဘူးလား"

"လှတယ်၊ ဘာဖြစ်သလဲ ခင်လှရင်"

"လှလဲလှ၊ ဒီလောက်လည်း အကျွမ်းဝင်နေကြတာ မကြိုက်ခဲ့ဖူးဘူးလား"

"ဘာပြုလို့ ကြိုက်ရမှာတုံး၊ မောင်ကြိုက်တာက ဟောဒီမှာ"

■ ■ ■ ■ ■

**အခန်း (၁၃)**

မောင်ထွန်းမြတ်သည် ခင်စိန်ကြည်နှင့် အကြောင်းဆက်သည်မှာ နှစ်နှစ်ခန့်မျှကြာရှိလေ၏။ မဂျမ်းပုံလည်း မောင်ထွန်းမြတ်တို့နှင့် အတူနေထိုင်လျက်ရှိရာ ခင်စိန်ကြည်မှာ အိမ်ထောင်ရှင်ဖြစ်သော်လည်း အမည်မျှသာလျှင်ရှိ၍ မဂျမ်းပုံမှာ အစစအရာရာ၌ စီမံခန့်ခွဲလျက်ရှိလေ၏။ သို့ပင်ရှိသော်လည်း မဂျမ်းပုံသည် စီမံခန့်ခွဲရုံမျှနှင့် အေးခဲ့ပါလျှင် တော်ပါလေသေး၏။ ယခုမှာမူ ဤမျှလောက်နှင့်မကသေး။ ခင်စိန်ကြည်၏ရှေ့မှာပင် အကုန်အကျများကြောင်း၊ တချို့သူတို့ကလည်း လုပ်ဖော်ကိုင်ဖော်မရ၊ ထိုင်၍သာလျှင် စားဖော်ရကြောင်း၊ မောင်ထွန်းမြတ်မှာလည်း ပိုက်ဆံကြေးငွေချမ်းသာသော မိန်းမတစ်ယောက်နှင့် ရလောက်ပါလျက် စိတ်ကူးလွဲကြောင်း စသည်ဖြင့် မိန်းမတို့ပြောလေ့ရှိသည့်အတိုင်း စောင်းမြောင်းပြောဆိုလေလျှင် ခင်စိန်ကြည်မှာ များစွာစိတ်နှလုံးမချမ်းသာ၍ အနေကျပ်အထိုင်ကျပ်ရှိရှာ၏။ အစေခံတို့ကို အမိန့်ပေးရာ၌လည်း မဂျမ်းပုံသည် ခင်စိန်ကြည်ပေးပြီး အမိန့်ကိုဖျက်ပယ်၍ ဆန့်ကျင်ဘက်အမိန့်ပေးတတ်၏။

ဤသို့ ခဏခဏ နေ့ရှိသမျှဖြစ်ခဲ့ကြလျှင် ခင်စိန်ကြည်သည်သည်း မခံနိုင်လှသဖြင့် မောင်ထွန်းမြတ်အား မိမိတို့နှစ်ယောက်တည်း တသီးတသန့်နေထိုင်ကြရလျှင် သာ၍စိတ်ချမ်းသာမည်ထင်ကြောင်း ပြောရာ မောင်ထွန်းမြတ်သည် မိမိမယား၏အလိုကို နေရာတိုင်း၌ လိုက်ခဲ့သည်ဖြစ်သောကြောင့် အစ်မကြီးအား မိမိအိမ်သို့ပြန်၍နေထိုင်ရန် အကြောင်းပြောရာ မဂျမ်းပုံက "မင့်မိန်းမ အလိုလား၊ မင့်အလိုလား" ဟု မေးလေ၏။ **ဆက်လက်ဖော်ပြပါမည်။**

## တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦး လူငယ်ကိုယ်စားလှယ်များ MSME ပြခန်းပြသမည့် လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များနှင့်တွေ့ဆုံ



ထားဝယ် ဩဂုတ် ၃

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦးသည် နေပြည်တော်၌ကျင်းပမည့် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အခမ်းအနားနှင့် ဆက်စပ် အစီအစဉ်များဖြစ်သည့် လူငယ်စကားဝိုင်းသို့တက်ရောက်မည့် တနင်္သာရီတိုင်းဒေသကြီးမှ လူငယ်ကိုယ်စားလှယ်များ၊ MSME ပြခန်းပြသမည့် လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များနှင့်တွေ့ဆုံပွဲအခမ်းအနားကို ဩဂုတ်လ ၃ ရက်တွင် ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဇော်နိုင်ဦးက ယခုတွေ့ဆုံပွဲသို့တက်ရောက်လာကြသည့် လူငယ်ကိုယ်စားလှယ်များသည် တိုင်းဒေသကြီးအတွင်းရှိလူငယ်များစွာအနက် ဘာသာရပ်အလိုက်၊ လုပ်ငန်းအလိုက် ထူးချွန်ထက်မြက်ပြီး ဗဟုသုတ၊ အရည်အချင်းနှင့်ပြည့်စုံသောသူများကို စနစ်တကျရွေးချယ်ထားခြင်းဖြစ်သဖြင့် မိမိကိုယ်မိမိဂုဏ်ယူတန်ဖိုးထားကြရန်လိုအပ်ကြောင်း၊ စကားဝိုင်းဆွေးနွေးခြင်းနှင့် MSME ပြခန်းများ ပြသရာတွင် မိမိတိုင်းဒေသကြီး၏ ဂုဏ်သိက္ခာမြင့်မားရေးအတွက် ပြောဆိုပြုမူနေထိုင်ရန်လိုအပ်ကြောင်း၊ လူငယ်ဆိုသည်မှာ နိုင်ငံတစ်ခု၊ အဖွဲ့အစည်းတစ်ခု သို့မဟုတ် စနစ်တစ်ခု၏ အသက်သွေးကြောနှင့် အနာဂတ်ဖြစ်ကြောင်း၊ ခေတ်နှင့်အညီ ပြောင်းလဲနေသည့်နည်းပညာများ၊ ဗဟုသုတများနှင့် ဘဝအတွက်လိုအပ်သည့် ကျွမ်းကျင်မှုများကို မဖြစ်မနေလေ့လာဆည်းပူးနေကြရမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီးဦးသက်နိုင်က အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ သွားရောက်နိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး လူငယ်ကိုယ်စားလှယ်များ၊ MSME ပြခန်းပြသမည့် လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များက တိုင်းဒေသကြီးအတွင်းမှ ထွက်ရှိသည့် MSME လုပ်ငန်းများ၊ ပြသမည့် Product များနှင့် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ဆွေးနွေးတင်ပြကြရာ ဝန်ကြီးချုပ်က ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ကျော်ကျော်လတ်**

# ပြည်သူအားလုံး စုစည်းညီညွတ်ဖို့လို

**ညီညွတ်ဖို့ဆိုရင် စည်းကမ်းကိုနားလည်ဖို့လိုတယ်။ ဥပဒေကိုနားလည်ဖို့လိုတယ်။ ဒါဆို အသိပညာ၊ အတတ်ပညာတွေ ကျွန်တော်တို့ ရအောင်လုပ်ပါမယ်။ ဒီလိုနဲ့ပေါင်းစပ်ပြီးလုပ်မှာဖြစ်ပါတယ်။ ဒါကြောင့် အင်မတန်အရေးကြီးပါတယ်။ တိုင်းပြည်တိုးတက်ဖို့ဆိုရင် တိုင်းပြည်မှာရှိတဲ့ ပြည်သူလူထုအားလုံး စုစည်းညီညွတ်ဖို့လိုပါတယ်။**

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၄ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏မေးမြန်းမှုများဖြေကြားချက်မှကောက်နုတ်ချက်)

## မြန်မာနိုင်ငံ အခြေခံပညာရေးသမိုင်းကို ပြုစုဆောင်ရွက်သွားမည်



နေပြည်တော် ဩဂုတ် ၃

ပညာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ၏ ပညာရေးသမိုင်းနှင့် ယဉ်ကျေးမှုတန်ဖိုးများကို မျိုးဆက်သစ်များသိရှိနားလည်ပြီး တန်ဖိုးထားထိန်းသိမ်းရန်၊ ခေတ်အလိုက် သမိုင်းမှတ်တမ်းတင်ထားမှုများကို ခိုင်ခိုင်မာမာပြသသွားနိုင်ရန်၊ မြန်မာတို့၏ ဘုန်းတန်ခိုးကြီးမားခဲ့သည့် သမိုင်းဖြစ်ရပ်များကို မြင်တွေ့ခံစားနိုင်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံ အခြေခံပညာရေးသမိုင်းကို ပြုစုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က ယနေ့ပြောကြားသည်။

ထိုသို့ပြုစုဆောင်ရွက်သွားနိုင်ရန်အတွက် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန၌ မြန်မာ့အခြေခံပညာရေး သမိုင်းပြုစုရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပစဉ် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါအစည်းအဝေးတွင် ပညာရေးသမိုင်းနှင့်ပတ်သက်၍ ပဒေသရာဇ်ခေတ်ပညာရေးစနစ်အခြေအနေ၊ ကိုလိုနီခေတ်ပညာရေးစနစ်၏ ပြောင်းလဲမှုများနှင့် လွတ်လပ်ရေးရပြီး မြန်မာနိုင်ငံပညာရေးအခြေအနေကို ရေးသားပြုစုနိုင်ရန် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့်ဦးနေမျိုးလှိုင်၊ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ သမိုင်းပညာရှင် ဆရာကြီး၊ ဆရာမကြီးများ၊ တက္ကသိုလ်များမှ သမိုင်းဘာသာရပ် ဆရာကြီး၊ ဆရာမကြီးများက ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြဝတီ



## အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ သွေးစည်းညီညွတ်ရေးအစီအစဉ်ဖြင့်ဖွင့်လှစ်မည့် တိုက်ကွမ်ဒိုနည်းပြသင်တန်း(အဆင့်-၁) ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဩဂုတ် ၃

အိုလံပစ်သွေးစည်းညီညွတ်ရေးအစီအစဉ်သည် အဖွဲ့ဝင်နိုင်ငံများ၏အားကစားဖွံ့ဖြိုးတိုးတက်ရေး၊ အားကစားသမားနှင့်နည်းပြများ၏အရည်အသွေးမြှင့်တင်ရေးကို အဓိကပံ့ပိုးပေးနေသည့် အစီအစဉ်တစ်ခုဖြစ်ကြောင်း၊ ကမ္ဘာ့တိုက်ကွမ်ဒိုအဖွဲ့ချုပ်ကကျင်းပသည့် အဆင့်သတ်မှတ်ချက်ပြိုင်ပွဲများနှင့် ၁၉၈၉ ခုနှစ် (၁၅)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှစ၍ ၂၀၂၅ ခုနှစ် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအထိ ရွှေတံဆိပ် ၉၅ ခု၊ ငွေတံဆိပ် ၈၉ ခု၊ ကြေးတံဆိပ် ၂၁၅ ခု တို့ကို နိုင်ငံတော်အတွက် ဆွတ်ခူးရယူပေးနိုင်ခဲ့သည်ကိုတွေ့ရကြောင်း၊ ၂၀၂၇ ခုနှစ်တွင် ကျင်းပမည့် နိုင်ငံတကာပြိုင်ပွဲများ၊ သက်တမ်းအလိုက်ပြိုင်ပွဲများနှင့်မလေးရှားနိုင်ငံ၌ကျင်းပမည့်(၃၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးတွင် အောင်မြင်မှုများရရှိရန် ကြိုးစားကြစေလိုကြောင်း မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက တိုက်ကွမ်ဒိုနည်းပြသင်တန်း(အဆင့်-၁) ဖွင့်ပွဲအခမ်းအနားတွင် တိုက်တွန်းပြောကြားသည်။

အဆိုပါသင်တန်းကို အပြည်ပြည်ဆိုင်ရာအိုလံပစ်ကော်မတီ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ၊ ကမ္ဘာ့တိုက်ကွမ်ဒိုအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်တို့ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာအိုလံပစ်ကော်မတီ သွေးစည်းညီညွတ်ရေးအစီအစဉ်ဖြင့် နေပြည်တော်ရှိအားကစားလေ့ကျင့်ရေးစခန်း(Gold Camp) ဘက်စုံသုံးခန်းမ၌ ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

တိုက်ကွမ်ဒိုနည်းပြသင်တန်း(အဆင့်-၁)တွင် ကမ္ဘာ့တိုက်ကွမ်ဒိုအဖွဲ့ချုပ်မှ တာဝန်ပေးအပ်ထားသည့်ကမ္ဘာ့တိုက်ကွမ်ဒိုကကွက်ဒိုင်ဥက္ကဋ္ဌ အမေရိကန်နိုင်ငံသား ကိုရီးယားလူမျိုးပရော်ဖက်ဆာ Jun Cheol Yoon က သင်တန်းနည်းပြအဖြစ် ဆောင်ရွက်မည်ဖြစ်ပြီး လေ့ကျင့်ပေးမည့်နည်းစနစ်များ၊ လေ့ကျင့်မှုပုံစံများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ဩဂုတ်လ ၃ ရက်မှ ၇ ရက်အထိ ငါးရက်ကြာဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသား ၂၅ ဦး၊ သင်တန်းသူ ၁၃ ဦး တက်ရောက်ကြကြောင်း သိရသည်။

မြဝတီ

## မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ၂၀၂၄ ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ



ရန်ကုန် ဩဂုတ် ၃

မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ကကြီးမှူး၍ SAE PAING Development Ltd. နှင့် Phyo Si Thu Teak Plantation (Myanmar) တို့မှ အဓိကကူညီပံ့ပိုးသော မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ၂၀၂၄ ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဝါသနာရှင်အဆင့်(Amateur)၊ ဝါသနာရှင်အဆင့် သက်ကြီးတန်း (Senior Amateur) အဆင့် ဂေါက်သီးရိုက်ပြိုင်ပွဲများ၏ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ရန်ကုန်ဂေါက်ကွင်း(တည်ငြိမ်ရေး)၌ ကျင်းပရာ မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်၊ SAE PAING Development Ltd. နှင့် Phyo Si Thu Teak Plantation (Myanmar) တို့မှ တာဝန်ရှိသူများ၊ ရန်ကုန်ဂေါက်ကွင်းမှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေး၊ ဒုတိယဥက္ကဋ္ဌနှင့် World Handicap ဆပ်ကော်မတီဥက္ကဋ္ဌ ဦးဇာနည်ဝင်း၊ ဒုတိယဥက္ကဋ္ဌနှင့်သက်ကြီးတန်းဝါသနာရှင်အဆင့်ဆပ်ကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ရွှေတို့က အလှည့်ကျဂေါက်သီးရိုက်၍ဖွင့်လှစ်ပေးပြီး ပထမနေ့ ၁၈ ကျင်း ပြိုင်ပွဲကို စတင်ယှဉ်ပြိုင်ကြသည်။

ယနေ့ပြိုင်ပွဲသို့ ဝါသနာရှင်အဆင့် (Amateur) ကစားသမား ၁၀၈ ဦး၊ သက်ကြီးတန်းဝါသနာရှင်အဆင့် (Senior Amateur) ကစားသမားအသက် ၅၅ နှစ်မှ ၆၀ နှစ်အထိ ၁၉ ဦး၊ ၆၁ နှစ်မှ ၆၅ နှစ်အထိ ၂၀ ဦး၊ ၆၆ နှစ်မှ ၇၅ နှစ်အထိ ၁၂ ဦးပါဝင်ပြီး စုစုပေါင်းကစားသမား ၁၅၉ဦးတို့ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲကို မျိုးဆက်သစ်ဂေါက်သီးအားကစားသမားများ၏လက်ရည်အဆင့်အတန်းတိုးတက်လာစေရန်နှင့် နိုင်ငံတကာအဆင့်မီယှဉ်ပြိုင်နိုင်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

ပြိုင်ပွဲကို ရန်ကုန်မြို့ရှိရန်ကုန်ဂေါက်ကွင်း (တည်ငြိမ်ရေး)၌ ၂၀၂၄ ခုနှစ် ဩဂုတ်လ ၃ရက်မှ ၆ ရက်အထိ လေးရက်ကြာပြုလုပ်မည်ဖြစ်ပြီး ယခုပြိုင်ပွဲကို Burmese Golf (BG)၊ ဦးစိုး(ရွှေဝါတောင်ကုမ္ပဏီလီမိတက်)၊ Alpine သောက်ရေသန့်နှင့် Alpine Vitamin Drink တို့ကလည်း ထပ်မံကူညီပံ့ပိုးပေးကြကြောင်း သိရသည်။ မြဝတီ

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄°c | / | ၃၀°c |
| ရန်ကုန် | ၂၄°c | / | ၃၂°c |
| မန္တလေး | ၂၅°c | / | ၃၆°c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)တို့ တွေ့ဆုံဆွေးနွေး



နေပြည်တော် ဩဂုတ် ၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးဆောင်သည့်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီသည်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖော်ဆောင်ရာတွင် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန် အထူးလိုအပ်သည်ဟု ယုံကြည်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်ကန့်သတ်ချက်များမထားသည့် ဆွေးနွေးပွဲများပြုလုပ်နိုင်ရန် ကြေညာချက်အမှတ် ၁/၂၀၂၆ ဖြင့် ၂၀၂၆ ခုနှစ် ဧပြီလ ၂၁ ရက်က ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။

ထိုသို့ဖိတ်ခေါ်ချက်အရ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ Horizon Lake View ဟိုတယ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP) ဒုတိယဥက္ကဋ္ဌ ဦးကျောက်ကော်အန်း၊ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် ဦးပေါက်အိုက်ခမ်း၊ ၁၇၁ စစ်ဒေသနိုင်ငံရေးမှူး ဦးထင်ဆမ်ရှန်း၊ တပ်မဟာ ၄၈၅ တပ်မဟာမှူး ဦးပေါက်ကျွင်းလုံ၊ တပ်မဟာ ၄၆၈ နိုင်ငံရေးမှူး ဦးကျောက်ရှောက်ဖူ၊ ဒုတိယစစ်ဦးစီးမှူး ဦးလီကော်ဖျင်နှင့် လားရှိုးဆက်ဆံရေးရုံးတာဝန်ခံ ဦးကျောက်ညီရှန်းတို့ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ယနေ့တွေ့ဆုံဆွေးနွေးပွဲသည်အစိုးရသစ်တက်လာပြီးနောက်ပိုင်း "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP) နှင့် ဒုတိယအကြိမ်တွေ့ဆုံဆွေးနွေးခြင်းဖြစ်ကြောင်း၊ ညှိနှိုင်းရေးကော်မတီအနေဖြင့် ပန်ဆန်းမြို့ တွေ့ဆုံဆွေးနွေးပွဲမှဆွေးနွေးခဲ့သည့် ဒေသဖွံ့ဖြိုးရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များအား ဆက်လက်တင်ပြပေးခဲ့ကြောင်း၊ "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP) နှင့် ပိုမိုကောင်းမွန်သည့် နိုင်ငံရေးအခင်းအကျင်းများရရှိလာရေးအတွက်အသေးစိတ်ဆက်လက်ဆွေးနွေးပေးစေလိုကြောင်းနှင့် လိုအပ်သည့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့်ဒေသဖွံ့ဖြိုးရေးကိစ္စများကို ပွင့်ပွင့်လင်းလင်းဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP) ဒုတိယဥက္ကဋ္ဌ ဦးကျောက်ကော်အန်းက နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင် နိုင်ငံတော်သမ္မတရာထူးတာဝန်ထမ်းဆောင်ခြင်းကို ထပ်လောင်းဂုဏ်ပြုအပ်ပါကြောင်း၊ ပြည်ထောင်စုမပြိုကွဲရေးဟူသော အခြေခံမူကို တစိုက်မတ်မတ်စောင့်ထိန်းကာ ပြည်ထောင်စုစနစ်အတွင်း အခြေပြု၍ နိုင်ငံတော်ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအပေါ် လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုများဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့သည် နိုင်ငံတော်အစိုးရက ရှေ့ဆက်လက်ဆောင်ရွက်လျက်ရှိသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ထောက်ခံပြီး သဘောထားကွဲလွဲမှုများကို ဖြေရှင်းနိုင်ရန် အမြဲလိုက်နာကျင့်သုံးလျက်ရှိကြောင်းနှင့် ပြည်သူလူထု၏လုံခြုံမှုကို အခြေခံအုတ်မြစ်အဖြစ်ခိုင်မာစေကာ မူးယစ်ဆေးဝါး၊ အွန်လိုင်းလိမ်လည်မှုစသည့် အမျိုးမျိုးသောပြစ်မှုဆိုင်ရာများကိုပြင်းပြင်းထန်ထန် တိုက်ဖျက်နှိမ်နင်းသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ညှိနှိုင်းရေးကော်မတီဝင် ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်း(ငြိမ်း)က "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP) ၏ နိုင်ငံရေးလိုလားချက်နှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်မည့်အစီအမံများကို ဆွေးနွေးသည်။

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး(အငြိမ်းစား)က နိုင်ငံတော်အစိုးရ ရှေ့ဆက်လက်ဆောင်ရွက်နေသည့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်တွင် ပိုမိုပါဝင်နိုင်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ မူဘောင်ကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများက ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စများကို အပြန်အလှန်ဆွေးနွေးကြသည်။

ဆက်လက်၍အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က ၂၀၂၆ ခုနှစ် ဇွန်လ ၁၈ ရက်က ပန်ဆန်းမြို့၌ NSPNC ဥက္ကဋ္ဌအဖွဲ့နှင့် UWSP အဖွဲ့တို့ တွေ့ဆုံဆွေးနွေးမှုတွင် နှစ်ဖက်အကြား အဆင့်မြင့်တိုက်ရိုက်ဆက်သွယ်ဆက်ဆံမှု ပိုမိုမြှင့်တင်နိုင်ခဲ့ပြီး နေပြည်တော်သို့ရောက်ရှိဆွေးနွေးနိုင်မှုအဆင့်ထိ ရောက်ရှိစေခဲ့ကြောင်း၊ NSPNC နှင့် UWSP အကြား ဆက်သွယ်ရေးလမ်းကြောင်းတစ်ခုထားရှိခြင်းဖြင့် ကျန်းမာရေး၊ ပညာရေး၊ ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များ အကောင်အထည်ဖော်မှုအပေါ် ပိုမိုအထောက်အကူဖြစ်စေပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးသို့ ဦးတည်ရောက်ရှိစေနိုင်မည်ဖြစ်ကြောင်း လက်တွေ့ပူးပေါင်းဆောင်ရွက်မှုအပေါ်အခြေခံပြီး လက်တွေ့ကျသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဖော်ဆောင်နိုင်ရေးတို့ကိုဆွေးနွေးပြီး ဆွေးနွေးပွဲပထမနေ့ကို ရပ်နားလိုက်သည်။

ဆွေးနွေးပွဲ ဒုတိယနေ့ကို ဩဂုတ်လ ၄ ရက်**(ယနေ့)**တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

# အိမ်မဲမြို့၌ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် လှုပ်ရှားမှုများအထိမ်းအမှတ်ဖွင့်ပွဲကျင်းပ

အိမ်မဲ ဩဂုတ် ၃

ပြည်သူများ အာဟာရဆိုင်ရာအသိပညာတိုးပွားလာစေရန်၊ အာဟာရချို့တဲ့မှုကို ကာကွယ်လျှော့ချရန်နှင့် ကျန်းမာသန်စွမ်းသော လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုများအထိမ်းအမှတ်ဖွင့်ပွဲအခမ်းအနားကို အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် အိမ်မဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ကိုကိုဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဆုဝေထွန်းက အာဟာရဖွံ့ဖြိုးရေးနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်ဖွေးဖွေးသန့်စင်က အာဟာရအုပ်စုများအကြောင်းကို Power Point ဖြင့် ရှင်းလင်းပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ကိုကိုဦး၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မူယာစိုး၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဆုဝေထွန်းတို့က နို့တိုက်မိခင်များအား တစ်ကိုယ်ရေသုံးပစ္စည်းများနှင့် အာဟာရပစ္စည်းများကို ပေးအပ်သည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်တာဝန်ရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များတက်ရောက်ကြကြောင်းသိရသည်။

ချစ်သက်လယ်(ပြန်/ဆက်)

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊
တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက
တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# မြောင်းမြမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စားဖိုဆောင်သီးနှံ လျာထားကေအားလုံးစိုက်ပျိုးပြီးစီး

မြောင်းမြ ဩဂုတ် ၃

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စားဖိုဆောင်သီးနှံ လျာထားကေ ၂၆၀၀ ကို ယခုနှစ် မေလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် လျာထားကေအားလုံး စိုက်ပျိုးပြီးဖြစ်ကြောင်း၊ အဆိုပါ စားဖိုဆောင်သီးနှံများ အထွက်နှုန်းတိုးတက်လာစေရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



"စားဖိုဆောင်သီးနှံတွေ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့ တောင်သူတွေနဲ့ စိုက်ပျိုးရေးဦးစီးဌာနအပြင် ဆက်စပ်ဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ စားဖိုဆောင်သီးနှံ လျာထားကေ ၂၆၀၀ စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိကေအားလုံး စိုက်ပျိုးပြီးဖြစ်ပါတယ်၊ စိုက်ပျိုးပြီးဖြစ်တဲ့သီးနှံတွေ အောင်မြင်ဖြစ်ထွန်းစေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့ စိုက်ပျိုးရေးဦးစီးဌာနက စိုက်ခင်းတွေအရောက် ကွင်းဆင်းအသိပညာပေးဆောင်ရွက်နေပါတယ်၊ တောင်သူတွေကလည်း စိုက်ပျိုးတဲ့သီးနှံတွေ အထွက်နှုန်းတိုးဖို့၊ မျိုးစေ့တွေအသုံးပြုတာမှန်ကန်စေဖို့ တောင်သူအသိပညာပေးလုပ်ငန်းတွေမှာ ပူးပေါင်းဆောင်ရွက်နေပါတယ်" ဟု မြောင်းမြခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောသည်။

မြောင်းမြမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စားဖိုဆောင်သီးနှံကေ ၂၆၀၀ ကို ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရေး ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ စားဖိုဆောင်သီးနှံကေ ၂၆၀၀ တွင် ငရုတ်၊ မုန်ညင်း၊ ချဉ်ပေါင်၊ ဂေါ်ဖီ၊ နံနံပင်၊ မုန်လာ၊ ခရမ်း၊ သဘော်သီး၊ ကန်စွန်း၊ ကြက်ဟင်းခါး၊ ပဲပုစွန် စသည့် သီးနှံများကို အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။

သုတကျော်

# ကျေးရွာလူထု၏ စည်းလုံးညီညွတ်မှုအားဖြင့် ကျေးရွာဘက်စုံဖွံ့ဖြိုးရေး ဆောင်ရွက်ရမည်



နေပြည်တော် ဩဂုတ် ၃

ကျေးရွာလူထု၏ စည်းလုံးညီညွတ်မှုအားဖြင့် ကျေးရွာဘက်စုံဖွံ့ဖြိုးရေး၊ မိသားစုဝင်ငွေတိုးပွား၍ လူမှုစီးပွားဘဝဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သမဝါယမစနစ်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စနစ်ကျသောစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖြစ်စေရေးနှင့် အသင်းသားတောင်သူများ စိုက်ပျိုးသည့် သီးနှံအလိုက်လိုအပ်သည့် သွင်းအားစုများအချိန်မီရရှိရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းက ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ဇောင်ချမ်းကုန်းကျေးရွာခန်းမ၌ သမဝါယမအသင်းသားတောင်သူများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံစဉ် ပြောကြားသည်။

ထို့ပြင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့်ဆောင်ရွက်နေသည့် ဝက်မွေးမြူရေးလုပ်ငန်း၊ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း (RBF)စီမံကိန်းရန်ပုံငွေဖြင့် အစုအဖွဲ့စနစ် ကျွဲမွေးမြူရေးလုပ်ငန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့် ဖွင့်လှစ်ခဲ့သည့် စက်ချုပ်သင်တန်းတက်ရောက်အောင်မြင်ပြီး တစ်နိုင်တစ်ပိုင်စက်ချုပ်လုပ်ငန်းတို့ကို ကြည့်ရှုအားပေးခဲ့ကြောင်းသိရသည်။

မြဝတီ

# အင်အားပြင်း မန္တလေးငလျင်ကြီးဒဏ်ခံခဲ့ရသည့်နယ်မြေဒေသများ ပြန်လည်ထူထောင်ရေး ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီ (၂/၂၀၂၆) အစည်းအဝေးကျင်းပ



နေပြည်တော် ဩဂုတ် ၃

ချေးငွေအစီအစဉ်တွင် ခွင့်ပြုထားသည့် ဘဏ် ၁၀ ဘဏ်နှင့် Finance Company နှစ်ခုအနက် ယနေ့အစည်းအဝေးတွင် ဘဏ်ခြောက်ဘဏ်နှင့် Finance Company တစ်ခုတို့မှ တင်ပြလာသည့် ချေးငွေအမှုတွဲ ၁၁ ခုကို တင်ပြခဲ့ရာ နိုင်ငံ့ဝန်ထမ်း သုံးဦးနှင့် လုပ်ငန်း ခုနစ်ခု အပါအဝင် စုစုပေါင်းချေးငွေ ၁၀ ခု အတွက်ချေးငွေပမာဏငွေကျပ် ၆ ဒသမ ၈၆ ဘီလီယံကို ဗဟိုကော်မတီအဖွဲ့ဝင်များက စိစစ်အတည်ပြုခဲ့ကြောင်း အင်အားပြင်း မန္တလေးငလျင်ကြီးဒဏ်ခံခဲ့ရသည့် နယ်မြေဒေသများပြန်လည်ထူထောင်ရေး ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီ (၂/၂၀၂၆) အစည်းအဝေးမှ သိရသည်။

အစည်းအဝေးကို ယနေ့မွန်းလွဲ၂နာရီတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် (နေပြည်တော်) ဇမ္ဗူသီရိခန်းမ၌ကျင်းပရာ ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦးက အင်အားပြင်းမန္တလေးငလျင်ကြီးကြောင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ် ခြောက်ခုမှ နိုင်ငံ့ဝန်ထမ်းများအပါအဝင် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရကြောင်း၊ ပြည်သူများ စီးပွားရေးလုပ်ငန်းများပြန်လည်တည်ဆောက်ရေးအတွက် နိုင်ငံတော်မှ ထည့်ဝင်ပံ့ပိုးသောရန်ပုံငွေဖြင့် ချေးငွေအစီအစဉ်များ ပံ့ပိုးနိုင်ရန်အတွက် ယခုရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီကို ဖွဲ့စည်းတာဝန်ပေးထားခြင်းဖြစ်ကြောင်း၊ ဗဟိုကော်မတီအနေဖြင့် လုပ်ငန်းအဖွဲ့က စိစစ်တင်ပြလာသောချေးငွေများကို ချေးငွေဆိုင်ရာ စံပြုလုပ်ငန်းစဉ် (SOP) ပါ စံသတ်မှတ်ချက်များနှင့်အညီ စိစစ်၍ ဆုံးဖြတ်ပေးကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ၏ဦးစားပေးဆောင်ရွက်ရမည့်စီမံကိန်းများဖြစ်သည့်အတွက် အောင်မြင်မှုရရှိအောင်ဆောင်ရွက်နိုင်ရန်လိုအပ်ကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ ရန်ပုံငွေ ကြီးကြပ်မှုဗဟိုကော်မတီအဖွဲ့ဝင်များဖြစ်သည့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး၊ ဒုတိယစာရင်းစစ်ချုပ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့မှ တာဝန်ရှိသူများနှင့် အထောက်အကူပြုလုပ်ငန်းအဖွဲ့ဝင်များ တက်ရောက်ကြကြောင်းသိရသည်။

မြဝတီ

# ပွင့်ဖြူမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးသည့် ပိန်းဥများ အောင်မြင်ဖြစ်ထွန်း

ပွင့်ဖြူ ဩဂုတ် ၃

တောင်သူများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ရာတွင် တစ်နှစ်ထက်တစ်နှစ်ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးသည့် ပိန်းဥများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ရာသီစာပိန်းဥစိုက်ပျိုးရေးလုပ်ငန်းကို ဒေသခံတောင်သူများက သီးနှံဝင်ငွေတိုးပွားရေးအတွက် မိုးသီးနှံအဖြစ် အားထားစိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးပြီးခြောက်လကြာပါက ရောင်းတမ်းဝင်ပိန်းဥများကို တူးဖော်ရောင်းချရကြောင်းနှင့် ယခုနှစ်တွင် ဒေသခံတောင်သူများ စိုက်ပျိုးထားသော ပိန်းဥများမှာ ပိုးမွှားရောဂါကျရောက်မှုမရှိသဖြင့် အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

"ပိန်းဥကို သီးနှံဝင်ငွေတိုးပွားစေဖို့အတွက် တောင်သူတွေက နှစ်စဉ်မိုးရာသီမှာ အားထားစိုက်ပျိုးကြပါတယ်။ ပိန်းဥစိုက်ပျိုးရေးနဲ့ပတ်သက်ပြီး အထွက်နှုန်းကောင်းအောင် ရေမြေဒေသနဲ့ ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးကြဖို့၊ သွင်းအားစုတွေ စနစ်တကျသုံးစွဲကြဖို့နဲ့ ပိုးမွှားရောဂါကျရောက်မှု ကင်းရှင်းစေဖို့စတဲ့ အသိပညာပေးလုပ်ငန်းတွေကို ကွင်းဆင်းဆောင်ရွက်ပေးပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်၌ ပိန်းဥစိုက်ပျိုးရေးလုပ်ငန်းကို သရက်အုပ်ကျေးရွာ၊ ယောစုကျေးရွာ၊ ရွာသစ်ကျေးရွာ၊ ပိန္နဲတောကျေးရွာ၊ ဒေးဒရဲကျေးရွာ၊ သာစည်ကျေးရွာတို့နှင့် မုန်းချောင်းဘေးတစ်လျှောက်ရှိ ကျေးရွာများ၌ ဒေသခံတောင်သူများက သီးနှံဝင်ငွေတိုးပွားရေးအတွက် စီးပွားဖြစ်စိုက်ပျိုးကြကြောင်း၊ ယခုနှစ်တွင် ပိန်းဥစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး တူးဖော်ချိန်တွင် ဈေးကောင်းရရှိရန် တောင်သူများမျှော်လင့်နေကြောင်းသိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

# အကြမ်းဖက်သောင်းကျန်းသူများကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် စာသင်ဆောင်များနှင့် ဝန်ထမ်းအိမ်ရာများ ပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိ



လွိုင်ကော် ဩဂုတ် ၃

ကယားပြည်နယ် လွိုင်ကော်မြို့အတွင်း အကြမ်းဖက်သောင်းကျန်းသူများကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း သဇင်စာသင်ဆောင်နှင့် ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန လေးခန်းတွဲနှစ်ထပ် ဝန်ထမ်းအိမ်ရာများကို အမြန်ဆုံးပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိပြီး ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လေးခန်းတွဲသုံးထပ် ဝန်ထမ်းအိမ်ရာအသစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအုံ့မော်သည် ယနေ့ နံနက်ပိုင်းတွင် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း သဇင်စာသင်ဆောင် ပြုပြင်ဆောင်ရွက်နေမှု၊ ပြန်လည်ပြုပြင်ရန်လိုအပ်သည့် စာသင်ဆောင်ငါးဆောင်နှင့် အလျားပေ ၁၄၀၊ အနံပေ ၃၀ ရှိ သံကူကွန်ကရစ်နှစ်ထပ် ကျောင်းဆောင်သစ် တည်ဆောက်မည့်နေရာကိုလည်းကောင်း၊ ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန လေးခန်းတွဲနှစ်ထပ် ဝန်ထမ်းအိမ်ရာ အကြီးစားပြုပြင်နေမှုနှင့် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လေးခန်းတွဲသုံးထပ် ဝန်ထမ်းအိမ်ရာအသစ်တည်ဆောက်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ရန် မှာကြားခဲ့ကြောင်းသိရသည်။

ပြည်နယ်(ပြန်/ဆက်)

# (၃-၈-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၁.၅ ~ ၃၆၆၃ | ၅၅၇ ~ ၅၅၈ | ၁၂၅.၅ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏ | ၇,၈၈၅,၅၈၈.၈၈ | ၂,၉၀၂,၈၇၄.၀၁ | ၂၅,၉၆၀,၅၆၀.၀၇ | - |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့်ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စက်မှုကုန်ကြမ်း၊ ဓာတ်မြေဩဇာ၊ ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ တိရစ္ဆာန်အစာ၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ အီလက်ထရောနစ်ပစ္စည်းများ တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ အမေရိကန်ဒေါ်လာ ၁.၆၅ သန်းအား စားသုံးဆီကဏ္ဍသို့ ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

တစ်အိမ်လုံးတွင် မည်သူမျှမရှိချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှုအားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကိုချွေတာသုံးစွဲပါ။

# မိုးရာသီနှင့်ရာသီတုပ်ကွေးရောဂါသိကောင်းစရာ

မိုးရာသီရောက်ပြီဆိုလျှင် မိုးနှင့်အတူ ရာသီတုပ်ကွေးရောဂါပါလာတတ်သည်။ ရာသီတုပ်ကွေးရောဂါသည် Influenza ဗိုင်းရပ်စ်ကြောင့်ဖြစ်ရသည်။

ရာသီတုပ်ကွေးဗိုင်းရပ်စ် Influenza တွင် A၊ B၊ C ဟူ၍ အုပ်စုသုံးမျိုးခွဲခြားနိုင်သည်။ အုပ်စု (A) တွင် H1N1 နှင့် H3N2 ပါဝင်သည်။ ယင်းသည် လူကို အဓိက ကူးစက်သည့် မျိုးစိတ်နှစ်မျိုးဖြစ်သည်။ အုပ်စု(B)တွင် မျိုးစိတ်များစွာရှိသည်။ အုပ်စု(C)သည် ကူးစက်ခြင်းနည်းပါးပြီး ရံဖန်ရံခါသာကူးစက်သည်။

နှစ်စဉ်ဖြစ်ပွားသော တုပ်ကွေးရောဂါများကိုကြည့်လျှင် H1N1 နှင့် H3N2 ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားသည်ကို တွေ့ရသည်။ ယင်းဗိုင်းရပ်စ်ပိုးသည် ကမ္ဘာတစ်ဝန်းတွင်လည်း ကူးစက်နေပြီး လူကြီးလူငယ်မရွေး ကူးစက်နိုင်သည်။

**"နှစ်နှစ်အောက်ကလေးငယ်များ၊ အသက်အရွယ်ကြီးသူများ၊ ကိုယ်ဝန်ဆောင်များနှင့် ရောဂါအခံရှိသူများတွင် ရောဂါကူးစက်မှုအများဆုံးဖြစ်သည်။ လက်မှတစ်ဆင့်လည်း ကူးစက်နိုင်သောကြောင့် နှာချေ၊ ချောင်းဆိုးသည့်အခါ လက်ကိုင်ပဝါနှင့်အုပ်၍ စနစ်တကျဆောင်ရွက်သင့်သည်။ လူထူထပ်သည့်နေရာများတွင် ချောင်းဆိုး၊ နှာချေပါက လက်ကိုင်ပဝါဖြင့်အုပ်၊ တံတောင်ကွေးကိုအသုံးပြု၍ ချေသင့်သည်။ ထို့ကြောင့် တုပ်ကွေးဖြစ်နေသူများအနေဖြင့် အိမ်တွင်သာ နားနားနေနေ နေသင့် . . ."**

### ဖြစ်ပွားနိုင်ခြေများသော အခြေအနေ

ရာသီဥတုအေးသော နိုင်ငံများ၌ ဆောင်းရာသီတွင် ဖြစ်ပွားလေ့ရှိသည်။ မြန်မာနိုင်ငံ၌ စိုစွတ်သောမိုးရာသီတွင် အဖြစ်များသည်။ သွေးလွန်တုပ်ကွေးရောဂါနှင့် ရာသီတုပ်ကွေးရောဂါနှစ်ခုသည် တစ်ပြိုင်နက်တွေ့ရသည်။

### တုပ်ကွေးရောဂါလက္ခဏာများ

တုပ်ကွေးဗိုင်းရပ်စ်ပိုးစတင်ကူးစက်ခံရပြီး နှစ်ရက်အတွင်း ရုတ်တရက် ချမ်းတုန်ပြီး ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ခေါင်းကိုက်ခြင်း၊ အဆစ်အမျက်နှင့် ကြွက်သားများ နာကျင်ကိုက်ခဲခြင်း၊ လည်ပင်းနာခြင်း၊ နှာစေးခြင်း၊ ချောင်းဆိုးခြင်းလက္ခဏာများ ဖြစ်ပေါ်လာသည်။

ချောင်းဆိုးခြင်းကို ပြင်းထန်စွာခံစားရပြီး(၂-၃)ပတ်ထက်ပို၍ကြာတတ်သည်။ လူအများစုသည် ဖျားနာခြင်းနှင့်တခြားရောဂါလက္ခဏာများကို မည်သည့်ဆေးမှုသောက်စရာမလိုဘဲ တစ်ပတ်အတွင်း ပျောက်ကင်းသည်။ သို့သော် တချို့သောသူများအတွက် တုပ်ကွေးရောဂါသည် ပြင်းထန်ပြီး အသက်အန္တရာယ်ပါထိခိုက်စေနိုင်သည်။

### ရောဂါဖြစ်နိုင်ခြေရှိသူများ

ရောဂါအခံရှိသူများ တုပ်ကွေးရောဂါဖြစ်ပါက ဆိုးရွားစွာခံစားရနိုင်သည်။ ကိုယ်ခံအားမကောင်းသူများ၊ နာတာရှည်ကျောက်ကပ်ရောဂါ၊ အသည်းရောဂါ၊ အဆုတ်ရောဂါ၊ နှလုံးရောဂါ၊ ဆီးချိုရောဂါ၊ ကင်ဆာရောဂါ၊ HIV ရောဂါရှိသူများအနေဖြင့် နာလန်မထူနိုင်ဘဲ တစ်ခါတစ်ရံတွင် အသက်ဆုံးရှုံးရသည်အထိဖြစ်တတ်သည်။

သုတေသနပြုချက်များအရ အသက် ၆၅ နှစ်ကျော် နာတာရှည်အဆုတ်နှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါရှိသူများသည် H3N2 တုပ်ကွေးဗိုင်းရပ်စ်ပိုး ကူးစက်ပြီးနောက် အဆုတ်နှင့်အသက်ရှူလမ်းကြောင်းအလုပ်မလုပ်နိုင်၍ အသက်ဆုံးရှုံးရသည်ကိုတွေ့ရသည်။

### သုတေသနပြုလုပ်ခြင်း

နှစ်စဉ်တုပ်ကွေးဖြစ်ပွားမှုနှင့်ပတ်သက်ပြီး သုတေသနပြုလုပ်ကာ နိုင်ငံတကာဆေးပညာဂျာနယ်၌ ထည့်သွင်းဖော်ပြထားသည်။ တုပ်ကွေးရောဂါနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် ၂၀၁၃ ခုနှစ်မှ စတင်ပြီး သုတေသနများပြုလုပ်လာသည်မှာ ယခုတွင် ဆယ်စုနှစ်တစ်စုကျော်လာပြီဖြစ်သည်။ မြန်မာနိုင်ငံတွင် နှစ်စဉ်တွေ့ရှိချက်များကို သုတေသနပြုလုပ်ပြီး WHO တွင် ဆွေးနွေးနိုင်ရန် တုပ်ကွေးအခြေအနေတင်ပြထားသည်။ အမျိုးသားဓာတ်ခွဲခန်းအနေဖြင့် ၂၀၁၀ ပြည့်နှစ်မှစတင်ကာ တုပ်ကွေးစင်တာတစ်ခုကိုဖွင့်လှစ်ခဲ့သည်။ ယင်းတို့နှင့်ပတ်သက်ပြီး သုတေသနနှင့်ဓာတ်ခွဲစမ်းသပ်မှုများ နှစ်စဉ်ပြုလုပ်လျက်ရှိသည်။

### အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်ခြင်း

တုပ်ကွေးဖြစ်နေသူများ နှာချေ၊ ချောင်းဆိုးလိုက်သည့်အခါ ထွက်လာသောအမှုန်အမွှားကို တခြားတစ်ယောက်က တိုက်ရိုက်ရှူမိသည့်အခါ တုပ်ကွေးဗိုင်းရပ်စ်ပိုးတိုက်ရိုက်ကူးစက်နိုင်သည်။ တချို့သူများတွင် အဆိုပါအမှုန်အမွှားများ တံခါးလက်ကိုင်၊ ထိုင်ခုံ၊ စားပွဲတို့၌ကပ်နေသည်။ ထိုနေရာကို လက်ဖြင့်ကိုင်မိခြင်းနှင့် နှာခေါင်းကိုပွတ်မိလျှင် ဗိုင်းရပ်စ်ပိုးက နှာခေါင်းမှတစ်ဆင့် အသက်ရှူလမ်းကြောင်းအတွင်းဝင်သွားပြီး ယင်းမှတစ်ဆင့် ကူးစက်ခြင်းဖြစ်သည်။ အိမ်တစ်အိမ်တွင် မိသားစုဝင်တစ်ဦးတုပ်ကွေးဖြစ်လျှင် ကျန်သည့်အိမ်သားအားလုံးလည်း တုပ်ကွေးကူးစက်ခံရသည်။

နှစ်နှစ်အောက် ကလေးငယ်များ၊ အသက်အရွယ်ကြီးသူများ၊ ကိုယ်ဝန်ဆောင်များနှင့် ရောဂါအခံရှိသူများတွင် ရောဂါကူးစက်မှုအများဆုံးဖြစ်သည်။ လက်မှတစ်ဆင့်လည်း ကူးစက်နိုင်သောကြောင့် နှာချေ၊ ချောင်းဆိုးသည့်အခါ လက်ကိုင်ပဝါနှင့်အုပ်၍ စနစ်တကျဆောင်ရွက်သင့်သည်။ လူထူထပ်သည့်နေရာများတွင် ချောင်းဆိုး၊ နှာချေပါက လက်ကိုင်ပဝါဖြင့်အုပ်၊ တံတောင်ကွေးကိုအသုံးပြု၍ ချေသင့်သည်။ ထို့ကြောင့် တုပ်ကွေးဖြစ်နေသူများအနေဖြင့် အိမ်တွင်သာ နားနားနေနေ နေသင့်သည်။ တုပ်ကွေးရောဂါခံစားနေရသူနှင့်အနီးကပ်နေသူများ၊ အနီးကပ်ပြုစုပေးနေသူများအနေဖြင့် မကြာခဏ လက်ကိုဆပ်ပြာနှင့်ဆေးရမည်။

လက်ရှိပျံ့နှံ့ကူးစက်နေသော တုပ်ကွေးဗိုင်းရပ်စ်ထဲတွင် လူများ၌ ရောဂါဖြစ်စေသောဗိုင်းရပ်စ်ပိုးများ အုပ်စု(A)နှင့် အုပ်စု(B)ဟူ၍ အုပ်စုနှစ်မျိုးခွဲခြားနိုင်သည်။ အုပ်စု(A)အောက်ရှိ H1N1၊ H3N2 ဗိုင်းရပ်စ်မျိုးကွဲနှစ်မျိုးက ယခင်က လူသေဆုံးမှုများရှိခဲ့သည်။

တုပ်ကွေးဗိုင်းရပ်စ်ပိုးများကို Antigen ဟု လူသိများပြီး ဗိုင်းရပ်စ်ပိုးမျက်နှာပြင်ပေါ်ရှိ မတူညီသော အစိတ်အပိုင်းနှစ်မျိုးဖြင့်ခွဲခြားနိုင်သည်။ ၎င်းတို့ကို ဗိုင်းရပ်စ်ပိုးပေါ်ရှိ အစိတ်အပိုင်းများဖြစ်သော ဟင်အဂလူတင်နင် (Hemagglutinin) ဟု ခေါ်သည်။ တုပ်ကွေးဗိုင်းရပ်စ်၏ဗီဇဂျင်းသည် Antigen ဟု အမျိုးသိကြသည့် အသေးစားဗီဇပြောင်းလဲမှုများကို အကြိမ်ကြိမ်ဖြစ်ပေါ်စေပြီး အဆိုပါပြောင်းလဲခြင်းများမှတစ်ဆင့် ကာကွယ်ဆေးဖော်မြူလာများကို နှစ်စဉ်အပြောင်းအလဲဖြစ်စေသည်။

သာမန်အဖျား(အအေးမိခြင်း) တွင် အဖျားရှိသော်လည်း အဖျားမကြီးဘဲ နောက်ပိုင်း တဖြည်းဖြည်းအဖျားတက်လာခြင်း၊ ကလေးသူငယ်များမှာ လူကြီးများထက် ပိုမိုအဖျားကြီးခြင်းဖြစ်သည်။ ခန္ဓာကိုယ်နှင့် ကြွက်သားအနည်းငယ်ကိုက်ခဲသည်။ အနည်းငယ်ခေါင်းကိုက်ခြင်းလုံးဝမရှိခြင်းဖြစ်သည်။ အားအင်ကုန်ခန်း၍ မောပန်းလွယ်ခြင်း သို့မဟုတ် သက်သောင့်သက်သာမရှိခြင်း၊ မောပန်းနွမ်းနယ်ခြင်းများဖြစ်စေသည်။ နှာပိတ်ခြင်း၊ လည်ချောင်းနာခြင်း၊ နှာရည်ယိုခြင်း၊ နှာချေခြင်းဖြစ်တတ်သည်။ ထိုအချက်အလက်များမှာ တုပ်ကွေးနှင့်ဆင်တူသည်။ အစာစားသည့်အပိုင်းတွင် အများစုက အစားမပျက်သော်လည်း တုပ်ကွေးများက အစားပျက်စေသည်။

ဖြစ်နိုင်လျှင် လူတိုင်းသည် နှစ်စဉ် ရာသီတုပ်ကွေးကာကွယ်ဆေးထိုးနှံထားသင့်သည်။ ရာသီတုပ်ကွေးကာကွယ်ဆေးထိုးနှံခြင်းက ရောဂါဖြစ်နိုင်ခြေကို ၆၅ ရာခိုင်နှုန်းအထိ လျှော့ချပေးနိုင်ကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

**ဒေါက်တာလွင်သန့်**

---

# မြောက်ဥက္ကလာပမြို့နယ်၌ ကိုယ်ဝန်ဆောင်များနှင့် မွေးကင်းစမှ အသက်နှစ်နှစ်အောက်ကလေးများအား ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးပေး

ရန်ကုန် ဩဂုတ် ၃

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းခရိုင် မြောက်ဥက္ကလာပမြို့နယ်၌ ကိုယ်ဝန်ဆောင်များနှင့် မွေးကင်းစမှ အသက်နှစ်နှစ်အောက်ကလေးများအား ပုံမှန်ကာကွယ်ဆေးများထိုးနှံတိုက်ကျွေးပေးခြင်းကို ဩဂုတ်လ ၃ ရက်တွင် မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ ဝေဘာဂီဌာနခွဲ၊ ဥဒ္ဒနာဌာနခွဲနှင့် ရွှေပေါက်ကံဌာနခွဲတို့၌ နေ့ရက်များအလိုက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ပုံမှန်ကာကွယ်ဆေးများထိုးနှံပေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာမျိုးမင်းထွန်း ဦးဆောင်၍ မြို့နယ်ကျန်းမာရေးဌာနမှ ဝန်ထမ်းများက မြို့နယ်အတွင်းရှိ ရပ်ကွက်များမှ ကိုယ်ဝန်ဆောင်များနှင့် မွေးကင်းစမှ အသက်နှစ်နှစ်အောက်ကလေးများအား ဘီစီဂျီ၊ အသည်းရောင်အသားဝါ(ဘီ)၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှော (ရိုတာ)၊ ပိုလီယို၊ ပြင်းထန်အဆုတ်ရောင်(ပီစီဗွီ)၊ ဆုံဆို့-ကြက်ညှာ-မေးခိုင်-အသည်းရောင်အသားဝါ(ဘီ)၊ ဦးနှောက်အမြှေးရောင် (ငါးမျိုးစပ်ကာကွယ်ဆေး)၊ ဝက်သက်၊ ဂျိုက်သိုး၊ ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေးများကို အသက်အရွယ်အလိုက် ထိုးနှံတိုက်ကျွေးပေးလျက်ရှိသည်။ ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများကို သတ်မှတ်ရပ်ကွက်စုရပ်နေရာများ၌လည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သက်လွင်စိုး(ပြန်/ဆက်)

---

# ဇဖဲမြို့၌ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးသဏ္ဍာန်တူ သရုပ်ပြဆောင်ရွက်

ဇဖဲ ဩဂုတ် ၃

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ဇဖဲမြို့နယ်မီးသတ်ဦးစီးဌာနမှ မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကိုထိရောက်လျင်မြန်စွာနှင့် ဆုံးရှုံးမှုအနည်းဆုံးဖြစ်အောင်ဆောင်ရွက်နိုင်ရန်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၏ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားစေရန်ရည်ရွယ်၍ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးသဏ္ဍာန်တူသရုပ်ပြလေ့ကျင့်မှုကို ဩဂုတ်လ ၃ ရက်တွင် မြို့နယ်အားကစားကွင်းအတွင်း၌ ဆောင်ရွက်သည်။



ထိုသို့ဆောင်ရွက်ရာတွင် ဇဖဲမြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးနိုင်လင်းဦးက ကျောင်းသား၊ ကျောင်းသူများအား မီးငြိမ်းသတ်ရေး လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး မီးသတ်တပ်ဖွဲ့ဝင် ၂၅ ဦးနှင့် မီးငြိမ်းသတ်ရေးယာဉ် နှစ်စီးဖြင့် မီးလောင်မှုသတင်းကိုရရှိသည်နှင့် ယာဉ်အုပ်စုများထွက်ခွာ၍ မီးငြိမ်းသတ်ခြင်း၊ ရှာဖွေကယ်ဆယ်ရေးကိရိယာများဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ အထပ်မြင့်အဆောက်အအုံအတွင်း ပိတ်မိနေသူများအား ဝင်ရောက်ရှာဖွေကယ်ဆယ်ခြင်း၊ အဆောက်အအုံအပေါ်ထပ်နှင့်အောက်ထပ် ကြိုးဖြင့်အတက်အဆင်းပြုလုပ်၍ကယ်ဆယ်ခြင်း၊ မီးငြိမ်းသတ်ရေးယာဉ်ဖြင့် မီးငြိမ်းသတ်ခြင်းတို့ကို လက်တွေ့သရုပ်ပြခဲ့ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စိုး၊ အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ မယု(ဇဖဲ)

# စလင်းမြို့နယ်၌ တရားမဝင်ပြောင်းမျိုးစေ့များထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်း ရှိ မရှိ ကွင်းဆင်းစစ်ဆေး



စလင်း ဩဂုတ် ၃

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်အတွင်း တရားမဝင်ပြောင်းမျိုးစေ့များထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခြင်းကို ဩဂုတ်လ ၃ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက မြို့ပေါ်ရပ်ကွက်များရှိစိုက်ပျိုးရေးဆေးဆိုင်၊ စိုက်ပျိုးရေးသီးနှံ အရောင်းဆိုင်များအား ကွင်းဆင်းစစ်ဆေးသည်။

စလင်းမြို့နယ်အတွင်း ပြည်ပမှ တရားမဝင်ပို့ကုန်တင်သွင်းနေသည့် ပြောင်းမျိုးစေ့များ ရောင်းချမှုမရှိစေရန်၊ နယ်စပ်ဒေသအသီးသီးမှ တစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ စံချိန်စံညွှန်း စစ်ဆေးထားခြင်းမရှိသည့် ပြောင်းမျိုးစေ့များ တရားမဝင်အမြောက်အမြားဝင်ရောက်လျက်ရှိပြီး တရားမဝင်ဝင်ရောက်လာသောမျိုးများမှ တစ်ဆင့်ပါလာနိုင်သည့် ဖျက်ပိုးအသစ်များနှင့် အပင်ရောဂါအသစ်များ ပြည်တွင်းသို့ ကူးစက်ပြန့်ပွားလာကာ စိုက်ခင်းများပျက်စီးဆုံးရှုံးခြင်းမရှိစေရန်၊ တရားဝင်အခွန်အခပေးဆောင်စေ၍ ဥပဒေနှင့်အညီ တင်သွင်းနေသည့် ပြည်တွင်းမျိုးစေ့လုပ်ငန်းများနှင့် မျိုးစေ့ကဏ္ဍတစ်ခုလုံး၏ ရေရှည်ရပ်တည်မှုကိုပါ ကြီးမားစွာသက်ရောက်မှုရှိသဖြင့် ပြည်ပမှ တရားမဝင်ဝင်ရောက်နေသော ပြောင်းမျိုးစေ့များအား ထိရောက်စွာတားမြစ်နိုင်ရေး မျိုးစေ့ဥပဒေနှင့်အညီ စနစ်တကျ ကြပ်မတ်နိုင်ရန် ကွင်းဆင်းစစ်ဆေးရခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက စိုက်ပျိုးရေးဆေးဆိုင်များနှင့် စိုက်ပျိုးရေးသီးနှံအရောင်းဆိုင်များကို အသိပညာပေး ပြောကြားသည်။

ထိုသို့ တရားမဝင် ပြောင်းမျိုးစေ့များ တင်သွင်းရောင်းချခြင်းမရှိစေရေး ကွင်းဆင်းစစ်ဆေးခြင်းများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက လိုက်လံကွင်းဆင်းကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။ **မောင်လွင်(စလင်း)**

# နတ်မောက်မြို့၌ သွေးလွန်တုပ်ကွေးရောဂါအကြောင်းအသိပညာပေးဟောပြော



နတ်မောက် ဩဂုတ် ၃

မကွေးတိုင်းဒေသကြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနစုပေါင်းခန်းမ၌ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် ကျန်းမာရေးဌာနတို့ပူးပေါင်း၍သွေးလွန်တုပ်ကွေးရောဂါအကြောင်းအသိပညာပေးဟောပြောခြင်းကို ဩဂုတ်လ ၃ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

အဆိုပါအသိပညာပေးဟောပြောပွဲတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးမှူးအဆင့် (၁) ဒေါ်ရီရီငြိမ်းက သွေးလွန်တုပ်ကွေးကင်းဝေးရေးလူတိုင်းပါဝင်ကူညီဆောင်ရွက်ပေးဆောင်ပုဒ်နှင့်အညီ သွေးလွန်တုပ်ကွေးရောဂါလက္ခဏာများ၊ ခြင်ကျားကြောင့်ဖြစ်ပွားတတ်သည့်ရောဂါများအကြောင်း၊ ဆင်ခြေထောက်ရောဂါ၊ ဂျပန်ဦးနှောက်ရောင်ရောဂါ၊ ငှက်ဖျားရောဂါများအကြောင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် စသည့်အကြောင်းအရာများကို ရှင်းလင်းဟောပြောပြီး ကျောင်းသား၊ ကျောင်းသူများအနေဖြင့် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသည်ဟုသံသယရှိပါက နီးစပ်ရာကျန်းမာရေးဌာန၊ ဆေးရုံ၊ ဆေးခန်းများသို့ အမြန်ဆုံးသွားရောက်ပြသရန်ပြောကြားကြောင်း သိရသည်။

**လှဝင်း**

# ကျောက်တံခါးမြို့နယ် ခလောင်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီး

ကျောက်တံခါး ဩဂုတ် ၃

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျောက်တံခါးမြို့နယ် ခလောင်ကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေများကို ဩဂုတ်လ ၃ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်လေးပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်နိုင်ညွန့်၊ ကျောက်တံခါးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပိုးအိဖြူကိုနှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာဝန်ထမ်းများက သက်ဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ခလောင်ကျေးရွာ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

အဆိုပါ ခလောင်ကျေးရွာ၌ အရှည်ပေ ၁၃၂၀၊ အကျယ် ၈ ပေ၊ ထု ၆ လက်မရှိသည့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၆၃ ဒသမ ၂၅ သန်းဖြင့် မေလ ပထမပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါကုန်ထုတ်လမ်းဖောက်လုပ်နိုင်မှုကြောင့် ခလောင်ကျေးရွာရှိတောင်သူများ၏ စိုက်ပျိုးမြေဧက ၄၅၀ ကျော်ကို အကျိုးပြုနိုင်မည်ဖြစ်ပြီး စိုက်ပျိုးမြေများမှ ထွက်ရှိသော ထုတ်ကုန်၊ ထွက်ကုန်များအား ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာ အလွယ်တကူ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**နီလာ**

## ပြည်သူချစ်တဲ့စစ်မှုထမ်း

❖ မေ့သားမောင် စစ်မှုထမ်းဖို့
ခြေလှမ်းက တပြင်ပြင်။
ဇာနည်မောင် ဖေ့သားလှ
တက်ကြွလို့ပင်။
မွေးမိခင်၊ ဦးတင်လို့ခွင့်တောင်း။
မွေးဖခင်၊ ဦးတင်လို့ခွင့်တောင်း။
ပြည်ဖျက်အမှိုက်ကိုလ
သားကိုယ်တိုင် ပါဝင်တိုက်ဖို့
လိုက်ပါလိုကြောင်း။

❖ မတစ်ထောင် တစ်ကောင်ဖွားဟေ့
သားယောကျ်ား ရွှေမျက်နှာ
စေ့စေ့ကြည့်ကာ။
မိဘနှစ်ဖြာ
ဝမ်းသာလို့ကြည်နူး။
ကြည်အတွေးရယ်နဲ့
ပြည်ရေးဆောင် အောင်မည့်သားပေမို့
အားရရွှင်မြူး။

❖ နိုင်ငံဝန် စစ်မှုထမ်းမယ့်
သွက်သွက်လှမ်း ချစ်သူ့ဆီ
ပြေးလို့တွေ့ပြီ။
ချိုပလီ၊ ငိုရီလို့မနေဘဲ။
လူရည်သန့်ပါရဲ့
ဖြူတည်ခံ့ ဇာနည်မောင်မို့
ရဲသွေးဆောင် သတ္တိမျိုးကို
မြတ်နိုးဆကဲ။

❖ မိဘက ဂုဏ်ယူ
ချစ်သူက ကိုးစား။
သားကောင်း ရတနာမို့
လေးစားကာ ပြည်သူချစ်တယ်
စစ်မှုထမ်းများ။ ။

**မောင်ချစ်ကြည်**

## သဇင်(FM)အသံလွှင့်အစီအစဉ် ၄-၈-၂၀၂၆(အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ | ၀၈:၀၀ | နှလုံးသားဝယ် ဘုရားတည် |
| ၂။ | ၁၁:၅၀ | လှပကျန်းမာ |
| ၃။ | ၁၄:၅၀ | Speech On Air |
| ၄။ | ၁၆:၀၀ | တပ်မတော်စာတိုက်ခန်း |
| ၅။ | ၁၇:၀၀ | ထင်ရှားကျော်ကြား ပုဂ္ဂိုလ်များ |
| ၆။ | ၂၁:၂၀ | Memory Box |

# လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား ဆန်ရိက္ခာနှင့် အခြေခံစားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်




**ပုသိမ် ဩဂုတ် ၃**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ဒေါင့်ကြီးကျေးရွာကျောင်းတိုက် ဓမ္မာရုံ ညောင်ဝိုင်းကျေးရွာနှင့် ပေါက်ကုန်းကျေးရွာကျောင်းတိုက်တို့မှ ရေဘေးသင့်ပြည်သူများအား ဆန်ရိက္ခာ၊ ဆေးဝါးနှင့် အခြေခံစားသောက်ကုန်ပစ္စည်းများကို ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့က ယနေ့သွားရောက်ထောက်ပံ့ပေးအပ်သည်။

ရေဘေးသင့်ပြည်သူများကို တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးအေးကျော်သည်အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ သွားရောက်တွေ့ဆုံထောက်ပံ့ပေးခဲ့ပြီး ရေဘေးသင့်ပြည်သူများ၏ လိုအပ်ချက်များတင်ပြမှုအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့အတူ လွှတ်တော်ကိုယ်စားလှယ်များကလည်း ပြည်သူများကို တွေ့ဆုံအားပေးစကားပြောကြားပြီး တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှတာဝန်ရှိသူများက ကျန်းမာရေးအသိပညာများကို ဆွေးနွေးပြောကြားကြသည်။

ထို့ပြင် ၀၀န်တာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေကျော်စီးဝင်သည့်ပန်းတာကို ရှေ့ဘက်တာဟောင်းမှ ရေလမ်းကြောင်းထိန်းတုတ်တန်းအပြီးသတ်ဆောင်ရွက်ပြီးစီးမှု၊ ပန်းတာရေဝင်ပေါက်ရေကာတုတ်တန်း လက်ဝဲ/လက်ယာ စတင်ဆောင်ရွက်နေမှု၊ ပစ္စည်းများ စုဆောင်းထားရှိမှု၊ ရေနက်စီးကြောင်း ပိတ်ဆို့ဟန့်တားရန်အတွက် Geo Bag အိတ်များချုပ်လုပ်ပြီးစီးမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ရပ်ကွက်များ၊ ကျေးရွာအုပ်စုများအတွင်း ရေစတင်ဝင်ရောက်ချိန်မှ စတင်ကာ ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဌာနဆိုင်ရာများ၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ လူမှုရေးအသင်းအဖွဲ့များက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည့်အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပရဟိတအဖွဲ့များ၊ တစ်ဦးချင်းအလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ အနုပညာရှင်များကလည်း ကွပ်ကဲရေးရုံးများနှင့် ချိတ်ဆက်၍ ထောက်ပံ့ပစ္စည်းများကို နေ့စဉ်လာရောက်လှူဒါန်းလျက်ရှိကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# သဖန်းဆိပ်ရေလှောင်တမံမှ ရွှေဘိုခရိုင်၊ ရေဦးခရိုင်၊ တန့်ဆည်ခရိုင်၊ စစ်ကိုင်းခရိုင်တို့ရှိ မြို့နယ်များအတွင်း စိုက်ပျိုးလျက်ရှိသည့် နွေ၊ မိုး၊ ဆောင်းသီးနှံစိုက်ခင်းများ စိုက်ပျိုးရေပေးဝေ

**မုံရွာ ဩဂုတ် ၃**

ကျွန်းလှမြို့နယ်ရှိသဖန်းဆိပ်ရေလှောင်တမံသည် ရွှေဘိုခရိုင်၊ ရေဦးခရိုင်၊ တန့်ဆည်ခရိုင်၊ စစ်ကိုင်းခရိုင်တို့ရှိ မြို့နယ်များတွင် စိုက်ပျိုးလျက်ရှိသည့် နွေ/မိုး/ဆောင်းသီးနှံစိုက်ခင်းများကို စိုက်ပျိုးရေပေးဝေနေသည့် ရေလှောင်တမံဖြစ်ပြီး အဆိုပါရေလှောင်တမံ၌ရေဝင်ရောက်မှုအခြေအနေ၊ ရေထိန်းတမံများ၊ ရေပိုလွှဲများကြံ့ခိုင်မှုအခြေအနေများနှင့် စိုက်ပျိုးရေပေးဝေနေမှုအခြေအနေများကို ယမန်နေ့မွန်းလွဲပိုင်းက စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးကိုလေး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တောင်သူများအတွက် စိုက်ပျိုးရေအပြည့်အဝရရှိရေးနှင့် စနစ်တကျအကျိုးရှိစွာသုံးစွဲသွားရေး မှာကြားခဲ့သည်။



ထို့ပြင် ကျွန်းလှ-သဖန်းဆိပ် ကားလမ်းဘေးဝဲ/ယာရှိဒေသခံတောင်သူများ စိုက်ပျိုးထားရှိသည့် မြေပဲ၊ ပြောင်း၊ ပဲစင်းငုံနှင့် မိုး စပါးများ စိုက်ပျိုးထားရှိမှု၊ ကျွန်းလှမြို့ တပ်ကုန်းကျေးရွာရှိတောင်သူ ဦးမင်းပိုင်၏ ဧရာမင်း ၂ ကေအတွင်း ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာတွဲဖက်အသုံးပြုခြင်းနှင့် တမန်းနှိုးခြင်း ကွင်းသရုပ်ပြသမှုတို့ကို ကြည့်ရှုအားပေးသည်။

ထို့နောက် ကျွန်းလှမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်အမှာစကား ပြောကြားပြီး ကျွန်းလှမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်ဆေးရုံအုပ်ကြီးတို့ထံ ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်းသိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# စိုက်ပျိုးစွမ်းအားတိုးတက်မြင့်မားစေရေး ကွင်းဆင်းဆောင်ရွက်

**ပဲခူး ဩဂုတ် ၃**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ပြည်မြို့ မိကျောင်းရဲရပ်ကွက် နဝဒေးလမ်းရှိ MSME လုပ်ငန်းရှင် ဦးဇင်ကိုဦး၏ "ရွှေမြင့်မိုရ်" မှိုမျိုးထုပ်နှင့် မှိုစိုက်ပျိုးရေးအလုပ်ရုံသို့ ယမန်နေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး ဒေသတွင်း မှိုစိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်လာစေရေးနှင့် မှိုအား တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်ရောင်းချနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် နတ်တလင်းမြို့နယ် ကြံခတ်ဝါးရုံကျေးရွာအုပ်စု ကွင်းအမှတ်(၂၀)၌ မိုးစပါးတစ်ကွင်းတစ်ဆက်တည်း စံပြကွက်ကျယ်ဧက ၁၀၀ ၌ စုပေါင်းမြေဩဇာကြဲပက်နေမှု၊ ဇီးကုန်းမြို့နယ် လယ်မကျေးရွာရှိ ဦးအောင်စိုးနိုင်၏ "အားမာန်ခေတ်" လယ်ယာသုံးစက်ကိရိယာလုပ်ငန်းမှ ထွန်စက်နောက်တွဲ Drum Seeder (၁၆)သွားစမ်းသပ်ထုတ်လုပ်ထားရှိမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူများသည် လက်ပံတန်းမြို့ မြို့မရပ်ကွက် မြို့နယ်ခန်းမ၌ ရက် ၁၀၀ စီမံချက်ဖြင့် ကျောင်းစုကျေးရွာ မြေငှားဂရန်ပေးအပ်ပွဲသို့ တက်ရောက်ပြီး ကျေးရွာသူ၊ ကျေးရွာသားများထံ မြေငှားဂရန်များ အသီးသီးပေးအပ်ခဲ့ကြောင်းသိရသည်။

**ဥဿာတိုင်းသား**

# ချင်းပြည်နယ် ဟားခါးနှင့်တီးတိန်မြို့တို့တွင် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း (TOT)များ တစ်ပြိုင်တည်းဖွင့်လှစ်မည်

**ဟားခါး ဩဂုတ် ၃**

ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများသည် ပြည်သူများနှင့် နေ့စဉ်တိုက်ရိုက်ထိတွေ့ကြပြီး ပြည်သူများ၏ အရေးကိစ္စကြီးငယ်များကို စီမံဆောင်ရွက်ပေးနေသူများဖြစ်ကြသည့်အတွက် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းနှင့် အုပ်ချုပ်ရေးအခြေခံသဘောတရားများကို သိရှိနားလည်ရန် လိုအပ်ကြောင်း၊ သို့ဖြစ်၍ သင်တန်းတွင် သင်ကြားပို့ချသွားမည့် ဥပဒေအသိပညာများကို သေချာလေ့လာပြီး လိုက်နာကျင့်သုံးကြစေလိုကြောင်း ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က ပြောကြားသည်။

ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးရှိ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းတွင် ကျင်းပသည့် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း (TOT) ဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ချင်းပြည်နယ်ဥပဒေချုပ်ရုံးမှ ပြည်နယ်ဥပဒေအရာရှိက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် သင်တန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

အဆိုပါသင်တန်းကို ချင်းပြည်နယ်အတွင်း ဟားခါးမြို့နှင့် တီးတိန်မြို့တို့တွင် တစ်ပြိုင်တည်း ဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ ဩဂုတ်လ ၃ ရက်မှ ၇ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# Smart Village စီမံကိန်းမိတ်ဆက် ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်း

**မင်းဘူး ဩဂုတ် ၃**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကန်ရေ-၁ ကျေးရွာ၌ မြို့ပြနှင့်ကျေးလက်ဖွံ့ဖြိုးမှုကွာဟချက်များကျဉ်းမြောင်းစေရေးနှင့် ကျေးလက်နေပြည်သူများ၏ လူမှုဘဝ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ခေတ်မီစံပြကျေးရွာထူထောင်ရေးလုပ်ငန်းစီမံကိန်း(Smart Village) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ်လ ၂ ရက် နံနက်ပိုင်းတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဝင်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မင်းထွန်းက စီမံကိန်းရည်ရွယ်ချက်၊ ဆောင်ရွက်ရမည့် နည်းလမ်းနှင့် ကော်မတီရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ စီမံကိန်းအဓိကလုပ်ငန်းစဉ်နှင့် အကျိုးကျေးဇူးများကို ဆွေးနွေးပြောကြားသည်။

ထို့နောက်အခမ်းအနားသို့ တက်ရောက်လာကြသူများက ခေတ်မီစံပြကျေးရွာထူထောင်ရေးလုပ်ငန်းစီမံကိန်း(Smart Village)ကော်မတီဝင်ကိုးဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။ **ဇင်မာ**

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သည့်ပြည်သူ့စစ်မှုထမ်းများ ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ရန်ဆန္ဒပြုလာပါက ဆောင်ရွက်ပေးလျက်ရှိ



နေပြည်တော် သြဂုတ် ၃

တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများကို ပြည်တွင်းပြည်ပ အလုပ်အကိုင်များရရှိရေးဆောင်ရွက်ပေးလျက်ရှိရာ ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ရန် ဆန္ဒပြုလာသူများအား အလုပ်အကိုင်ရရှိစေရေး မြန်မာနိုင်ငံပြည်ပ အလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း(MOEAA)နှင့် ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရအေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိကြောင်း ယနေ့နံနက်ပိုင်းတွင် အလုပ်သမားဝန်ကြီးဌာန၌ကျင်းပသည့် ပြည်ပတွင်အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီအစည်းအဝေးမှသိရသည်။

ထို့ပြင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ပြည်ပသို့အလုပ်သမားစေလွှတ်ခြင်းများကို ပိုမိုမြန်ဆန်စေရေးအတွက် မလိုအပ်သည့် လုပ်ငန်းစဉ်များကို ဖြေလျှော့ဆောင်ရွက်ပေးခြင်း၊ ပိုမိုကောင်းမွန်သည့်ပြည်ပလုပ်သား ဈေးကွက်ရရှိစေခြင်းနှင့်ပြည်ပနိုင်ငံများတွင် ရောက်ရှိနေသည့်မြန်မာရွှေ့ပြောင်းအလုပ်သမားများကာကွယ်စောင့်ရှောက်မှု ပိုမိုရရှိစေခြင်းများကို အလေးထားဆောင်ရွက်လျက်ရှိသလို ပြည်တွင်း၌လည်း လုပ်သားအင်အားဆုံးရှုံးမှုမရှိစေရေးကို ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ပတွင်အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်က ကော်မတီကချမှတ်ပေးထားသောလုပ်ငန်းစဉ်များ အောင်မြင်အောင် ဝန်ကြီးဌာနများအလိုက်ပေါင်းစပ်ညှိနှိုင်းပြီး လိုအပ်သည့် အကြံပြုချက်များရှိပါက အသိပေးတင်ပြ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ပြီး ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးမောင်မောင်သန်းက ပြည်ပနိုင်ငံများသို့ အလုပ်သမားများစေလွှတ်သည့်ရည်ရွယ်ချက်၊ စည်းကြပ်သည့်ဥပဒေနှင့်အေဂျင်စီများ၊ ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်လျှောက်ထားလာမှုအပေါ် စိစစ်ထုတ်ပေးနေမှုနှင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အစည်းအဝေးတွင် ဆွေးနွေးမည့်အမှာစာအား ရှင်းလင်းတင်ပြပြီး ကော်မတီဝင်များကလုပ်ငန်းစဉ်များအလိုက်အကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အစည်းအဝေးသို့ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ၊ ထိုင်းနိုင်ငံနှင့်လာအိုနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှသံအမတ်ကြီးများနှင့် တာဝန်ရှိသူများတက်ရောက်ကြကြောင်း သိရသည်။

မြဝတီ

# ဘာသာရပ် ၁၉ မျိုးကို အတွေ့အကြုံရှိသည့် လျှပ်စစ်စစ်ဆေးရေးဌာနမှ စစ်ဆေးရေးမှူးများ၊ စစ်ဆေးရေးဝန်ထမ်းများက သင်ကြားပို့ချသွားမည်

နေပြည်တော် သြဂုတ် ၃

လျှပ်စစ်ကျွမ်းကျင်မှုအခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၂၆)ဖွင့်လှစ်ပြီး ဘာသာရပ် ၁၉ မျိုးကို လက်တွေ့ လျှပ်စစ်လုပ်ငန်းခွင်ဆိုင်ရာ၊ ပညာရပ်ဆိုင်ရာနှင့်စစ်ဆေးရေးလုပ်ငန်းများ၌ အတွေ့အကြုံရှိသည့် လျှပ်စစ်စစ်ဆေးရေးဌာနမှ စစ်ဆေးရေးမှူးများနှင့် စစ်ဆေးရေးဝန်ထမ်းများက သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။





ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းရှိလျှပ်စစ်စစ်ဆေးရေးသင်တန်းခန်းမ၌ ကျင်းပသည့် လျှပ်စစ်ကျွမ်းကျင်မှု အခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၂၆) သင်တန်းဖွင့်ပွဲတွင်စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက အမှာစကားပြောကြားစဉ် ထိုသို့ထည့်သွင်းပြောကြားခဲ့ခြင်း ဖြစ်သည်။

ယခုသင်တန်းတွင် ဆိုလာဓာတ်အားပေးစနစ်နှင့်ပတ်သက်၍ ဗဟုသုတများ၊ နည်းပညာများကို အခြေခံအားဖြင့်သိရှိနိုင်အောင်ခေါင်းစဉ်တစ်ခုထည့်သွင်း၍သင်ကြားပေးမည်ဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် စက်မှုကုန်ထုတ်လုပ်ငန်းများ၊ MSME များအားလုံး ဖွံ့ဖြိုးတိုးတက်ရန် လိုကြောင်း၊ ထိုသို့ ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်နိုင်ရန် လျှပ်စစ်ဓာတ်အားအသုံးပြုသည့်စက်ပစ္စည်းကိရိယာများ အန္တရာယ်ကင်းရှင်းစွာလည်ပတ်နိုင်ရေး၊ စနစ်တကျလက်တွေ့ကိုင်တွယ်တပ်ဆင်နိုင်ရေးနှင့်ပြင်ဆင်နိုင်ရေးတို့အတွက် အဆင့်မီမီ တတ်ကျွမ်းသော လျှပ်စစ်ကျွမ်းကျင်သူများ ပေါ်ထွက်လာရေးသည်လည်း အရေးပါသည့်လိုအပ်ချက်တစ်ရပ်ဖြစ်ကြောင်းလည်း ပြည်ထောင်စုဝန်ကြီးက ထည့်သွင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို လျှပ်စစ်နှင့်ပတ်သက်သည့် အခြေခံသဘောတရားများ၊ လျှပ်စစ်ဥပဒေ၊ လျှပ်စစ်နည်းဥပဒေများ၊ လျှပ်စစ်ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများကို သိရှိနားလည်လာစေရန်၊ လျှပ်စစ်ဆိုင်ရာလုပ်ငန်းများကိုပိုမိုကျွမ်းကျင်စွာနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်လာနိုင်စေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားစေရန်နှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ဖွင့်လှစ်ခဲ့ပြီး သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၈၅ ဦးတက်ရောက်ကာ သင်တန်းကာလမှာ ၂၀၂၆ ခုနှစ် သြဂုတ်လ ၃ ရက်မှ စက်တင်ဘာလ ၁၁ ရက်အထိ ရက်သတ္တခြောက်ပတ်ကြာသင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ



# ကုန်သွယ်ရေးနှင့်စွမ်းအင်စသည့်နှစ်နိုင်ငံ အကျိုးဖြစ်ထွန်းစေမည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် သြဂုတ် ၃

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်သည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး ဒေါက်တာ မိုဟာမက် မွန်(န)ဝါ ဟူစိန် အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံပြီး ကုန်သွယ်ရေးနှင့် စွမ်းအင် စသည့်နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးသည်။

ထို့ပြင် ရှိရင်းစွဲ နှစ်နိုင်ငံဆက်ဆံရေးပိုမိုခိုင်မာစေမည့်နည်းလမ်းများကို အမြင်ချင်းဖလှယ်ကြပြီး ကောင်စစ်ရေးရာကိစ္စရပ်များကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

မြဝတီ

# တွန်းဇံမြို့တွင် ၃၀၀ ကေဗွီအေ ဒီဇယ်ဓာတ်အားပေးစက်ဖြင့် လျှပ်စစ်မီးဖြန့်ဖြူးချိန်တိုးမြှင့်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ

## မြန်မာ့စီးပွားရေးဘဏ်(တွန်းဇံဘဏ်ခွဲ)ဖွင့်လှစ်



တွန်းဇံ သြဂုတ် ၃

တွန်းဇံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမြို့နယ်ခန်းမ၌ ယနေ့နံနက်ပိုင်းတွင်ကျင်းပသည့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံပွဲ၌ မြို့မိမြို့ဖများက တယ်လီဖုန်းလိုင်းရရှိရေး၊ လျှပ်စစ်မီးရရှိရေးတင်ပြကြရာ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးက တယ်လီဖုန်းလိုင်းများပြန်လည်ရရှိနိုင်ရေးကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး လျှပ်စစ်မီးအနေဖြင့် တွန်းဇံမြို့တွင် ၃၀၀ ကေဗွီအေ ဒီဇယ်ဓာတ်အားပေးစက်ဖြင့် နေ့စဉ်ည ၇ နာရီမှ ၉ နာရီခွဲအထိ အချိန်ပိုင်း ဖြန့်ဖြူးပေးလျက်ရှိကြောင်းနှင့် လျှပ်စစ်မီးဖြန့်ဖြူးချိန်တိုးမြှင့်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့ပြင်ယာယီနေရပ်စွန့်ခွာ၍ ပြန်လည်ဝင်ရောက်လာသည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့်ဒေသခံပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီကထောက်ပံ့သည့် ဆန်၊ ဆီ၊ ဆားနှင့်ကုလားပဲတို့ကိုပေးအပ်ရာ ဌာနဆိုင်ရာများနှင့်မြို့မိမြို့ဖများက လက်ခံရယူကြသည်။

အလားတူ ဒုတိယဝန်ကြီးသည်ပြည်နယ်ဝန်ကြီးများ၊ ချင်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များနှင့်အတူ မြန်မာ့စီးပွားရေးဘဏ် (တွန်းဇံဘဏ်ခွဲ) ကို ဖွင့်လှစ်ပေးပြီး ဘဏ်အတွင်းလုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် e-pension ထုတ်ပေးရန်ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

မြဝတီ

# ပွင့်ဖြူမြို့မဈေးအပါအဝင် ဈေးများ၌ သားငါးဈေးသည်များ ဈေးနှုန်းမြှင့်တင်ရောင်းချမှုမရှိစေရေး ကွင်းဆင်းစစ်ဆေး

ပွင့်ဖြူ ဩဂုတ် ၃

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒေသခံပြည်သူများ သား၊ ငါးဝယ်ယူစားသုံးမှု အဆင်ပြေစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာ နယ်နိမိတ်အတွင်းရှိ ပွင့်ဖြူမြို့မဈေးအပါအဝင် ကျေးလက်စည်ပင်သာယာဈေးလေးခု၌ (ဝက်၊အမဲ၊ဆိတ်)လိုင်စင်စီများမှ သား၊ ငါးများရောင်းချရာတွင် ဈေးနှုန်းမြှင့်တင်ရောင်းချမှုမရှိစေရေး နေ့စဉ်ကြပ်မတ်စစ်ဆေးဆောင်ရွက်လျက်ရှိရာ ယမန်နေ့က ပွင့်ဖြူမြို့မဈေးနှင့် ရှောက်တောကျေးရွာရှိ ကျေးလက်စည်ပင်သာယာဈေးသို့ သွားရောက်၍ သား၊ ငါးဈေးသည်များ သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချခြင်းရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဒေသခံပြည်သူများ စားသောက်ရေးအဆင်ပြေစေရန်နှင့် သား၊ ငါးများ ဝယ်ယူစားသုံးရာတွင် သက်သာသောဈေးနှုန်းဖြင့် တစ်ပြေးညီဝယ်ယူစားသုံးနိုင်စေရန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလင်းမင်းညွန့်၏ ကြီးကြပ်မှုဖြင့် ဝန်ထမ်းများပူးပေါင်းအဖွဲ့က ဈေးကော်မတီဝင်များနှင့်အတူ မြို့မဈေးနှင့် ရှောက်တောကျေးရွာ ကျေးလက်စည်ပင်သာယာဈေးသို့ သွားရောက်၍ သား၊ ငါးဈေးသည်များနှင့်တွေ့ဆုံ၍ (ဝက်၊ အမဲ၊ ဆိတ်) လိုင်စင်စီများမှ သား၊ ငါးများရောင်းချရာတွင် သတ်မှတ်ဈေးနှုန်းအတိုင်း စနစ်တကျရောင်းချရေး၊ စားသုံးသူပြည်သူလူထု အစားအစာဘေးကင်းလုံခြုံရေးအတွက် ရောင်းချသည့် သား၊ ငါးများနှင့် ဟင်းသီးဟင်းရွက်များ သန့်ရှင်းလတ်ဆတ်မှုရှိစေရေး၊ ဈေးဆိုင်ခန်းဝန်းကျင်သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ နေ့စဉ်ဈေးရောင်းပြီးချိန်တိုင်း သန့်ရှင်းရေးမပြတ် ဆောင်ရွက်ကြရေးနှင့် သတ်မှတ်ထားရှိသည့် ဈေးစည်းကမ်းများကို အလေးထားလိုက်နာဆောင်ရွက်ကြရေး ပြောကြားသည်။

ထို့နောက် ဝန်ထမ်းများ ပူးပေါင်းအဖွဲ့က စည်ပင်သာယာဈေးများအလိုက် ဝက်၊ အမဲ၊ ဆိတ် ဈေးဆိုင်ခန်းများ၌ သား၊ ငါးများကို သတ်မှတ်ဈေးနှုန်းများအတိုင်း ရောင်းချမှုရှိ၊ မရှိ၊ အရိုး၊ အသား၊ အဆီ၊ အရွတ်များရောနှော၍ ရောင်းချမှုရှိ၊ မရှိ လိုက်လံကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

# ဒေါ်အောင်ဆန်းစုကြည်ကို အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(ICRC)မှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်ဖြစ်သူ လာရောက်တွေ့ဆုံ



နေပြည်တော် ဩဂုတ် ၃


ဒေါ်အောင်ဆန်းစုကြည်ကို အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(ICRC)မှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်ဖြစ်သူ Mr. Arnaude de Baqque က ယနေ့နံနက်ပိုင်းတွင် လာရောက်တွေ့ဆုံခဲ့ကြောင်း သိရသည်။

မြဝတီ

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် ဩဂုတ် ၃

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၇ ပေမှ ၉ ပေခန့်ရှိနိုင်သည်။ **(မိုး/ဇလ)**




# ပြင်ဦးလွင်မြို့နယ် ညောင်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေး

ပြင်ဦးလွင် ဩဂုတ် ၃

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင်စနစ်ကျသောစိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်စေရန်နှင့် တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကို ယနေ့တွင် သက္ကံချိုင်းကျေးရွာအုပ်စု ညောင်ကုန်းကျေးရွာ၌ ထုတ်ချေးပေးသည်။

ရှေးဦးစွာ ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဆက်နိုင်ထွန်းက စီမံကိန်းအကြောင်းအရာများ၊ စီမံကိန်းလည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ် ၅၉၁ သိန်းကို လွှဲပြောင်းပေးအပ်သည်။


ထို့နောက် ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကွင်းဆင်းကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အဆိုပါကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်မည့် အသင်းသား၊ အသင်းသူ ၄၅ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ် ၅၉၁ သိန်းကို အသင်းသား၊ အသင်းသူများ၏လက်ဝယ်အရောက် အတိုးနှုန်းသက်သာစွာထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ချိုသန်းညွန့်(ကျေးလက်)

⇨ ရှေ့ဖုံးမှအဆက်

မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၇ ပေမှ ၉ ပေခန့် ရှိနိုင်သည်။




**အကြံပြုချက်**

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**(မိုး/ဇလ)**

# ဝါသီးနှံပြန်လည်ဆန်းသစ်လာမှု၏ စီးပွားရေးအခွင့်အလမ်း

ဒေါက်တာသူဇာဝင်း (စိုက်ပျိုးရေး)

ယနေ့ကာလသည် ပြည်တွင်းကုန်ထုတ်လုပ်မှုကိုအားပေး၍ သွင်းကုန်အစားထိုးစီးပွားရေးစနစ်သို့ အရှိန်အဟုန်ဖြင့် ကူးပြောင်းနေသည့် အချိန်အခါဖြစ်သည်။ ထိုအပြောင်းအလဲတွင် မြန်မာ့လယ်ယာစီးပွားရေးတွင် သမိုင်းဝင်ဖြစ်ခဲ့သည့် ဝါသီးနှံသည် သာမန်စိုက်ပျိုးရေးအဆင့်မှသည် နိုင်ငံတော်၏ စက်မှုကဏ္ဍနှင့် အထည်အလိပ်လုပ်ငန်းစဉ် တစ်ခုလုံးကို မောင်းနှင်ပေးမည့် အဓိကစက်မှုကုန်ကြမ်းသီးနှံအဖြစ် ပြန်လည်ဆန်းသစ်ကာ သက်ဝင်လှုပ်ရှားလာခဲ့ပြီဖြစ်သည်။

ဝါသီးနှံသည် စတင်စိုက်ပျိုးချိန်မှ ဂွမ်းအဆင့်သို့ ရောက်ရှိသည်အထိ လုပ်ငန်းစဉ်တိုင်းတွင် လုပ်သားအင်အား အမြောက်အမြားလိုအပ်သဖြင့် ကျေးလက်ပြည်သူများနှင့် အခြေခံလူတန်းစားများအတွက် ပုံမှန်ဝင်ငွေရရှိစေမည့် အလုပ်အကိုင်များကိုဖန်တီးပေးနိုင်သည်။ မြန်မာ့သမိုင်းကို ပြန်ပြောင်းကြည့်မည်ဆိုပါကလည်း မင်းတုန်းမင်းတရားကြီးလက်ထက်တွင် ဝါသီးနှံကို စီးပွားရေးနှင့် နိုင်ငံရေးအရအရေးပါသော မဟာဗျူဟာမြောက် ဘုရင့်တော်ဝင်မူပိုင်သီးနှံအဖြစ်သို့ ပြောင်းလဲမြှင့်တင်ခဲ့ဖူးသည့် သမိုင်းအစဉ်အလာကောင်းများလည်းရှိခဲ့ပေသည်။

## ဘက်စုံသုံးသီးနှံ

"ဝါ" ဟု ဆိုလိုက်လျှင် လူအများ၏စိတ်ထဲ၌ ဖြူဖွေးသန့်စင်သော ဝါဂွမ်းများ၊ ချည်မျှင်များနှင့် အထည်အလိပ်လုပ်ငန်းများကိုသာ ပြေးမြင်လေ့ရှိကြသည်။ သို့သော် လက်တွေ့တွင် ဝါပင်သည် အထည်အလိပ်လုပ်ငန်းအတွက်လိုအပ်သည့် ဂွမ်းတစ်မျိုးတည်းကိုသာ ပေးစွမ်းနိုင်သည်မဟုတ်ပါ။ ဝါတစ်ပင်လုံး၏ ထုတ်လုပ်မှုကွင်းဆက်ကိုလေ့လာကြည့်ပါက ဝါဂွမ်းအပြင် ဝါသီးနှံ၏ဘေးထွက်ပစ္စည်းတိုင်းသည် အမျိုးမျိုးသော စက်မှုကုန်ကြမ်းများအဖြစ် ပြောင်းလဲနိုင်သည့် ဘက်စုံသုံးသီးနှံတစ်ခုဖြစ်ကြောင်း တွေ့ရှိရမည်ဖြစ်သည်။

## စားသုံးဆီဖူလုံရေးအတွက် ဝါစေ့ဆီ

ဝါကောက်ယူပြီးနောက် စက်ရုံ၌ ဝါကြိတ်ခြင်းပြုလုပ်ရာတွင် ဂွမ်းအပြင် ဝါစေ့အမြောက်အမြားဘေးထွက်ပစ္စည်းအဖြစ် ကျန်ရစ်သည်။ ဝါစေ့တွင် ဆီပါဝင်မှု ၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းခန့် ပါဝင်သဖြင့် ယင်းအစေ့များကို အဆင့်မြင့်နည်းပညာဖြင့် ကြိတ်ခွဲသန့်စင်ပါက အရည်အသွေးမြင့် ဝါစေ့ဆီကို ရရှိနိုင်သည်။ ဝါစေ့ဆီသည် ဗီတာမင်အီးနှင့် မပြည့်ဝဆီများကြွယ်ဝစွာပါဝင်သဖြင့် ကျန်းမာရေးနှင့်ညီညွတ်သော စားသုံးဆီတစ်မျိုးဖြစ်သည်။ ပြည်ပမှ စားသုံးဆီတင်သွင်းမှုအတွက် ဒေါ်လာသန်းပေါင်းများစွာ အကုန်အကျခံနေရသည့် မိမိတို့နိုင်ငံအတွက် ဝါစေ့ဆီထုတ်လုပ်မှု တိုးမြှင့်ခြင်းသည် သွင်းကုန်အစားထိုးစီးပွားရေးကို တိုက်ရိုက်အထောက်အကူပြုနိုင်သည်။

## မွေးမြူရေးကဏ္ဍအတွက် ဝါစေ့ကြိတ်ဖတ်

ဝါစေ့မှ ဆီကြိတ်ထုတ်ပြီးနောက် ကျန်ရစ်ခဲ့သည့် ဝါစေ့ကြိတ်ဖတ်သည် မွေးမြူရေးကဏ္ဍအတွက် တန်ဖိုးမဖြတ်နိုင်သော ပရိုတင်းဓာတ်ကြွယ်ဝသည့် အရည်အသွေးမြင့် တိရစ္ဆာန်အစာကုန်ကြမ်းဖြစ်သည်။ ဝါစေ့ကြိတ်ဖတ်တွင် ခရူပရိုတင်း ၃၀-၄၀ ရာခိုင်နှုန်းခန့်အထိပါဝင်သဖြင့် နို့စားနွားများအတွက်



နို့ထွက်နှုန်းတိုးတက်စေသည့် အဓိကအစာအဖြစ် အသုံးပြုကြသည်။ ကြက်၊ ဝက်နှင့် အသားတိုးနွားများအတွက် သဘာဝအာဟာရပြည့်စွက်စာအဖြစ် သုံးစွဲနိုင်သဖြင့် ပြည်ပမှတိရစ္ဆာန်အစာ ကုန်ကြမ်းတင်သွင်းရမှုကို သက်သာစေသည်။

## အဆင့်မြင့်စက်မှုလုပ်ငန်းသုံးလင်တာဂွမ်း

ဝါစေ့၏ အပြင်ဘက်ခွံတွင် ကပ်ကျန်နေသည့် အလွန်တိုတောင်းသော အမျှင်ငယ်များကို Linter Machine ဖြင့် ဒုတိယအဆင့်ခွဲထုတ်၍ လင်တာဂွမ်းကို ရယူနိုင်သည်။ ယင်းအမျှင်ငယ်များတွင် ဆဲလ်လူလို့စ်ဓာတ် အလွန်မြင့်မားစွာပါဝင်သဖြင့် ငွေစက္ကူ၊ ပလတ်စတစ်၊ ဖလင်၊ ဆေးဝါးနှင့် ယမ်းအပါအဝင် အဆင့်မြင့်စက်မှုလုပ်ငန်းသုံးပစ္စည်းများ ထုတ်လုပ်ရာတွင် မရှိမဖြစ်အသုံးပြုကြရသည်။

## အလားအလာကောင်းများ

ယနေ့အချိန်တွင် နိုင်ငံတော်မှ ပြည်တွင်းအထည်အလိပ်လုပ်ငန်း ကွင်းဆက်တစ်ခုလုံးဖွံ့ဖြိုးတိုးတက်စေရန် ဝါစိုက်ဧက ခြောက်သိန်းကျော်အထိ စိုက်ပျိုးရန် ရည်မှန်းချက်ထားရှိပြီး ဝါစိုက်ဧကတိုးလာစေရန် ဆောင်ရွက်လျက်ရှိသည်။ လက်ရှိကာလတွင် မြန်မာနိုင်ငံ၌ ဝါသီးနှံအပါအဝင် အဓိကသီးနှံ ၁၄ မျိုးကို ပန်းတိုင်အထွက်နှုန်းများသတ်မှတ်၍ ပန်းတိုင်အထွက်နှုန်းရရှိရေးကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနမှဦးဆောင်၍ အကောင်အထည်ဖော်ဆောင်ရွက်နေသည်။ ဝါသီးနှံအတွက် ပန်းတိုင်အထွက်နှုန်းအနေဖြင့် ဝါစိုက်ဧက တစ်ဧကမှ ဝါပိဿာ ၇၀၀ ထွက်ရှိရေးမျှော်မှန်း၍ ဝါမျိုးစေ့အပါအဝင် လိုအပ်သည့် စိုက်ပျိုးနည်းပညာများကို တောင်သူ့လက်ဝယ်အရောက်ဖြန့်ဖြူးပေးလျက်ရှိသည်။ ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်စေရန်အတွက် မျိုးကောင်းမျိုးသန့်ထုတ်လုပ်ခြင်းလုပ်ငန်းများသည် အလွန်အရေးကြီးသဖြင့် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိသည်။ တောင်သူများအနေဖြင့်လည်း သာမန်ဒေသဝါမျိုးများထက် မျိုးကောင်းမျိုးသန့်ဝါမျိုးများကိုပြောင်းလဲစိုက်ပျိုးခြင်းဖြင့် အထွက်နှုန်းတိုးရန်သေချာသည်။ အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များပူးပေါင်း၍ ဝါသီးနှံအခြေပြုကျေးလက်ဒေသတန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ်နိုင်ရေးနှင့် ကျယ်ကျယ်ပြန့်ပြန့်ပေါ်ပေါက်လာစေရေးဆောင်ရွက်ခြင်းဖြင့် ကျေးလက်စီးပွားရေးကို တိုက်ရိုက်အကျိုးပြုနိုင်မည်ဖြစ်သည်။

ပြည်တွင်းချည်မျှင်နှင့် အထည်ချုပ်စက်ရုံများအတွက် လိုအပ်သည့်ဝါဂွမ်းကိုပြည်တွင်းမှအပြည့်အဝပံ့ပိုးပေးနိုင်ပါက ပြည်ပမှချည်မျှင်နှင့်အထည်အလိပ်တင်သွင်းမှုအတွက် နိုင်ငံခြားငွေကုန်ကျစရိတ်ကို သက်သာစေမည်ဖြစ်သည်။ ပြည်တွင်းလိုအပ်ချက်ထက် ပိုလျှံလာပါက ပြည်ပသို့ဝါဂွမ်းတင်ပို့ရောင်းချခြင်းဖြင့် ပို့ကုန်ဝင်ငွေတိုးတက်ရရှိနိုင်မည့် အလားအလာကောင်းများရှိသည်။

## ဈေးကွက်အာမခံချက်နှင့် ကန်ထရိုက်လယ်ယာစနစ်

စက်မှုကုန်ကြမ်းသီးနှံဖြစ်သည့်အလျောက်အရောင်းအဝယ်ပြုလုပ်ရာတွင် ဝါသီးနှံ၏သဘောသဘာဝသည် စပါး၊ ပဲ၊ နှမ်း စသည့် သမားရိုးကျသီးနှံများနှင့် မတူညီပါ။ ဝါထွက်ချိန်တွင်ဝယ်ယူမည့်စက်ရုံ သို့မဟုတ်

> **✣ ပြည်တွင်းချည်မျှင်နှင့် အထည်ချုပ်စက်ရုံများအတွက် လိုအပ်သည့် ဝါဂွမ်းကို ပြည်တွင်းမှအပြည့်အဝပံ့ပိုးပေးနိုင်ပါက ပြည်ပမှချည်မျှင်နှင့် အထည်အလိပ်တင်သွင်းမှုအတွက် နိုင်ငံခြားငွေကုန်ကျစရိတ်ကို သက်သာစေမည်ဖြစ်သည်။ ပြည်တွင်းလိုအပ်ချက်ထက် ပိုလျှံလာပါက ပြည်ပသို့ ဝါဂွမ်းတင်ပို့ရောင်းချခြင်းဖြင့် ပို့ကုန်ဝင်ငွေတိုးတက်ရရှိနိုင်မည့်အလားအလာကောင်းများရှိ . . .**

ဝါကုန်သည်မရှိပါက တောင်သူများအနေဖြင့် ကိုယ်တိုင်ထုတ်လုပ်ရန်လည်း မဖြစ်နိုင်၊ ကိုယ်တိုင်ဈေးတွင် သွားရောက်ရောင်းချရန်လည်း မဖြစ်နိုင်သည့် အကန့်အသတ်ရှိပေသည်။ ထို့ကြောင့် ဝါသီးနှံကို တောင်သူများရဲရဲဝံ့ဝံ့ စိုက်ပျိုးလာစေရန်အတွက် အာမခံဈေးကွက်ရှိခြင်းသည် အဓိကအသက်သွေးကြောဖြစ်သည်။ စက်ရုံများနှင့် တောင်သူများကြား မစိုက်ပျိုးခင်ကတည်းက ကြိုတင်ဈေးနှုန်းသတ်မှတ်ဝယ်ယူသည့် အကျိုးတူကန်ထရိုက်လယ်ယာစနစ် သို့မဟုတ် အစိုးရနှင့် ပုဂ္ဂလိကစက်ရုံများက တိကျသောအဝယ်ဒိုင်များ စနစ်တကျဖွင့်လှစ်ပေးသည့် မူဝါဒများသည် ဝါစိုက်တောင်သူများအတွက် မရှိမဖြစ်လိုအပ်သော ဝါဈေးကွက်ကာကွယ်စောင့်ရှောက်မှုများ ဖြစ်ပေသည်။

ယခုခေတ်တွင် ပုဂ္ဂလိကစက်ရုံပိုင်ရှင်များ၊ ချည်မျှင်စက်များမှနေ၍ တောင်သူများကို ဝါမျိုးကောင်းမျိုးသန့်၊ မြေသြဇာနှင့် အခြားလိုအပ်သည့် သွင်းအားစုများ ကြိုတင်ပံ့ပိုးပေးကာ အာမခံဈေးနှုန်းဖြင့် ပြန်လည်ဝယ်ယူသည့်စနစ်များ တိုးတက်လာနေသည်။ ဤစနစ်သည် တောင်သူများအတွက် ဈေးကွက်အာမခံချက်ရရှိစေပြီး လုပ်ငန်းရှင်များအတွက် အရည်အသွေးကောင်းမွန်သည့် ဝါဂွမ်းကုန်ကြမ်းမှန်မှန်ရရှိစေမည့် နှစ်ဦးနှစ်ဖက်အကျိုးရှိစေသည့် စီးပွားရေးပုံစံဖြစ်သည်။

## နိုင်ငံတော်မှပံ့ပိုးပေးနေမှုများ

နိုင်ငံတော်အနေဖြင့် ဝါကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မကွေးတိုင်းဒေသကြီး၏မြို့တော် မကွေးမြို့တွင် "ဝါစိုက်ပျိုးမှုမှသည် အထည်အလိပ်စက်မှုလုပ်ငန်းဆီသို့" ဟူသည့် ခေါင်းစဉ်နှင့်ဆွေးနွေးပွဲတစ်ရပ်ကိုကျင်းပခဲ့ပြီး ဝါလုပ်ငန်းဆိုင်ရာအစုအဖွဲ့အလိုက် တောင်သူများနှင့် လုပ်ငန်းရှင်များ၊ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။ အဆိုပါဆွေးနွေးပွဲမှ ထွက်ပေါ်လာသည့်ရလဒ်များအရ ဖြည့်ဆည်းရန်လိုအပ်သည်များကို နိုင်ငံတော်က ဖြည့်ဆည်းပေးလျက်ရှိပြီဖြစ်သည်။ ဝါလုပ်ငန်းရှင်များအား အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး (MSME) ရန်ပုံငွေမှ ချေးငွေများထုတ်ချေးပေးလျက်ရှိသည်။ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၏ သတင်းထုတ်ပြန်ချက်များအရ ပြည်တွင်းမှထွက်ရှိသည့်ဝါများအား တစ်နိုင်တစ်ပိုင်ကြိတ်ခွဲနိုင်ရန်နှင့် တောင်သူများအနေဖြင့် စိုက်ပျိုးထွက်ရှိသည့်ဝါများကို တစ်နိုင်တစ်ပိုင်ကြိတ်ခွဲခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပြည်တွင်းမှထုတ်လုပ်ထားသည့် ဝါကြိတ်စက် (ဂျင်ခုံ) များကို အထူးချေးငွေအစီအစဉ်ဖြင့် ရောင်းချပေးသွားမည်ဟုသိရသဖြင့် လုပ်ငန်းရှင်များအတွက် ဝမ်းမြောက်ဖွယ်ရာဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် ဝါသီးနှံသည် အဓိကထွက်ကုန်ဖြစ်သည့် ဝါဂွမ်းဖြင့် အထည်ချုပ်ကဏ္ဍကို ဖွံ့ဖြိုးစေရုံမျှသာမက ဝါစေ့ဆီဖြင့် စားသုံးဆီဖူလုံရေး၊ ဝါစေ့ဖတ်ဖြင့် မွေးမြူရေးကဏ္ဍ၊ လင်တာဂွမ်းမွေးဖြင့် စက်မှုကဏ္ဍအထိ ဘက်စုံအကျိုးပြုနေသော သီးနှံဖြစ်သည်။ သို့ဖြစ်ရာ ဝါမှထွက်ရှိလာသည့် ဂွမ်းအပါအဝင် အခြားသော ဘေးထွက်ကုန်ကြမ်းအသီးသီးကို အပြည့်အဝအသုံးပြုနိုင်မည့် ထုတ်လုပ်မှုကွင်းဆက် တစ်ခုလုံးဖွံ့ဖြိုးတိုးတက်အောင် စနစ်တကျချိတ်ဆက်ဆောင်ရွက်သွားမည်ဆိုပါက ဝါဈေးကွက်ခိုင်မာအားကောင်းလာပြီး ဝါစိုက်ပျိုးသူများအတွက်သာမက ကွင်းဆက်တစ်လျှောက်ပါဝင်သူအားလုံးအကျိုးဖြစ်ထွန်း၍ နိုင်ငံ့စီးပွားရေးအတွက် ကေန်မလွဲအကျိုးကျေးဇူးများကို ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

**ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ ကျောက်ခတ်ဒေသအတွင်းအွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများအား တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့က အခကြေးငွေရယူ၍ မြန်မာ-ထိုင်းနယ်စပ်သို့ ပို့ဆောင်ပေးခဲ့မှုနေရာပြမြေပုံ။**




**➤ ရှေ့ဖုံးမှအဆက်**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ်၊ မြဝတီမြို့နယ်အတွင်း နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် တပ်မတော်စစ်ကြောင်းများသည် ကျောက်ခတ်ဒေသအတွင်း နယ်မြေလုံခြုံရေးလုပ်ငန်းများဆောင်ရွက်စဉ် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများအား အခကြေးငွေရယူ၍ အကာအကွယ် ပေးထားသည့် KNLA နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များနှင့် ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့ပြီး အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရုတ်နိုင်ငံသား အမျိုးသား ၆၂၀ ဦး၊ အမျိုးသမီး ၁၁ ဦး၊ ထိုင်းနိုင်ငံသား အမျိုးသမီး ၃ ဦး၊ မြန်မာနိုင်ငံသား အမျိုးသား





ကရင်ပြည်နယ်၊ မြဝတီမြို့၊ ကျောက်ခတ်ကျေးရွာဝန်းကျင်၌ တရားမဝင်အွန်လိုင်းလောင်းကစားလုပ်ကိုင်နေကြသူများအား တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့က အခကြေးငွေယူ၍ တရားမဝင်ရွှေ့ပြောင်းပို့ဆောင်ပေးနေမှုကိုတွေ့ရစဉ်။

၃၂ ဦး၊ အမျိုးသမီး ၁၁၁ ဦး စုစုပေါင်း ၇၇၇ ဦးတို့အား အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် star link ဗန်း ၁ ခု၊ ကွန်ပျူတာမျိုးစုံ ၈၅ လုံး၊ ဖုန်းမျိုးစုံ ၁၈၃ လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည့် သတင်းအား ဇူလိုင်လ ၂၇ ရက်တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများအား မြဝတီမြို့သို့ ပို့ဆောင်ပြီး ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် စစ်ဆေးမှုပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် မြဝတီမြို့နယ်၊ ကျောက်ခတ်ကျေးရွာရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ပြည်ပနိုင်ငံသား ၂၁၀ ဦးခန့်အား ဇူလိုင်လ ၁၇ ရက်နေ့နှင့် ၁၈ ရက်နေ့တို့တွင် ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ နေရပ်ပြန်နိုင်ရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့က အခကြေးငွေများရယူကာ မော်တော်ယာဉ်များဖြင့် တင်ဆောင်ပြီး ကျောက်ခတ်-ဝေါလေ လမ်းကြောင်းအတိုင်း ဝေါလေ၏ အနောက်တောင်ဘက် မီတာ ၂၆၀၀ ခန့်အကွာ မြန်မာ-ထိုင်း နယ်စပ်သို့ ပို့ဆောင်ပေးခဲ့ကြောင်းနှင့် မြန်မာ-ထိုင်းနယ်စပ်အား ဖြတ်သန်း၍ ထိုင်းနိုင်ငံဘက်သို့ ထွက်ပြေးသွားခဲ့ကြောင်း သိရှိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သောနိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့်ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

---

**❖ ကျောဖုံးမှအဆက်**

ဆက်စပ်ပစ္စည်းများအား ခိုးယူ/ဖျက်ဆီးခြင်းခံခဲ့ရကာ ကျောက်မဲမြို့ စီမံကိန်းအခြေစိုက်စခန်းအတွင်းရှိ ရုံးအဆောက်အအုံ ၁ လုံးနှင့် အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းခွင်အတွင်းရှိ ဝန်ထမ်းနေအိမ် ၁ လုံးလည်း မီးရှို့ ဖျက်ဆီးခံခဲ့ရပြီး ယခုအချိန်တွင်ကျောက်မဲမြို့ရှိ စီမံကိန်းအခြေစိုက်စခန်းနှင့် အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းအတွင်းပြန်လည် ပြုပြင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။




အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများ၏ ဖျက်ဆီးခဲ့မှုကြောင့် ကျောက်မဲမြို့ပေါ်ရှိ စီမံကိန်းအခြေစိုက်စခန်းတွင် ငွေကျပ်သန်း ၈၀၀ ခန့်နှင့် အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းတွင် အဆောက်အအုံများနှင့် မြို့ပြတည်ဆောက်မှု လုပ်ငန်းသုံးပစ္စည်းများ၊ စက်ပစ္စည်းများ၊ စက်/ယာဉ်ယန္တရားများ၊ ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများအတွက်ငွေကျပ် ၂၆ ဘီလီယံဖိုးခန့် ပျက်စီးဆုံးရှုံးခဲ့သည်။

ထို့ပြင် နိုင်ငံခြားမှတင်သွင်းတပ်ဆင်ရသော စက်မှုလျှပ်စစ်ပစ္စည်းများ၏ ပျက်စီးဆုံးရှုံးမှုတန်ဖိုးသိရှိနိုင်ရန် အဆိုပါပစ္စည်းများ တင်သွင်းတပ်ဆင်ရန် စာချုပ်ချုပ်ဆိုလုပ်ငန်းအပ်နှံထားသော နိုင်ငံခြားကုမ္ပဏီနှင့် ဌာနမှကျွမ်းကျင်အင်ဂျင်နီယာပညာရှင်များပူးပေါင်း၍ အသေးစိတ်စစ်ဆေးခြင်းနှင့် တန်ဖိုးသင့်တွက်ချက်ခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

နယ်မြေလုံခြုံရေးအခြေအနေများ ကောင်းမွန်ပြီးနောက် ကျောက်မဲမြို့ပေါ်ရှိ စီမံကိန်းအခြေစိုက်စခန်းနှင့် အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းခွင်အတွင်းသို့သက်ဆိုင်ရာ တပ်မတော်လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဌာနဝန်ထမ်းများပူးပေါင်း၍ မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဦးစွာဆောင်ရွက်ခဲ့ပြီး ပျက်စီးဆုံးရှုံးခဲ့ရသည့် ကျောက်မဲမြို့ပေါ်ရှိ စီမံကိန်းအခြေစိုက်စခန်းရုံးနှင့် ဝန်ထမ်းအိမ်ရာအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့၍ ကျောက်မဲမြို့တွင် နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်မီး ပြန်လည်ရရှိသည်နှင့် ကျောက်မဲမြို့ပေါ်ရှိ စီမံကိန်းအခြေစိုက်စခန်းတွင် ထရန်စဖော်မာများ ပြန်လည်တပ်ဆင်၍ ဓာတ်အားလိုင်းများ ပြန်လည်ပြုပြင်တပ်ဆင်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့အတူ အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းခွင်စခန်းတွင် စီမံကိန်းအဝင်လမ်းများ ပြန်လည်ပြုပြင်အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းလုပ်ငန်း၊ စီမံကိန်းရှင်းလင်းဆောင်နှင့် ဝန်ထမ်းအိမ်ရာများ ပြုပြင်မွမ်းမံတည်ဆောက်ခြင်းလုပ်ငန်း၊ ရေမီးရရှိရေးလုပ်ငန်းများနှင့် တည်ဆောက်ရေးလုပ်ငန်းသုံး လျှပ်စစ်ဓာတ်အားလိုင်း ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်မှစတင်၍ ဆောင်ရွက်လျက်ရှိပြီး ပျက်စီးဆုံးရှုံးခဲ့မှုများကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ကျခံ၍ ဆက်လက်ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်သည်။

အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်းသည် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ကျောက်မဲမြို့၏ တောင်ဘက်မိုင် ၂၀ ခန့်အကွာ၊ တောင်ခြေကျေးရွာအနီး ဒုဋ္ဌဝတီမြစ် (မြစ်ငယ်မြစ်) ပေါ်တွင်တည်ရှိသည်။ အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်း (၂၈၀ မဂ္ဂါဝပ်) ကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်မှ စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး လက်ရှိအချိန်တွင် စီမံကိန်းတစ်ခုလုံး၏ ၅၃ ဒသမ ၉၅ ရာခိုင်နှုန်းကို ဆောင်ရွက်ပြီးစီးပြီဖြစ်၍ အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်းအား ၂၀၂၉-၂၀၃၀ ဘဏ္ဍာနှစ်တွင် ပြီးစီးရန် လျာထားဆောင်ရွက်လျက်ရှိသည်။ စီမံကိန်းတစ်ခုလုံးပြီးစီးပါက ပျမ်းမျှလျှပ်စစ်ဓာတ်အား ယူနစ် ၁၄၀၉ သန်း နှစ်စဉ်ထုတ်လုပ်၍ မဟာဓာတ်အားလိုင်းမှတစ်ဆင့် ရှမ်းပြည်နယ် အပါအဝင် မြန်မာနိုင်ငံလူဦးရေ ၃ ဒသမ ၇ သန်းအား လျှပ်စစ်ဓာတ်အား တိုးတက်ဖြန့်ဖြူးပေးနိုင်မည့်စီမံကိန်းကြီး တစ်ခုဖြစ်သည်။

နိုင်ငံတော်အစိုးရနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ အားသွန်ခွန်စိုက်ကြိုးပမ်းမှုကြောင့် ပြည်သူလူထု၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး စီမံကိန်းတည်ဆောက်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြဝတီ**

▲ ရှေ့ဖုံးမှအဆက်

သင်တန်းအမှတ်စဉ်(၂၇) သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြသည်။ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများ ပြောကြားကြသည်။

အဆိုပါသင်တန်းဖွင့်ပွဲများသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများ၊ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများတက်ရောက်၍ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၇)မှ သင်တန်းသားများအားတွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများအား လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။



ဧရာဝတီတိုင်းဒေသကြီးစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၇)မှ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများပေးအပ်စဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၇) မှ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများပေးအပ်စဉ်။



နေပြည်တော်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၇) သင်တန်းဖွင့်ပွဲကျင်းပစဉ်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၇) သင်တန်းဖွင့်ပွဲကျင်းပစဉ်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင်တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန်ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ အဆိုပါပြည်သူ့စစ်မှုထမ်းသင်တန်းများမှ သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ဦးလည်မသုန်ကျေပွန်စွာထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၇)မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်းတက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိရပါတယ်-

“ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၇)က ကိုယ့်သဘောကိုယ့်ဆန္ဒနဲ့ဝင်ရောက်



# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကိုထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဩဂုတ် ၃**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များကိုထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကွန်ဟိန်းမြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။



နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုစဉ်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအားညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍လည်းကောင်း၊ အတီးအမှုတ်၊ အကအခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရ ရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# လေးမျက်နှာမြို့နယ် ဝေန်တာ၊ တာမိုင် ၂၅ မိုင် ၃ ဖာလုံနေရာ တာကိုယ်ထည်နိမ့်ကျရေစီးဝင်မှုအပေါ် ကာကွယ်ထိန်းသိမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၃**

လေးမျက်နှာမြို့နယ် ဝေန်တာ တာမိုင် ၂၅ မိုင် ၃ ဖာလုံနေရာ တာကိုယ်ထည်နိမ့်ကျရေစီးဝင်မှုအပေါ် ကာကွယ်ထိန်းသိမ်းနိုင်ရေး တာအတွင်းဝင်ရောက်နေသော ကွင်းရေများ လျော့ကျစေရေးအတွက် ဦးစားပေးအနေဖြင့် တာ၏မြစ်ဘက်ခြမ်းတွင်ရှိသော ကမ်းရင်း(စွန်ပစ်)တာပေါင်ဟောင်းရှိအလျားပေ ၃၀ ရေဝင်ပေါက်ပိတ်ခြင်း၊ ရေဝင်ပေါက်အနီးဘေးနှစ်ဖက်တွင် ရေတိုက်စားမှု သက်သာစေရန် အရေးပေါ်ရေလွှဲတန်းရိုက်ခြင်း၊ ဝါးထရံကာခြင်း၊ သဲအိတ်ချခြင်း၊ Geo Bag (ကမ်းပြိုကာကွယ်ရေးအိတ်) များချခြင်းစသည့်လုပ်ငန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် ကြီးကြပ်စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် အကျယ်ပေ ၂၀၀ ခန့်နှင့် အနက်ပေ ၂၀ ခန့်ရှိသော ရေဝင်ပေါက်အား ပိတ်ဆို့၍ ရေဝင်ပမာဏလျော့နည်းစေရေး ရေစီးဝင်ရာလမ်းကြောင်းတွင် အတားအဆီးများပြုလုပ်နိုင်ရေးအတွက် လိုအပ်သည့် သံကိုယ်ထည်အဟောင်းများတွင် သဲကျောက်ဖြည့်နှစ်မြှုပ်၍ ရေစီးလမ်းကြောင်းအောက်ခြေပိုင်းအား ထိန်းသိမ်းကာကွယ်တားဆီးရေး၊ Geo Bag အိတ်များ Gabion box ကျောက်ခြင်းများ ချထားဆောင်ရွက်နိုင်ရေးအတွက်တွဲဖက်အသုံးပြုနိုင်မည့် ရေယာဉ်များ၊ လုပ်ငန်းသုံးပစ္စည်းများ လုပ်ငန်းခွင်သို့ အမြန်ဆုံးရောက်ရှိရေး၊ ပန်းတာရေတိုက်စားမှု ပိုမိုမကျယ်ပြန့်စေရေးနှင့် ယခုမိုးရာသီကာလတွင် ပန်းတာကို ပိုမိုတောင့်တင်းစေရန် ရေဘေးကာကွယ်နိုင်ရန် ဆက်လက်ပြုပြင်နိုင်ရေးတို့အတွက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ဝေန်တာပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ရန်အတွက် အခြားလိုအပ်သည့် စက်ယန္တရားများကိုလည်း အသင့်စုစည်း ဆောင်ရွက်လျက်ရှိကြောင်းနှင့် လိုအပ်သည့်ပြင်ဆင်မှုများကို ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ မြဝတီ

ခဲ့တာပါ။ ဒီပြည်သူ့စစ်မှုထမ်းဥပဒေကိုချမှတ်ထားတဲ့အပေါ် နိုင်ငံသားတိုင်းရဲ့ တာဝန်လို့ တာဝန်ရှိတဲ့အတွက် ဒီဥပဒေကို ချမှတ်ထားတယ်လို့ပဲထင်ပါတယ်။ အခုလိုအခြေခံစစ်ပညာတွေကို လေ့ကျင့်သင်ကြားပေးခြင်းအားဖြင့် ကျွန်တော်တို့ကိုယ်တိုင်အတွက်ရော နောက်ပြီးတော့ မိသားစုအတွက်ရော တိုင်းပြည်အတွက်ရော ကာကွယ်နိုင်မယ်လို့ထင်ပါတယ်။ ဒီသင်တန်းကာလမှာ ဆရာတွေသင်ပေးတဲ့ သင်ခန်းစာမှန်သမျှကို အကောင်းမွန်ဆုံးလေ့ကျင့်ဖြစ်အောင် လေ့ကျင့်လိုက်နာပြီးတော့ ကိုယ့်အပေါင်းအသင်း သူငယ်ချင်းတွေနဲ့လည်း တန်းတူညီတူ အကုန်လုံးဖြစ်အောင် အကောင်းဆုံးလိုက်နာဆောင်ရွက်သွားမှာဖြစ်ပါတယ်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၇)မှ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများပေးအပ်စဉ်။



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦး ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၇)မှ သင်တန်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၇) သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၇) သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။

“ဘယ်သူခွဲခွဲ တို့မကွဲ အမြဲစည်းလုံးမည်” ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ကျွန်တော်ကတော့ အဲ့ဒီစိတ်ဓာတ် အဲ့ဒီလိုမျိုးစိတ်ဓာတ်ခံယူပြီးတော့ ဆောင်ရွက်သွားမှာပါ”ဟုပြောသည်။



“ကျွန်တော်စစ်သားတစ်ယောက်ဖြစ်ချင်လို့ပါ။ ကိုယ့်ခံယူချက်နဲ့ ကိုယ့်ဘာသာဝင်လာတာပါ။ ကျွန်တော့်အစ်ကိုလည်း ရှေ့အပတ်စဉ်တုန်းက ဝင်သွားတာရှိတယ်။ စစ်မှုထမ်းဖို့ ကျွန်တော်တို့ကို လူခေါ်တယ်လေ။ ဒါကြီးကို ရှောင်လွှဲနေလည်း အချိန်တန်ရင် ကိုယ့်အလှည့်ကျလာမှာပဲ။ ကိုယ့်ဘာသာ ကိုယ့်အသိစိတ်ဓာတ်နဲ့ ကိုယ့်ဘာသာဝင်လိုက်တာက အကောင်းဆုံးပဲ



ထင်တယ်။ အဲ့ဒါကြောင့်မို့ ကျွန်တော်ဝင်ဖြစ်တာပါ။ နောက်လာမယ့် အပတ်စဉ်က ညီအစ်ကိုများလည်းလာခဲ့ပါ။ ဘာမှမကြောက်ပါနဲ့။ အဲ့ဒါပဲပြောချင်ပါတယ်” ဟုပြောသည်။

“ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းမြို့ကနေ လာရောက်တက်ရောက်ပြီး စစ်မှုထမ်းဆောင်တာဖြစ်ပါတယ်။ ကိုယ်တိုင်လည်းစိတ်ပါလို့ လာရောက်တက်ရောက်တာပါ။ ဆရာတွေသင်ကြားပို့ချပေးတာတွေကို သေချာအကောင်းဆုံး ကျွန်တော်တို့လိုက်နာမှာပါ။ အမေကတော့ အကောင်းဆုံးကြိုးစားပေါ့။ သင်တန်းသုံးလမှာ ဆရာတွေရဲ့စကားကိုလည်းနားထောင်ဖို့။ အဖေကစစ်သားပါဗျ။ အဖေကလည်းမှာတယ်။ စစ်သားလုပ်ရင်အမိန့်ကိုနာခံပါ။ နောက်ထပ်ဝင်ဖို့ရှိတဲ့ ညီအစ်ကိုတွေကိုကြိုဆိုပါတယ်။ ဒီမှာတော်တော်ကောင်းပါတယ်”ဟုပြောသည်။

(၁၀၀)

○ **ကျောဖုံးမှအဆက်**

ကြိုးပမ်းဆောင်ရွက်ရန် တိုက်တွန်းမှာကြားလိုကြောင်း မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံဖူဆယ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် တိုက်တွန်းပြောကြားသည်။

အားကစားရေးရာဝန်ကြီးဌာန၊အားကစားနှင့်ကာယပညာဦးစီးဌာနက ကြီးမှူး၍ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့်ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဖူဆယ်အားကစားရုံ၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဦးသန်းမောင်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဒေါက်တာသက်သက်ဇင်နှင့် ဒေါက်တာမောင်သင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဖူဆယ်နှင့်သဲသောင်ပြင်ဆပ်ကော်မတီမှ ပြိုင်ပွဲဝင်အသင်းများ၊ အုပ်ချုပ်သူနည်းပြများနှင့် အားကစားသမားများတက်ရောက်ကြသည်။

မြန်မာနိုင်ငံတွင် ဖူဆယ်အားကစားနည်းကို ၁၉၉၈ ခုနှစ်မှ ပထမဆုံးအကြိမ်အဖြစ် ရန်ကုန်တိုင်းဒေသကြီး၊ အားကစားနှင့်ကာယပညာဦးစီးဌာနဖလား ဖူဆယ်ပြိုင်ပွဲကို တောင်ဥက္ကလာပမြို့နယ်ရှိ ပဒေသာ ဘောလုံးအားကစားကွင်း၌ စတင်ကျင်းပခဲ့ကြောင်း၊ ၂၀၀၆ခုနှစ် မြန်မာ့လက်ရွေးစင် (အမျိုးသား) ဖူဆယ်အသင်းသည် ပထမအကြိမ် နိုင်ငံတကာပြိုင်ပွဲအနေဖြင့် ထိုင်းနိုင်ငံတွင် ကျင်းပခဲ့သည့် AFF Futsal Championship နိုင်ငံတကာဖူဆယ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ကြေးတံဆိပ် (၁)ခု ရရှိခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ် ထိုင်းနိုင်ငံတွင် ကျင်းပခဲ့သည့် AFF Futsal Championship ပြိုင်ပွဲတွင် ငွေတံဆိပ်(၁)ခု၊ ၂၀၁၇ ခုနှစ် ဗီယက်နမ်နိုင်ငံတွင် ကျင်းပခဲ့သည့် AFF Futsal Championship ပြိုင်ပွဲတွင်ကြေးတံဆိပ် (၁)ခုနှင့် ၂၀၁၈ခုနှစ် အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပခဲ့သည့် AFF Futsal Club Championship ပြိုင်ပွဲတွင် ကြေးတံဆိပ်(၁)ခု၊ ၂၀၂၅ ခုနှစ် AFF Futsal Club Championship U-16 ပြိုင်ပွဲတွင် ကြေးတံဆိပ်(၁)ခု ဆွတ်ခူးရရှိခဲ့ကြောင်း၊ အလားတူ မြန်မာ့လက်ရွေးစင် (အမျိုးသမီး) ဖူဆယ်အသင်းသည် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ကြေးတံဆိပ်(၁)ခု၊ ဗီယက်နမ်နိုင်ငံတွင် ကျင်းပခဲ့သည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အမျိုးသားအသင်းက ကြေးတံဆိပ်(၁)ခု၊ အမျိုးသမီးအသင်းက ကြေးတံဆိပ်(၁)ခုကို ဆွတ်ခူးရရှိခဲ့ပါကြောင်း၊ ယခုပြိုင်ပွဲမှတစ်ဆင့် ထူးချွန်ထက်မြက်ပြီး နိုင်ငံတော်ကအားထားရမည့် နိုင်ငံ့ဂုဏ်ဆောင် ဖူဆယ်အားကစားသမားကောင်းများဖြစ်လာအောင် ကြိုးစားယှဉ်ပြိုင်ကြရန် ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက ဆက်လက်တိုက်တွန်းမှာကြားပြီး “၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲ” ကို ဖွင့်လှစ်ပေးသည်။

ထို့နောက်ပြိုင်ပွဲတွင်ပါဝင်ကူညီအားဖြည့်ပေးခဲ့သည့် အ.ထ.က(၆) ဇမ္ဗူသီရိမြို့နယ် ဘင်ခရာအဖွဲ့အတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၃ သိန်းပေးအပ်ပြီး ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ဖူဆယ် (အမျိုးသား) အုပ်စုပတ်လည်ပွဲစဉ်တွင် ပညာရေးဝန်ကြီးဌာနအသင်းနှင့် သာသနာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသည်။

၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံဖူဆယ်ပြိုင်ပွဲတွင် ဝန်ကြီးဌာနများမှ ပြိုင်ပွဲဝင်အသင်း ၂၅ သင်းတို့က ဩဂုတ်လ ၃ ရက်မှ ၁၄ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဖူဆယ်အားကစားရုံ၌ ၁၂ ရက်ကြာ ယှဉ်ပြိုင်ကစားမည်ဖြစ်ရာ အားကစားဝါသနာရှင်များ မည်သူမဆို **“အခမဲ့”** လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

မြဝတီ

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၂၁၉) သင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၃

စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၂၁၉) ၏ သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ရတနာသိဃ်ခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ် ဦးကျော်ထွေး၊ ဒုတိယပါမောက္ခချုပ် (သင်ကြားရေး)၊ ဌာနမှူးများ၊ ပညာဌာနများမှ ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ ဝန်ကြီးဌာနများနှင့် အစိုးရအဖွဲ့အစည်းအသီးသီးမှ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ပါမောက္ခချုပ် ဦးကျော်ထွေးက သင်တန်းဖွင့်မိန့်ခွန်းပြောကြားသည်။ စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၂၁၉)သို့ ဝန်ကြီးဌာနများနှင့် အစိုးရအဖွဲ့အစည်းများမှ သင်တန်းသား ၁၆၅ ဦး၊ သင်တန်းသူ ၂၀၉ ဦး စုစုပေါင်း ၃၇၄ ဦးတက်ရောက်ကြောင်းနှင့် သင်တန်းကာလမှာ ဩဂုတ်လ ၃ ရက်မှ အောက်တိုဘာလ ၉ ရက်အထိဖြစ်ကြောင်း သိရသည်။

မြဝတီ

# မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် ဩဂုတ် ၃

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

## Press Release

### President of the Republic of the Union of Myanmar H.E. U Min Aung Hlaing to make Official Visit to Kingdom of Thailand

At the invitation of Prime Minister of the Kingdom of Thailand His Excellency Mr. Anutin Charnvirakul, President of the Republic of the Union of Myanmar His Excellency U Min Aung Hlaing will pay an Official Visit to the Kingdom of Thailand in the near future.

During the visit, the President of Myanmar will meet with the Prime Minister of Thailand and hold bilateral talks, meet with the Acting President of the National Assembly of the Kingdom of Thailand. Additionally, the President will receive representatives from economic organizations and will attend the Business Forum.

During the visit, the President will engage in cordial and open exchange of views to the further consolidation of the existing friendly relations and implementation of mutually beneficial cooperation in economic, cultural, and other areas between the two governments and peoples.

The President will be accompanied by Union Ministers and officials during the visit.

**Myawady**

## Some EAOs transport online scam/gambling operators by vehicle in Kyaukkhut area to Myanmar-Thai border for fees

NAY PYI TAW August 3

The government has taken steps to eliminate online scams and gambling by actively placing a special emphasis on elimination and prevention of them from taking their bases in Myanmar in cooperation with neighbouring countries, regional countries and international organizations.

A news report was released on 27 July that Tatmadaw columns, taking regional security measures in Myawady Township in Kayin State in doing so, engaged in fighting with so-called KNLA and PDF terrorist insurgent alliance groups, which have provided shelter to online scam/gambling operators for fees, leading to the arrest of 777 individuals including 620 male Chinese citizens, 11 female Chinese citizens,three female Thai citizens, 32 male Myanmar citizens and 111 female citizens and seizure of one star link dish, 85 assorted computer sets and 183 assorted phones used in online scams/ gambling.



Documentary photos showing illegal transportation of illegal online scam and gambling operators around Kyaukkhut Village in Myawady Township in Kayin State by some EAOs for fees.

The detainees were reportedly transported to Myawady and are being interrogated in accordance with the law, rules and regulations. On completion of interrogation, action will be taken against them effectively and severely in accordance with the existing laws and seized paraphernalia will be dealt with in accordance with rules and regulations.

Furthermore, it was learnt that about 210 foreign citizens who were involved in online scams/gambling in Kyaukkhut Village in Myawady Township were transported by vehicle by some EAOs by charging fees along Kyaukkhut-Wallay route to Myanmar-Thai border, about 2,600 meters southwest of Wallay, on 17 and 18 July to enable them to return to their relevant countries via Thailand and they fled to Thailand by crossing the border.

The government has been actively cooperating with neighboring and regional countries and international organizations to expose and take action against those who are involved in online scams and gambling and pull the strings behind the scene effectively and severely. Moreover, measures are being taken to repatriate foreigners who were in trouble due to various reasons and trafficked foreigners to their relevant countries as soon as possible.

**100**

## Yinmabin District sees cultivation of more than 80,000 acres of pigeon pea

YINMABIN August 3

Local authorities set a plan to cultivate 88,520 acres of pigeon pea as monsoon crops in Yinmabin District of Sagaing Region this monsoon, according to the district Agriculture Department.

During the 2026-2027 monsoon cropping season, Yinmabin District plans to cultivate pigeon pea on a total of 88,520 acres across its townships. The township-wise targets are 20,310 acres in Yinmabin Township, 15,393 acres in Kani Township, 30,805 acres in Salingyi Township, and 22,012 acres in Pale Township. The pigeon pea crop will be planted from June through September this year.

"This year, during the monsoon cropping season, Yinmabin District is targeting the cultivation of more than 88,000 acres of pigeon pea. Planting will begin within this June. Efforts will be made to ensure that the targeted acreage is fully achieved. Measures are also being undertaken to ensure good yields in pigeon pea cultivation. Farmers grow pigeon pea both as a sole crop and as an intercropped crop," said Daw Sanda Moe, Head of the Yinmabin District Department of Agriculture.

This year, the respective township agriculture departments in Yinmabin District will conduct field-based awareness and education activities for pigeon pea growers, including guidance on the selection and cultivation of quality seed varieties, correct cultivation methods, pest prevention, and ways to improve crop yields.

The township agriculture departments in Yinmabin District are also sharing techniques with pigeon pea farmers on combining urea and borax applications in order to reduce the cost of purchasing foliar fertilizers. The use of urea and borax not only lowers cultivation costs but also helps protect plants from pests and promotes healthy crop growth.

**SK**



# ICRC Resident Representative to Myanmar Meets Daw Aung San Suu Kyi

NAY PYI TAW August 3

Mr. Arnaud de Baecque, the ICRC Resident Representative to Myanmar, met with Daw Aung San Suu Kyi this morning.

**Myawady**

# Local farmers to grow more than 19,000 acres of Sterculia versicolor plants in Monywa Township

MONYWA August 3

Local farmers are preparing to grow 19,070 acres of Sterculia versicolor plants in Monywa District of Sagaing Region this year, according to the district Agriculture Department.

During the 2026-2027 monsoon crop cultivation season, Monywa District is targeting the cultivation of 19,070 acres of Sterculia versicolor plants across the townships. The township-wise targets are 237 acres in Monywa Township, 2,595 acres in Budalin Township, 15,683 acres in Ayadaw Township, and 555 acres in ChaungU Township, according to reports.

"This year, during the monsoon cultivation season, Monywa District has targeted the cultivation of 19,070 acres of Sterculia versicolor plants. Efforts will be made to ensure that the targeted acreage is fully achieved. Sterculia versicolor plants are drought-resistant; it can be grown in various soil types, and is also a tropical forest species. It can thrive in areas with low rainfall and rocky upland terrain. Therefore, cultivation of Letphew can be expanded in such regions," said Dr Tin Mar Mar Oo, Head of the District Department of Agriculture in Monywa District.

The Department of Agriculture is also encouraging Sterculia versicolor plants growers to cultivate the crop using chemical-free GAP practices. Letphew produced from farms cultivated under GAP methods will be issued GAP certification, and because the crop is produced with reduced chemical use, it is expected to gain stronger market acceptance compared to conventionally grown Sterculia versicolor plants.

In addition, the Department of Agriculture will cooperate with the merchants association to help increase Sterculia versicolor yields and improve market access for the crop.

**SMK**

# Plan underway to grow more than 24,000 acres of rainfed sesame

PWINTBYU August 3

Pwintbyu Township Department of Agriculture stated that local authorities earmarked cultivation of 24,720 acres of sesame as monsoon crop in Pwintbyu Township of Magway Region this year.

During this year's monsoon crop cultivation season, Pwintbyu Township is targeting the cultivation of 24,720 acres of sesame, with planting activities scheduled to begin in June this year.

"This year, during the monsoon cultivation season in Pwintbyu Township, we have targeted planting more than 20,000 acres of sesame. We will carry out measures to ensure that the designated cultivation acreage is fully achieved. Efforts are also being made to ensure sufficiency in edible oil consumption and to enhance the production capacity of oil crops. We will help farmers cultivate quality oilseed crops in accordance with GAP practices," said Daw Moe Moe Wai, Head of the Township Department of Agriculture in Pwintbyu Township.

In Pwintbyu Township, during this year's monsoon crop cultivation season, staff from the Township Department of Agriculture will conduct field supervision and awareness activities for sesame growers to ensure successful crop production, prevent pest and disease infestation, promote correct cultivation methods, encourage the use of high-yield seed varieties, and maintain weed-free fields.

**SK**

# Sagaing Township plans to grow more than 43,000 acres of green gram this year

SAGAING August 3

Statistics of Sagaing Township Agriculture Department indicated that local farmers will cultivate more than 43,000 acres of green gram as monsoon crop in the township, Sagaing Region, this year.



For the 2026-2027 monsoon cropping season, 43,022 acres of green gram are planned to be cultivated in Sagaing Township, Sagaing Region, and cultivation will take place from June to September this year, it is reported.

"This year's monsoon season, over 43,000 acres of green gram are targeted for cultivation in Sagaing Township. Efforts will be made to achieve the planned acreage. Regarding green gram cultivation, awareness activities are being conducted to encourage expanded planting and to promote the use of high-quality, pure seed varieties in order to achieve better yields," said U Myo Thet Aung, Head of the Sagaing Township Agriculture Department.

This year, the Township Agriculture Department will provide farmers growing green gram in Sagaing Township with training and awareness activities on obtaining suitable high-quality seed varieties, adopting proper cultivation practices, preventing pest infestations, using chemical fertilizers appropriately, and improving crop yields.

This year, staff of the Township Agriculture Department will cooperate with local farmers to produce high yield of crop and ensure quality crops. So, they will arrange provision of quality seeds of crops, agricultural inputs and post-harvest technology to local farmers.

**SMK**

# Arrangements made to grow more than 1,000 acres of maize and sweet corns

KAWLIN August 3

According to the data from Kawlin District Department of Agriculture, local authorities earmarked cultivation of more than 1,000 acres of maize and sweet corns as monsoon crops in Kawlin District of Sagaing Region in coming monsoon.

In 2026-2027 monsoon cultivation season, they adopted a plan to grow 46 acres of maize and 1,817 acres of sweet corns, totalling 1,863. Local farmers will start cultivation of crops in June this year.

During the upcoming monsoon cropping season this year, over 1,000 acres of maize—including maize and sweet corn—are planned to be cultivated in Kawlin District. Efforts will be made to achieve the targeted acreage. In order to ensure successful maize production, awareness activities will be carried out, including training on crop management and guidance to prevent pest and disease infestations, said Head of the Agriculture Department in Kawlin District Daw Mar Cho.

For the 2026-2027 monsoon cropping season, the total maize cultivation target in Kawlin District has been set by township as follows: 1,135 acres of sweet corn in Kawlin Township, 682 acres of sweet corn in Wuntho Township, and 46 acres of maize in Pinlebu Township, totalling 1,863 acres.

This year, the township agriculture departments will provide training to farmers growing grain maize and sweet corn in Kawlin District, conduct field demonstrations, and promote agricultural awareness, including the prevention of fall armyworm, integrated pest management practices such as the use of neem-based pesticides, and the safe use of ginger and chilli-based pest control methods.

In Kawlin District, maize yields over 50 baskets per acre, with a cultivation cost of about Ks-500,000 per acre. Sweet corn yields about 15,000 ears per acre, with a cultivation cost also exceeding Ks-500,000 per acre.

**SK**

# Rare virus with no cure detected in New York

NEW YORK August 3

The first case of Bourbon virus has been confirmed in New York, prompting researchers to call for expanded surveillance and testing amid warnings that the rare tick-borne infection may be more widespread than currently known.

Discovered in 2014 and named after Bourbon County, Kansas, where it was first identified, the virus is believed to be transmitted by the lone star tick. There is no vaccine or medicine available to prevent or treat the illness. Symptoms include fever, fatigue, rash, headache, body aches, nausea, and vomiting.

Only six human cases have been reported since the virus was identified, primarily in the central US. The first known patient, diagnosed in Kansas in 2014, died.

According to a Stony Brook Medicine study released last month, Bourbon virus "could soon begin to complicate diagnoses if it becomes more prevalent this summer and in coming years."

Researchers studied blood samples from 107 patients who developed fever and other symptoms after recent tick bites in Suffolk County between 2019 and 2024 and found that two had antibodies to Bourbon virus.

One of the patients, a 67-year-old Long Island man, developed severe symptoms and was hospitalized after being bitten by lone star ticks in 2021. He was initially treated with doxycycline for suspected Lyme disease, but his fatigue and severe headaches failed to improve. He eventually made a full recovery, but a re-examination of his test results showed an eightfold increase in Bourbon virus antibody levels over one month, confirming the infection.

"There are a lot of lone star ticks in New York and in the Northeast. We have dense populations, and when someone is infected with Bourbon virus, the symptoms are similar to those of other tick-borne infections," Dr. Luis Marcos, a Stony Brook Medicine professor and director of its Tick-Borne Disease Clinic, said.

"For these reasons, the Bourbon virus is likely more prevalent than we think in our region, and other cases are likely going undiagnosed."

No commercial diagnostic test is currently available, and suspected samples in New York must be sent to the state Department of Health for specialized analysis. The researchers called for expanded surveillance and testing, arguing that without identifying the cause of an infection, the chances of developing accurate diagnostic tests or effective treatments "are minimal."

Lone star ticks are aggressive, reddish-brown, blood-feeding arachnids. Adult females are identifiable by a prominent white dot on their backs, while nymphs and adult females most frequently bite humans and spread disease, according to the CDC.

Previously concentrated in the southern US, the species has spread across much of the eastern US and can now be found as far north as Maine. Its bites can transmit ehrlichiosis, Heartland virus disease, and tularemia. It has also been linked to southern tick-associated rash illness and alpha-gal syndrome, an allergy to red meat.

**RT**

# Lao weather bureau warns of flood, landslide risk as rain continues

VIENTIANE August 3

The Lao weather bureau issued a warning urging the public to remain vigilant as continued rainfall is expected to increase the risk of flash floods and landslides.

According to a notice issued by the Department of Meteorology and Hydrology under the Lao Ministry of Agriculture and Environment on Monday, a low-pressure system will continue affecting Laos, combined with southwesterly winds to bring scattered thunderstorms, moderate to heavy rain, and strong winds in some areas.

Authorities have identified high-risk areas for flooding and landslides, particularly in Khammuan, Bolikhamxay, and Huaphan provinces.

Residents and local authorities are advised to remain alert for possible flash floods and landslides caused by heavy rainfall. Everyone should be prepared for weather extremes and keep track of forecasts, the weather bureau said.

**Xinhua**

# About 60,000 people ordered to evacuate as wildfires threaten U.S. Spokane area



SAN FRANCISCO August 3

About 60,000 people have been ordered to evacuate by Sunday as three fast-moving wildfires threatened Spokane and nearby communities in the northwestern U.S. state of Washington, local officials said.

Officials estimated that at least 600 homes, businesses and other structures had been destroyed. No deaths or injuries had been reported, and no one was known to be unaccounted for as of Sunday afternoon.

The three major blazes were identified as the Old Trails Fire, the Fairview Fire and the Autumn Lane Fire. They had burned a combined 5,390 acres (22 square km) by Sunday and remained uncontained, according to a federal incident management team.

Large areas of Spokane and Spokane County were placed under Level 3 evacuation orders, requiring residents to leave immediately.

An emergency shelter was opened at the Spokane Convention Center. The fires also prompted the evacuation of patients from the Mann-Grandstaff Department of Veterans Affairs Medical Center and disrupted operations at several public facilities and utility services.

The fires spread rapidly on Saturday amid strong winds, high temperatures and extremely dry vegetation. Power outages were reported across parts of the Spokane area.

Washington Governor Bob Ferguson declared a statewide wildfire emergency, mobilized National Guard personnel and imposed restrictions on outdoor burning. He said Sunday that the state had also requested federal emergency assistance.

State officials said more than 250,000 acres (1,010 square km) were burning across Washington as about 4,000 firefighters battled more than a dozen major wildfires.

**Xinhua**

# 2,500-year-old monumental marble statue unearthed at ancient Sardes in Türkiye

ISTANBUL August 3

A 2,500-year-old monumental marble statue has been unearthed at the ancient city of Sardes in western Türkiye, Culture and Tourism Minister Mehmet Nuri Ersoy announced on Monday.

In a social media post, Ersoy said the 2.2-meter marble statue dates to the first half of the fifth century B.C. and depicts a standing young man.

The statue features distinctive clothing associated with the ancient Lydian culture and is expected to provide new insights into the region's art, beliefs and daily life, the minister said.

According to Ersoy, the artifact was reused as a paving stone during the Roman period and was preserved in remarkable condition because it had been laid face down for centuries.

Sardes, the capital of the ancient Lydian Kingdom and later an important administrative center under the Achaemenid Persian Empire, has yielded numerous artifacts through decades of excavations, shedding light on the region's history.

**Xinhua**

# Floods kill 29, injure 129 across Afghanistan: WHO

KABUL August 3

At least 29 people have been killed, 129 injured and four remain missing after recent flash floods swept parts of eastern, southeastern and central Afghanistan, the World Health Organization (WHO) in Afghanistan announced, the local media Tolo news reported on Monday.

According to the report, the provinces of Nuristan, Nangarhar, Laghman, Paktika, Paktia, Khost, Ghazni, Kabul, Kapisa, Panjshir, Parwan, Logar and Maidan Wardak were affected, with the floods causing casualties and widespread property damage.

The WHO said at least 300 families were affected in Nuristan and Laghman alone.

The organization added that, in coordination with its health partners, it has deployed three mobile health teams to the affected areas to provide medical services to flood victims. **Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# How wildfire smoke could be putting YOUR heart at risk, even if it's HUNDREDS of miles away. Damage can start within days. These are the risks you must know

An 'apocalyptic wall of flames'.

That's how firefighters and local authorities have described the catastrophic wildfires sweeping across much of France and Spain, forcing more than 300,000 people to flee their homes or seek shelter.

But it's not just the immediate threat to life from the flames or smoke that is putting the health of thousands in jeopardy.

Mounting evidence suggests there are serious – and potentially fatal – long-term consequences not just for those caught up in the fires but even for those hundreds of miles away.

For instance, one study found that people who inhaled higher average levels of wildfire smoke around their homes are more likely to suffer a stroke than those exposed to the lowest levels, the European Heart Journal reported earlier this year.

Based on analysis of the health records of almost 25 million Americans aged 65 and over, the researchers found the risk was nearly twice that triggered by the same amount of pollution from traffic and industry – with wildfire smoke estimated to have caused around 17,000 additional strokes a year in the US. It's a figure many fear will rise further due to global warming.

Crucially, even moderate levels of wildfire pollution appeared to increase the danger – not just when the air was visibly thick with it, the study found.

More immediately worrying for holidaymakers heading to wildfire-risk regions, other research suggests health can be damaged in just a matter of days.

And it's not just mainland Europe where the danger lies. Last week, smoke from a wildfire in the Cairngorms in Scotland travelled 50 miles east to Aberdeen.

'Wildfire is often thought of as a problem for southern Europe, but that's increasingly changing,' says Dr Douglas Kelley, a global fire modelling expert at the UK Centre for Ecology and Hydrology.

'In 2025, the UK experienced its most extensive recorded wildfire season, with record areas burned across the country.'

He says fires on heathland, moorland and peatland 'can have significant impacts on air quality and public health, even when they occur far from major population centres'.

He adds: 'The wildfire risk is expected to increase across much of the UK, with more frequent periods of longer fire seasons and larger fires.

'That means smoke pollution is also likely to become a more important public health issue.'

The impact can be felt within just days. A study last year in The Lancet Planetary Health compared daily smoke levels from wildfires with death records covering 541 million people across 32 European countries.

It found the risk of dying from any cause rose during the seven days after wildfire pollution rose. And it seems wildfire smoke is more harmful than 'standard' air pollution, the researchers from the Barcelona Institute for Global Health noted.

The usual way of calculating the harm caused by air pollution assumes that tiny particles are equally dangerous whether they come from traffic, industry or a wildfire. Using this method, only 38 deaths a year would have been attributed to wildfire smoke.

But when the researchers allowed for evidence that suggested particles released by fires are more harmful, the estimate rose to 535, almost 14 times higher.

Wildfire smoke is thought to damage the body so quickly because burning trees and vegetation release a mixture of toxic gases and fine particles



known as PM2.5. These particles are less than one-thirtieth of the width of a human hair and can travel deep into the lungs.

They irritate the lung tissue, causing the immune system to release inflammatory chemicals. This can make the airways swell and tighten and increase mucus production, leading to coughing, wheezing, breathlessness and chest tightness.

The inflammation can also spread throughout the body, damaging the lining of blood vessels, making them stiffer and causing the blood to clot more readily – potentially increasing the risk of a heart attack.

It may also make fatty deposits inside if the arteries rupture. If a clot then blocks the blood supply to the brain, it causes a stroke.

Another major study, published in the Journal of the American College of Cardiology in February, which looked at 65.2 million Americans aged 65 and over and their average three-year exposure to wildfire pollution, found that those who breathed in moderate amounts had a 4 percent greater risk of being admitted to hospital with cardiovascular problems than those inhaling the least.

At higher exposure levels, the risk of heart failure was at least 20 percent greater.

Associate Professor Kai Chen, an environmental-health epidemiologist at the Yale School of Public Health who led the study, told Good Health wildfire smoke 'contains a greater share of much smaller, chemically reactive particles than typical urban pollution'.

The smallest particles may also pass from the lungs into the bloodstream where they can irritate and damage blood vessels and intensify inflammation, triggering chemical 'stress signals' which travel around the body.

These signals can disturb the nerves that keep the heart beating steadily, making its electrical rhythm unstable. The heart may then beat too quickly, too slowly or irregularly, known as an arrhythmia.

The signals also cause blood vessels to tighten, forcing the heart to work harder and raising the risk of a heart attack, particularly in someone whose arteries are already narrowed.

For people with asthma or chronic obstructive pulmonary disease, which affects around 1.2 million people in the UK, the consequences can be more serious.

'People with asthma or COPD already have sensitive or damaged airways,' explains Dr Matt Swallow, clinical lead at the charity Asthma + Lung UK. 'Smoke can trigger airway inflammation, making symptoms worse and increasing the risk of an asthma attack or COPD flare-up.'

Yet experts warn that people do not even have to be close to a wildfire to suffer the effects.

Powerful fires can propel smoke several miles into the sky, where faster winds may carry it across countries or even oceans. Changes in the weather can then bring the pollution back down into the air people breathe.

'Distance alone is often a poor indicator of exposure,' says Dr Mark Parrington, a senior scientist at the EU's Copernicus Atmosphere Monitoring Service. 'People do not need to be immediately downwind of a wildfire to experience wildfire smoke pollution.'

The extraordinary distance smoke can travel was demonstrated in 2023, when pollution from Canadian wildfires crossed the Atlantic and reached Europe.

A study published in Nature last year estimated that almost 48 million Europeans experienced at least one day when particle pollution exceeded the World Health Organisation's recommended daily limit of 15 micrograms per cubic metre of air, with Canadian wildfire smoke responsible for at least half of it.

The same fires sent smoke hundreds of miles across the US. The US Centers for Disease Control and Prevention found that A&E visits for asthma were 17 percent higher than expected during 19 days when smoke pushed air pollution to unhealthy levels.

Dr Parrington says smoke from the current French and Spanish fires is being carried mainly eastwards and is not expected to reach Britain.

But he still fears Britain 'may increasingly experience episodes of degraded air quality originating from fires hundreds or even thousands of kilometres away'.

'These fires can have significant impacts on air quality and public health, even when they occur far from major population centres,' he adds. **Mail Online**

# တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း (အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း (အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ အဖွင့်ပွဲစဉ်ယှဉ်ပြိုင်ကစားစဉ်။

နေပြည်တော် ဩဂုတ် ၃

တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း (အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်၊ အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများ၊ အားကစားဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အဖွင့်ပွဲစဉ်ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါတိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ အမျိုးသားပြိုင်ပွဲဝင်အသင်း ၁၆ သင်း၊ အမျိုးသမီးပြိုင်ပွဲဝင်အသင်း ၁၆ သင်းတို့ဖြင့် ဩဂုတ်လ ၁၄ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

# ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၃

ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ညနေပိုင်းတွင် နယ်မြေခံသင်တန်းကျောင်းရှိ အားကစားရုံ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ဝိတ်တန်းအလိုက် အားကစားသမားများ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကိုဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းဆုရရှိသူများ၊ အသင်းလိုက်ဆုရရှိကြသူများနှင့် ဒိုင်းဆုရရှိသော အင်းတိုင်တပ်နယ်ကိုယ်စားပြုအသင်းတို့အား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့်ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ပြီး အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် ဒိုင်းဆုရရှိသော အင်းတိုင်တပ်နယ်ကိုယ်စားပြုအသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

အဆိုပါ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်တပ်နယ်များနှင့် တပ်ရင်း/တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ဇူလိုင်လ ၂၄ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

# လေးမျက်နှာမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး မြစ်ရေတိုက်စားမှုကြောင့် ဝေါန်မြစ်ရေကာတာကျိုးပေါက်၍ လေးမျက်နှာမြို့ပေါ်ရပ်ကွက်များနှင့်ပတ်ဝန်းကျင်ကျေးရွာများသို့ ရေဝင်ရောက်မှုဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆက်လက်ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၃

ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်တွင် ဇူလိုင်လ ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုကြောင့် ဝေါန်မြစ်ရေကာတာကျိုးပေါက်ကာ လေးမျက်နှာမြို့ပေါ်ရပ်ကွက် (၅)ခု၊ မြို့တွင်းလမ်းမကြီးများနှင့် ပတ်ဝန်းကျင်ကျေးရွာ ၅၁ ရွာသို့ ရေဝင်ရောက်မှုများဖြစ်ပွားခဲ့သဖြင့် လူနေအိမ်များအတွင်းသို့ ရေဝင်ရောက်မှုများဖြစ်ပွားခဲ့ခြင်းကြောင့် ရေဘေးသင့်ပြည်သူများအား ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ပစ္စည်းများအား ဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းခြင်းများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ စုပေါင်း၍ ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်နေမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင်နှင့် တာဝန်ရှိသူများက ယနေ့မွန်းလွဲပိုင်းတွင် သွားရောက်ကြည့်ရှုအားပေးပြီး ရေဘေးသင့်ပြည်သူများအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားစဉ်။

# အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၃

အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ယနေ့ညနေပိုင်းက တိုင်းစစ်ဌာနချုပ်ရှိ အားကစားကွင်း၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်သူရဇော်လွင်စိုးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ဗိုလ်လုပွဲ ပွဲစဉ်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကိုဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းဆုရရှိသူများ၊ အသင်းလိုက်ဆုရရှိကြသူများနှင့် ဒိုင်းဆုရရှိသော တိုင်းစစ်ဌာနချုပ်၊ စခန်းရုံးအသင်းတို့အား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့်ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၅ သင်းဖြင့် ဇူလိုင်လ ၁၅ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

# သပိတ်ကျင်းမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအားသွားရောက်ကြည့်ရှုအားပေး

နေပြည်တော် ဩဂုတ် ၃

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော ဒေသခံတိုင်းရင်းသားပြည်သူများ၊ အရာရှိ၊ စစ်သည်များအား ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေးနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများအား ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဆေးရုံဝင်းအတွင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ဆေးရုံရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေး ဆေးရုံတက်ရောက်ကုသမှုခံယူနေသူတစ်ဦးအား အာဟာရဖြည့်စားသောက်ဖွယ်ရာများပေးအပ်စဉ်။



# Apple Maps က Built-in ပါလာမယ့် Ford ရဲ့ကားအသစ်များ

Ford နဲ့ Apple တို့ ပူးပေါင်းပြီး Ford ရဲ့ နောက်ထွက်ရှိလာမယ့် Universal Electric Vehicle (UEV) လျှပ်စစ်ကားတွေမှာ Apple Maps ကို Built-in လမ်းညွှန်စနစ်အဖြစ် ထည့်သွင်းပေးတော့မယ်လို့ ကြေညာလိုက်ပါတယ်။ ဒီစနစ်ကို Apple ရဲ့ MapKit for Automotive SDK နည်းပညာသုံးပြီး တည်ဆောက်ထားတာဖြစ်လို့ ကားရဲ့ မော်နီတာပေါ်မှာ ကားအတွင်းပိုင်းဒီဇိုင်းနဲ့ အံဝင်ခွင်ကျဖြစ်ပြီး လှပသပ်ရပ်တဲ့ Apple Maps ဒီဇိုင်းအတိုင်း တိုက်ရိုက်အသုံးပြုနိုင်မှာပါ။

ဒ့ါအပြင် Apple Maps ရဲ့ ကိုယ်ရေးအချက်အလက် လုံခြုံရေးမူဝါဒကိုလည်း အပြည့်အဝလိုက်နာထားပြီး ပုံမှန်အသုံးပြုနေကျ Apple CarPlay စနစ်ကိုလည်း ကားပေါ်မှာ ဆက်လက်အသုံးပြုနိုင်ဦးမှာဖြစ်ပါတယ်။ သူ့မှာပါလာမယ့် လုပ်ဆောင်ချက်တွေကတော့ သဘာဝစကားပြောဟန်အတိုင်း အသံနဲ့တိတိကျကျ လမ်းညွှန်ပေးနိုင်တဲ့ Turn–by–turn စနစ်၊ ယာဉ်ကြောပိတ်ဆို့မှုတွေ၊ လမ်းပေါ်ကမတော်တဆမှုဖြစ်ပွားတဲ့ သတင်းတွေကို ချက်ချင်းအချိန်နဲ့တစ်ပြေးညီ ပြသပေးမယ့်စနစ်၊ သွားချင်တဲ့နေရာရဲ့ အသေးစိတ်အချက်အလက်တွေနဲ့အတူ မိမိအတွက် အဆင်ပြေဆုံးလမ်းကြောင်းတွေကို လွယ်ကူစွာရှာဖွေနိုင်မယ့်စနစ်၊ အားသွင်းစတေရှင်သွားရာလမ်းကြောင်းနဲ့ချိတ်ဆက်ပြီး ဘက်ထရီအပူချိန်ကို ကြိုတင်ပြင်ဆင်ပေးတဲ့စနစ်တို့ပါဝင်လာမှာဖြစ်ပါတယ်။

**Ref: EA**

**ကိုထက်**

# ဘာသာစကား ပိုပြောနိုင်လေ ဦးနှောက်အိုမင်းရင့်ရော်မှု ပိုနှေးကွေးလေ




အသက်ကြီးလာတဲ့အခါ ဦးနှောက်ရဲ့ ကလာပ်စည်းတွေကြား ချိတ်ဆက်မှု လျော့နည်းလာပြီး မှတ်ဉာဏ်နဲ့စဉ်းစားတွေးခေါ်မှုတွေ နှေးကွေးသွားတတ်ပေမယ့် ဘာသာစကားအများအပြားကို လေ့လာပြောဆိုနိုင်ခြင်းက ဦးနှောက်ကို အသက်အရွယ်ထက်ပိုပြီး နုပျိုစေတယ်လို့ သုတေသနအသစ်တစ်ခုမှာ ဖော်ပြထားပါတယ်။

ဒီသုတေသနကို စပိန်နိုင်ငံမှဒေါက်တာ လူစီယာအာမိုရူဆိုနဲ့အဖွဲ့က ပြုလုပ်ခဲ့တာဖြစ်ပြီး စပိန်၊ ပြင်သစ်၊ အင်္ဂလိပ် စတဲ့ ဘာသာစကားတစ်မျိုးကနေ လေးမျိုးအထိ ပြောဆိုနိုင်သူတွေရဲ့ ဦးနှောက်လှုပ်ရှားမှုကို AI နည်းပညာသုံး ဦးနှောက်အိုမင်းမှုတိုင်းတာစနစ်နဲ့စိစစ်လေ့လာခဲ့ကြတာပါ။ လေ့လာတွေ့ရှိချက်တွေအရ ဘာသာစကားတစ်မျိုးတည်း ပြောဆိုသူတွေနဲ့ယှဉ်ရင် ဘာသာစကားနှစ်မျိုးပြောနိုင်သူတွေရဲ့ ဦးနှောက်ဟာ ခြောက်နှစ်ခန့်ပိုမိုနုပျိုနေပြီး ဘာသာစကားသုံးမျိုးပြောနိုင်သူတွေမှာ ခုနစ်နှစ်ခန့်နဲ့ လေးမျိုးအထိ ပြောနိုင်သူတွေမှာဆိုရင် ၁၃ နှစ်အထိ ပိုမိုနုပျိုနေတာကို တွေ့ရပါတယ်။

အကြောင်းရင်းကတော့ ဘာသာစကားတစ်ခုနဲ့တစ်ခု ကူးပြောင်းပြောဆိုတဲ့အခါ စကားလုံးတွေ၊ သဒ္ဒါစနစ်တွေနဲ့ အသံထွက်တွေကို စက္ကန့်ပိုင်းအတွင်း ချက်ချင်းရွေးချယ်အသုံးပြုရတာကြောင့် ဦးနှောက်အတွက် စဉ်ဆက်မပြတ် လေ့ကျင့်ခန်းလုပ်ပေးသလိုဖြစ်နေလို့ပါ။ ဒါကြောင့်ဘာသာစကားအသစ်ကို လေ့လာတာဟာ ဦးနှောက်ကျန်းမာရေးအတွက်ကောင်းမွန်စေပါတယ်။ **Ref: STD**

**ကိုထက်**

# နည်းပညာအဆင့်မြှင့်တင်လာတဲ့ တရုတ်ရဲ့ ဆဋ္ဌမမျိုးဆက်တိုက်လေယာဉ်



တရုတ်နိုင်ငံဟာ သူတို့ရဲ့နောက်ဆုံးပေါ်ဖြစ်တဲ့ ဆဋ္ဌမမျိုးဆက်တိုက်လေယာဉ်ထုတ်လုပ်ရေးစီမံကိန်းကြီးအတွက် အဓိကကျတဲ့ နည်းပညာအဆင့်မြှင့်တင်မှုလုပ်ငန်းတွေကို အရှိန်အဟုန်တိုးမြှင့် လုပ်ဆောင်လျက်ရှိပါတယ်။ အဲဒီလေယာဉ်အသစ်တွေမှာ အဓိကအားဖြင့် ရေဒါရဲ့ထောက်လှမ်းမှုအောက်မှာ ပျောက်ကွယ်နေစေမယ့် ကိုယ်ပျောက်နည်းပညာတွေကို ပိုမိုအဆင့်မြှင့်တင်ထားပါတယ်။


ဒါတင်မကသေးပါဘူး။ အလိုအလျောက်ထိန်းချုပ်စနစ်သုံး အခြေအရံဒရုန်းတွေနဲ့ပါ ချိတ်ဆက်မောင်းနှင်နိုင်မယ့် နည်းပညာတွေကိုလည်း ထည့်သွင်းဖန်တီးနေတာဖြစ်ပါတယ်။ ဒ့ါအပြင် အဆင့်မြင့် မိုက်ခရိုဝေ့နဲ့ လေဆာလက်နက်တွေလိုမျိုး စွမ်းအင်သုံးလက်နက်များတပ်ဆင်နိုင်ရေး၊ ဉာဏ်ရည်တုနည်းပညာ(AI) အသုံးပြု ကွပ်ကဲမှုစနစ်များနဲ့ ပိုမိုအားကောင်းတဲ့ အင်ဂျင်စနစ်တွေကိုပါ အဆင့်မြှင့်တင်ပေါင်းစပ်ပြီး တည်ဆောက်နေတာတွေ့ရပါတယ်။

အခုလိုမျိုး နည်းပညာအဆင့်မြှင့်တင်မှုတွေဟာ အမေရိကန်ရဲ့ မျိုးဆက်သစ် ဝေဟင်လွှမ်းမိုးနိုင်ရေးစီမံကိန်းနဲ့ ရင်ပေါင်တန်းနိုင်စေဖို့နဲ့ ဝေဟင်လွှမ်းမိုးရေးကဏ္ဍမှာ နည်းပညာအရသာလွန်မှုရရှိနိုင်စေဖို့အတွက် တရုတ်က မဟာဗျူဟာကျကျ ပြင်ဆင်နေတာဖြစ်တယ်လို့ လေ့လာသူများကသုံးသပ်ဖော်ပြထားတာတွေ့ရှိရပါတယ်။

**Ref: IE**

**ကိုထက်**

# ပင်လယ်ပြင်ရှာဖွေရေးအတွက် မောင်းသူမဲ့ရေယာဉ်နည်းပညာများ



အမေရိကန်ရေတပ်နဲ့ စစ်ဘက်နည်းပညာအဖွဲ့တွေဟာ ပင်လယ်ပြင်ကင်းလှည့်တာ၊ ရေအောက်မိုင်းတွေ ရှာဖွေဖော်ထုတ်တာနဲ့ အန္တရာယ်များလှတဲ့ ရှာဖွေရေးလုပ်ငန်းတွေအတွက် မောင်းသူမဲ့ရေယာဉ်နည်းပညာတွေကို ပိုမိုတိုးမြှင့်အသုံးပြုလာနေကြပါတယ်၊ ဒီလိုမျိုး မောင်းသူမဲ့ရေယာဉ်တွေပေါ်မှာ အဆင့်မြင့်ဆင်ဆာတွေ၊ ရေအောက် အသံလှိုင်းသုံးဆင်ဆာဖြစ်တဲ့ ဆိုနာစနစ်တွေ၊ ဉာဏ်ရည်တုနည်းပညာနဲ့ ဂြိုဟ်တုဆက်သွယ်ရေးစနစ်တွေကို ပေါင်းစပ်တပ်ဆင်ထားတာပါ။

အဆင့်မြင့်နည်းပညာတွေ ပါဝင်လာမှုကြောင့် ပင်လယ်ပြင်ကျယ်ကြီးတွေထဲမှာ အချိန်ကြာမြင့်စွာလုပ်ငန်းတွေကိုဆောင်ရွက်နိုင်ရုံသာမကဘဲ စစ်ဆင်ရေးတွေမှာ လူသားစစ်သည်တွေ ကြုံတွေ့လာရနိုင်တဲ့ အသက်အန္တရာယ်ကိုလည်း အထိရောက်ဆုံးလျှော့ချပေးနိုင်မှာဖြစ်ပါတယ်။

ဒ့ါအပြင်အဲဒီမောင်းသူမဲ့ရေယာဉ်တွေကို တစ်စင်းတည်းမောင်းနှင်ရုံတင်မဟုတ်ဘဲ ရေယာဉ်အစုအဝေးလိုက် ချိတ်ဆက်လှုပ်ရှားနိုင်တဲ့အုပ်စုဖွဲ့လုပ်ငန်းဆောင်ရွက်မှုစနစ်တွေကိုပါ ထည့်သွင်းထားပါတယ်။ ဒါကြောင့် သူတို့ကြားမှာ အချင်းချင်းအချက်အလက်တွေပေးပို့ချိတ်ဆက်ပြီး ရှာဖွေရေးနဲ့ ကယ်ဆယ်ရေးလုပ်ငန်းတွေကိုပိုမိုထိရောက်စွာပူးပေါင်းလုပ်ဆောင်နိုင်မှာပါ။ ဒီရေယာဉ်တွေက နောက်ပိုင်းကျရင်ပင်လယ်ပြင်စစ်ဆင်ရေးနဲ့ စောင့်ကြည့်ရေးလုပ်ငန်းတွေမှာ အရေးပါတဲ့ အခန်းကဏ္ဍကနေပိုမိုပါဝင်လာတော့မှာဖြစ်ပါတယ်။

**Ref: IE**

**ကိုထက်**

# ဘက်ထရီ 6000mAh ပါတဲ့ Galaxy F70 Pro




Samsung ဟာ သူတို့ရဲ့ F–series ဖုန်းအမျိုးအစားအသစ်ဖြစ်တဲ့ Galaxy F70 Pro ကို ဘက်ထရီပမာဏကြီးကြီး၊ ကင်မရာအမျိုးအစားစုံစုံနဲ့ တရားဝင်မိတ်ဆက်ပေးလိုက်ပြီ ဖြစ်ပါတယ်။ ဒီဖုန်းမှာ အဓိကဆွဲဆောင်မှုတစ်ခုကတော့ တစ်နေကုန်စိတ်ကြိုက်သုံးစွဲနိုင်မယ့် 6000mAh ရှိတဲ့ ဘက်ထရီကြီးပါဝင်လာတာဖြစ်ပြီး မြန်ဆန်တဲ့ အားသွင်းစနစ်ကိုပါ အထောက်အကူပြုပေးထားတာပါ။

ကင်မရာပိုင်းမှာတော့ နောက်ဘက်မှာ ကင်မရာသုံးလုံးတပ်ဆင်ထားပြီး အဓိကကင်မရာကြီးအပြင် Ultra–wide နဲ့ Depth/Macro စတာတွေကိုပါပေါင်းစပ်ပေးထားတာကြောင့် ဓာတ်ပုံရိုက်ရတာပိုမိုစုံလင်စေမှာ ဖြစ်ပါတယ်။ ဒ့ါအပြင် မျက်နှာပြင် ကျယ်ကျယ်ပြန့်ပြန့်နဲ့ ရုပ်ထွက်ကြည်လင်ပြတ်သားတဲ့ Display စနစ်ပါဝင်ပြီး နေ့စဉ်သုံးစွဲမှုတွေနဲ့ ဂိမ်းကစားရာမှာ အဆင်ပြေချောမွေ့အောင် Performance ပိုင်းကိုပါ အဆင့်မြှင့်တင်ပေးထားပါတယ်။

လက်ရှိမှာ ဒီဖုန်းကို အိန္ဒိယနိုင်ငံမှာစတင်မိတ်ဆက်လိုက်တာပါ။ အရောင်နှစ်မျိုးနဲ့ ရရှိမှာဖြစ်ပြီး အခြေခံဈေးနှုန်းက ၂၃၉၉၉ ရူပီးမှစတင်ကာ အမြင့်ဆုံးက ၃၂၉၉၉ ရူပီးအထိရှိတာကြောင့် ဈေးနှုန်းချိုချိုသာသာနဲ့ ကင်မရာစုံစုံလင်လင်ရချင်သူတွေအတွက် ရည်ရွယ်ပြီး ဈေးကွက်ထဲရောင်းချပေးသွားမှာဖြစ်ပါတယ်။

**Ref: GA**

**ကိုထက်**

# တိုက်ပွဲစီမံချက်ရေးဆွဲပြီး ပူးပေါင်းလေကြောင်းတိုက်ခိုက်မှုလုပ်နိုင်မယ့် AI စနစ်ကို တရုတ်ပြသ



**ပေကျင်း၊ စစ်ရေး**

တရုတ်နိုင်ငံပိုင်သတင်းဌာနတစ်ခုဖြစ်တဲ့ CCTV သတင်းဌာနက AI နည်းပညာကို စစ်ဘက်မှာအသုံးချနိုင်ခြင်းနဲ့ပတ်သက်ပြီး စိတ်ဝင်စားဖို့ကောင်းတဲ့ သတင်းတစ်ခုကို မှတ်တမ်းသဖွယ်ထုတ်လွှင့်သွားပါတယ်။ အဲဒီမှတ်တမ်းဗီဒီယိုမှာတော့ တပ်ဖွဲ့ပေါင်း ၁၀၀ ကျော်အထိပါဝင်တဲ့ တိုက်ပွဲစီမံချက်များကိုရေးဆွဲနိုင်တဲ့အပြင် ပူးပေါင်းလေကြောင်းတိုက်ခိုက်မှုကိုပါ လုပ်ဆောင်နိုင်မယ့် AI စနစ်ကို ထုတ်ဖော်ပြသသွားတာပါ။ အဲဒီစနစ်ကို လက်ရှိမှာ တရုတ်လေတပ်ကအသုံးပြုနေတာဖြစ်ပါတယ်။

အဲဒီစနစ်ကို အသုံးပြုခြင်းအားဖြင့် မြေပြင်တပ်မှူးတွေနဲ့ တိုက်လေယာဉ်မှူးတွေက ဘယ်ပစ်မှတ်တွေကအရေးကြီးတယ်ဆိုတာကို ခွဲခြားသတ်မှတ်နိုင်မှာဖြစ်သလိုတစ်သုတ်ပြီးတစ်သုတ်တိုက်ခိုက်မှုတွေကိုလည်း လုပ်ဆောင်နိုင်စေမှာဖြစ်ပါတယ်။ အထင်ရှားဆုံးကတော့ တပ်ဖွဲ့ပေါင်း ၁၀၀ ကျော်ရှိတဲ့အထဲမှာ ဘယ်တပ်ဖွဲ့ကတော့ဘာတာဝန်ကိုလုပ်ဆောင်ရမယ်ဆိုပြီး တိကျတဲ့တာဝန်တွေကို ခွဲဝေသတ်မှတ်ပေးထားနိုင်ပါတယ်။

တရုတ်နိုင်ငံက အခုလို AI နည်းပညာကိုလက်တွေ့စစ်ဆင်ရေးနယ်ပယ်မှာအသုံးချနိုင်ကြောင်း ထုတ်ဖော်ပြသလိုက်ခြင်းဟာ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရဲ့ စစ်ဆင်ရေးတွေမှာ ခေတ်ရှေ့ပြေးနည်းပညာတွေကို ပေါင်းစပ်အသုံးပြုလာနိုင်နေပြီဆိုတာကို သတင်းစကားပါးလိုက်ခြင်းမျိုးလည်းဖြစ်ပါတယ်။ ဒါ့အပြင် များပြားလှစွာသောပလက်ဖောင်းများနဲ့ လက်နက်စနစ်များပေါင်းစပ်ပါဝင်တဲ့ စနစ်များရဲ့စနစ်စစ်ဆင်ရေးအယူအဆကိုလည်းကောင်းစွာအထောက်အပံ့ဖြစ်စေမှာဖြစ်ပါတယ်။ CCTV သတင်းဌာနက အဲဒီအစီအစဉ်ကို တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်တည်ထောင်မှု ၉၉ နှစ်မြောက်အထိမ်းအမှတ်အနေနဲ့ ထုတ်လွှင့်ခဲ့တာပါ။

**Ref: SCMP**

# အမေရိကန်နဲ့ ဆွေးနွေးမှုလုပ်နေခြင်း မရှိဟု အီရန်ပြော

**တီဟီရန်၊ စစ်ရေး**

အီရန်နိုင်ငံအနေနဲ့ အမေရိကန်နိုင်ငံနဲ့ ဆွေးနွေးမှုလုပ်နေခြင်းမရှိဘူးလို့ အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနက ဩဂုတ်လ ၃ ရက်မှာထုတ်ပြန်လိုက်ပါတယ်။ အခုဆိုရင် ခြောက်လတာကာလထဲကိုရောက်လာပြီဖြစ်တဲ့ စစ်ပွဲကိုအဆုံးသတ်နိုင်ရေးအတွက် အမေရိကန်နဲ့အီရန်တို့က ဩဂုတ်လ ၃ ရက်မှာဆွေးနွေးမှုအသစ်တွေကို စတင်သွားမယ်လို့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကပြောပြီးနောက် အီရန်ဘက်က အခုလိုမျိုးထုတ်ပြန်လာတာပါ။

“ကျွန်တော်တို့အနေနဲ့ အမေရိကန်နဲ့ လက်ရှိမှာဆွေးနွေးနေတာမရှိပါဘူး။ အခုလုပ်နေတဲ့ဆွေးနွေးမှုက အိုမန်နိုင်ငံနဲ့ဖြစ်ပြီး ဟော်မုဇ်ရေလက်ကြားကိုဘေးကင်းစွာဖြတ်သန်းနိုင်ရေးအတွက်ဆွေးနွေးနေတာဖြစ်ပါတယ်”လို့ အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနမှပြောရေးဆိုခွင့်ရှိသူကပြောထားပါတယ်။ အခုဆိုရင် ဟော်မုဇ်ရေလက်ကြားကိုဖြတ်သန်းရေးနဲ့ပတ်သက်ပြီး အိုမန်နိုင်ငံနဲ့ သဘောတူညီချက်ရလုနီးပါးဖြစ်နေပြီလို့ အီရန်အစိုးရကထုတ်ပြန်ထားပါတယ်။

**Ref: ST**

# ဘင်္ဂလားဒေ့ရှ်မှာ ဝက်သက်ရောဂါကြောင့် မိသားစုတွေအကြွေးတင်

**ဒါကာ၊ ကျန်းမာရေး**

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ ဆယ်စုနှစ်များစွာအတွင်း လူသေဆုံးမှုအများဆုံးဖြစ်တဲ့ ဝက်သက်ရောဂါကြောင့် ကလေးငယ်များစွာသေဆုံးနေရပါတယ်။ တစ်ချိန်တည်းမှာပဲ မိသားစုများစွာကလည်း စီးပွားရေးကျပ်တည်းပြီး အကြွေးတွေတင်နေရတယ်လို့ ကူညီကယ်ဆယ်ရေးအဖွဲ့တွေက ဩဂုတ်လ ၃ ရက်မှာသတိပေးလိုက်ပါတယ်။

ဒီနှစ်မတ်လ ၁၅ ရက်မှစပြီး ဝက်သက်ရောဂါဖြစ်ပွားမှုကြောင့် အနည်းဆုံးကလေးငယ် ၈၈၄ ဦးသေဆုံးပြီး ၁၁၂၀၀၀ ကျော်ဟာ ဆေးရုံတက်ရောက်ကုသမှုခံယူနေရတယ်လို့ ကျန်းမာရေးဝန်ကြီးဌာနရဲ့ထုတ်ပြန်ချက်တွေမှာဖော်ပြထားပါတယ်။ အဲဒီလိုဝက်သက်ရောဂါဖြစ်ပွားနေတဲ့ မိသားစု ၁၀ စုအနက် ကိုးစုကဆေးဖိုးဝါးခအတွက် ငွေကြေးတွေကို လိုက်လံချေးငှားရတယ်လို့ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီအသင်းများအဖွဲ့ချုပ်နဲ့ဘင်္ဂလားဒေ့ရှ်လခြမ်းနီအဖွဲ့တို့က ထုတ်ပြန်ထားပါတယ်။ အဲဒီအဖွဲ့တွေဟာ ကလေးတွေကိုဆေးရုံတင်ထားရတဲ့ မိသားစု ၂၇၄၆ စုကိုလေ့လာစစ်တမ်းကောက်ယူမှုတွေလုပ်ပြီး အခုလိုသတိပေးချက်ကို ထုတ်ပြန်ခဲ့တာဖြစ်ပါတယ်။

**Ref: ST**



# ဂျပန်ရှိ ငလျင်ဒဏ်သင့်ဒေသမှာ စံချိန်တင် အပူချိန်မြင့်တက်မှုနဲ့ပါ ရင်ဆိုင်နေရ

**တိုကျို၊ ရာသီဥတု**

ဂျပန်နိုင်ငံမှာ မကြာသေးခင်ကအင်အားပြင်းငလျင်လှုပ်ခတ်မှုနဲ့ရင်ဆိုင်ထားရတဲ့ ငလျင်ဒဏ်သင့်ကူမာမိုတိုမြို့က အခုဆိုရင် စံချိန်တင်အပူချိန်မြင့်တက်မှုနဲ့ပါရင်ဆိုင်နေရတယ်လို့ဆိုပါတယ်။ ဩဂုတ်လ ၃ ရက်မှာတိုင်းထွာရရှိတဲ့အပူချိန်အရ ကူမာမိုတိုမြို့မှာ နေ့အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်အထက်ရောက်ရှိနေတာ တွေ့ရပါတယ်။ အခုလောက်အထိ အပူချိန်မြင့်တက်လာခြင်းဟာ ကူမာမိုတိုမြို့အတွက်တော့ပထမဆုံးအကြိမ်ပါပဲ။

ပြင်းအား ၇ ဒသမ ၁ မဂ္ဂနီကျူရှိတဲ့ငလျင်ဒဏ်အောက်ကနေ ရုန်းထဖို့ကြိုးစားနေတဲ့ ကူမာမိုတိုမြို့ဒေသခံများဟာ အခုဆိုရင် အပူချိန်မြင့်တက်မှုဒဏ်ကိုပါ ခါးစည်းခံနေရတာဖြစ်တဲ့အတွက် ပြည်သူများအနေနဲ့ အပူလျှပ်ခြင်းကြောင့် အသက်သေဆုံးမှုမဖြစ်စေရေးအတွက် လိုအပ်တဲ့ကျန်းမာရေးဂရုစိုက်မှုတွေကိုလိုက်နာကြဖို့ တာဝန်ရှိသူများကတိုက်တွန်းထားပါတယ်။ အဲဒီဂရုစိုက်မှုတွေထဲမှာ နေရောင်ခြည်အောက်မှာအလုပ်တွေကို ပြင်းပြင်းထန်ထန်မလုပ်ဖို့နဲ့ နေ့အချိန်မှာအရိပ်အာဝါသကောင်းပြီး အေးမြတဲ့နေရာမှာပဲနေဖို့ဆိုတဲ့အချက်တွေပါဝင်ပါတယ်။

အခုဆိုရင် ဂျပန်နိုင်ငံရဲ့သတ်မှတ်ချက်တွေအရ အမြင့်ဆုံးအဆင့်ဖြစ်တဲ့ အဆင့် ၇ ရှိငလျင်လှုပ်ခတ်ပြီးတာ သီတင်းပတ်တစ်ပတ်နီးပါးရှိလာပါပြီ။ ဒီအချိန်မှာ လူပေါင်း ၈၅၀၀ ကျော်ဟာ ငလျင်ဒဏ်သင့်ကယ်ဆယ်ရေးစခန်းတွေမှာပဲ နေနေကြရပါသေးတယ်။ အဲဒီငလျင်ကြောင့် အခုအချိန်အထိ သေဆုံးသူစုစုပေါင်း ၃၆ ဦးအထိရှိတယ်လို့ ကူမာမိုတိုတာဝန်ရှိသူတွေကထုတ်ပြန်ထားပါတယ်။ နောက်ထပ်သေဆုံးသူနှစ်ဦးလည်းရှိပါသေးတယ်။ ဒါပေမဲ့ အဲဒီနှစ်ဦးက ငလျင်ကြောင့်သေဆုံးရတာဟုတ်၊ မဟုတ်ကို တာဝန်ရှိသူတွေက စုံစမ်းစစ်ဆေးမှုတွေလုပ်ဆောင်နေတယ်လို့သိရပါတယ်။

**Ref: Xinhua**

# ပါကစ္စတန်မှာ အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် သေဆုံးသူ ၁၉ ဦးအထိရှိလာ

**အစ္စလာမ်မာဘတ်၊ တိုက်ခိုက်မှု**

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ခိုင်ဘာပတ်တန်ခွာပြည်နယ်ရှိ ဆွက်ခရိုင်မှာ ဩဂုတ်လ ၂ ရက်က အသေခံဗုံးခွဲတိုက်ခိုက်မှုတစ်ခုဖြစ်ပွားခဲ့ပါတယ်။ အခုတော့ အဲဒီတိုက်ခိုက်မှုကြောင့် သေဆုံးသူအရေအတွက်ဟာ ၁၉ ဦးအထိရှိလာပြီဖြစ်တယ်လို့ ပါကစ္စတန်တာဝန်ရှိသူများက ဩဂုတ်လ ၃ ရက်မှာပြောထားပါတယ်။

အသေခံဗုံးခွဲတိုက်ခိုက်သူက ရဲစခန်းရဲ့ဂိတ်ဝမှာ ကိုယ့်ကိုယ်ကိုယ်အသေခံပြီး ဗုံးခွဲခဲ့တာပါ။ ရဲတပ်ဖွဲ့ဝင်တစ်ဦးက သူ့ကိုတားဆီးထားတဲ့နေရာမှာတင် အသေခံဗုံးခွဲခဲ့တာဖြစ်ပါတယ်။ ဖြစ်စဉ်ဖြစ်ပွားတဲ့အချိန်မှာတော့ လူ ၁၅ ဦးသေဆုံးပြီး ၂၀ ကျော်ဒဏ်ရာရရှိသွားပါတယ်။ အဲဒီလိုသေဆုံးတဲ့သူတွေထဲမှာ ရဲတပ်ဖွဲ့ဝင်တွေအများဆုံးပါဝင်ပါတယ်။

နောက်ထပ်သေဆုံးသူ လေးယောက်ကတော့ ရရှိတဲ့ဒဏ်ရာတွေနဲ့ပဲ ဆေးကုသမှုခံယူနေစဉ် ဩဂုတ်လ ၃ ရက်မှာသေဆုံးသွားတဲ့အတွက် သေဆုံးသူစုစုပေါင်း ၁၉ ဦးအထိမြင့်တက်လာရတာဖြစ်တယ်လို့ တာဝန်ရှိသူတစ်ဦးကပြောပါတယ်။ အခုတိုက်ခိုက်မှုကိုတော့ တာလီဘန်အဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ Tehreek–i–Taliban Pakistan အဖွဲ့ကလုပ်ဆောင်တာဖြစ်တယ်လို့ အဲဒီအဖွဲ့ကိုယ်တိုင်က ဝန်ခံထားတယ်လို့တာဝန်ရှိသူတွေကပြောပါတယ်။

**Ref: Xinhua**

# ယူကရိန်းက အီရန်သင်္ဘောကို ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်ခဲ့ခြင်းဖြစ်ဟုဆို

**တီဟီရန်၊ နိုင်ငံရေး**

ဇူလိုင်လ ၂၅ ရက်တုန်းက ကက်စပီယံပင်လယ်ထဲမှာ အီရန်ရဲ့ကုန်တင်သင်္ဘောတစ်စင်းကို ယူကရိန်းတိုက်ခိုက်ခဲ့ခြင်းဟာ ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး ဒါနဲ့ပတ်သက်လို့လည်း သက်သေတွေကို ရထားတယ်လို့ အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနမှပြောရေးဆိုခွင့်ရှိသူ အစ္စမေးဘာဂါအီက ဩဂုတ်လ ၃ ရက်မှာပြောပါတယ်။

“ယူကရိန်းသမ္မတဇီလန်စကီရဲ့ထုတ်ပြန်ချက်တွေအပါအဝင် ရှင်းလင်းတဲ့သက်သေအထောက်အထားတွေရရှိထားပါတယ်။ ဒီလိုသက်သေအထောက်အထားတွေကပဲ ယူကရိန်းက အီရန်ရဲ့ကုန်တင်သင်္ဘောကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်ခဲ့တယ်ဆိုတာကိုဖော်ညွှန်းနေတာဖြစ်ပါတယ်”လို့ ဘာဂါအီက ရုပ်မြင်သံကြားထုတ်လွှင့်မှုမှာပြောခဲ့တာပါ။

ဒါ့အပြင် ယူကရိန်းအနေနဲ့ အခုလုပ်ရပ်နဲ့ပတ်သက်ပြီး တာဝန်ယူရမှာဖြစ်ပြီး အီရန်နိုင်ငံကလည်း လုပ်သင့်လုပ်ထိုက်တာတွေကိုဆက်လက်လုပ်ဆောင်မှာဖြစ်တယ်လို့ ဘာဂါအီကဆက်ပြောပါတယ်။ အီရန်ရဲ့ကုန်တင်သင်္ဘောကို ယူကရိန်းကတိုက်ခိုက်မှုကြောင့် သင်္ဘောသားတစ်ဦးသေဆုံးပြီး အခြားတစ်ဦးဒဏ်ရာရရှိခဲ့တယ်လို့ နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ထားပါတယ်။

**Ref: Sputnik**

# တောင်ငူခရိုင် အထူးဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိ



တောင်ငူ ဩဂုတ် ၃

တောင်ငူမြို့နယ်ပျော့ရိုးချောင်းကျေးရွာ၌ စွန့်ပစ်ပစ္စည်းမှ သံရည်ကျိုလုပ်ငန်း၊ သံထည်ပစ္စည်းများ ထုတ်လုပ်သည့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ထိုကဲ့သို့ ထုတ်လုပ်နေမှုကို ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင်ကြည့်ရှုအားပေးခဲ့ပြီး တောင်ငူမြို့နယ် လဲဘူးကျေးရွာရှိစပါးစိုက်ကေများ၌ ဓာတုပိုးသတ်ဆေးသုံးစွဲမှုလျှော့ချရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ထရိုင်ကိုရားမား ဥကပ်ပါးနကျယ်အသုံးပြုစိုက်ပျိုးနိုင်ရေးအသိပညာပေးပွဲသို့ တက်ရောက်၍ထရိုင်ကိုရားမားဥကပ်ပါးနကျယ်ပိုးလောင်းများ ဖြန့်ဝေပေးသည်။

ထို့ပြင် တောင်ငူမြို့ ကန်တော်ရပ်ကွက်ရှိ တန် ၆၀ ကျ "ကောင်းပြည့်" အဆင့်မြင့်ဆန်စက်၌ စွန့်ပစ်စပါးခွံသုံးလျှပ်စစ်ထုတ်စက် Gasifier ဖြင့် လည်ပတ်နေမှုနှင့် "နန်းသူဇာ"ပဲမှုန့်နှင့် ပဲကြော်လုပ်ငန်း၊ သရဖူမုန့်တိုက်နှင့် မုန့်မျိုးစုံထုတ်လုပ်ရေးတို့ကိုကြည့်ရှုအားပေးပြီး ဒေသထွက် ကုန်ကြမ်းပစ္စည်းများဖြင့် အမယ်သစ်မုန့်များ အဆင့်အတန်းမီမီ ထုတ်လုပ်နိုင်ရေး မှာကြားခဲ့ကြောင်းသိရသည်။

ဥဿာတိုင်းသား



# ၂၀၂၆-၂၀၂၇ မိုးရာသီစံပြစိုက်ပျိုးမည့် တောင်သူများအား သွင်းအားစုပေးအပ်ပွဲကျင်းပ

ကျောက်မဲ ဩဂုတ် ၃

ကျောက်မဲမြို့နယ် နားမခေါ်ကျေးရွာအုပ်စု ဗူးခါးကျေးရွာမှ မိုးရာသီစံပြစိုက်ပျိုးမည့် တောင်သူများအား ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ သွင်းအားစုများပေးအပ်ကာ တောင်သူဦးစံရင် စိုက်ပျိုးထားသည့် NAS- 828 ပြောင်းခြံ ၃ ဧကကို ကြည့်ရှုအားပေးသည်။

ထို့ပြင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင်မန္တလေး-လားရှိုးလမ်းပေါ်ရှိ ဂုတ်တွင်းတံတား တည်ဆောက်နေမှု၊ ကျောက်မဲမြို့နယ်ရေစီးရေလာကောင်းမွန်စေရေးဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုပြီး ကျောက်မဲခရိုင် မွေးမြူရေးဇုန်နှင့် ရွှေနှင်းဆီဥစားကြက်ခြံကို ကြည့်ရှုပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အလားတူ ကျောက်မဲပြည်သူ့ဆေးရုံ၌ ဒေသခံလူနာများ ဆေးကုသမှုခံယူနေမှုနှင့် အရိုးနှင့်အာရုံကြောခွဲစိတ်ဆောင်တည်ဆောက်နေမှုကို လှည့်လည်ကြည့်ရှုပြီး သတ်မှတ်စံချိန်စံညွှန်းအရည်အသွေးပြည့်ဝအောင်ဆောင်ရွက်ရန်နှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

# သေမင်းတမန်မီးရထားလမ်းပြတိုက်အား အဆင့်မြှင့်တင်ခြင်း၊ ကလေးကစားကွင်း၊ ကော်ဖီဘားနှင့် အမှတ်တရလက်ဆောင်ပစ္စည်းဆိုင်များထည့်သွင်းဆောင်ရွက်သွားမည်



မော်လမြိုင် ဩဂုတ် ၃

တလမွန်ကုမ္ပဏီလီမိတက်၏ ရင်းနှီးမြှုပ်နှံမှုဖြင့် သေမင်းတမန်မီးရထားလမ်းပြတိုက်အား အဆင့်မြှင့်တင်ခြင်း၊ ကလေးကစားကွင်း၊ ကော်ဖီဘားနှင့် အမှတ်တရလက်ဆောင်ပစ္စည်းဆိုင်များ ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ သေမင်းတမန်မီးရထားလမ်းပြတိုက်အား ကွင်းဆင်းကြည့်ရှုစဉ် တလမွန်ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစဉ် ပြည်နယ်ဝန်ကြီးချုပ်က မြို့နယ်အတွင်းရှိ သေမင်းတမန်မီးရထားလမ်းပြတိုက်၊ ခနသဟာယစစ်သင်္ချိုင်း၊ စက်စဲကမ်းခြေ စသည့်နေရာများကို တစ်ဆက်တည်းသွားရောက်လည်ပတ်မှုများရှိကြောင်း၊ ဒေသစီးပွားရေးနှင့်လူမှုရေးကဏ္ဍများဖွံ့ဖြိုးတိုးတက်လာစေရန် အထောက်အကူဖြစ်စေမည့် လမ်း၊ တံတား၊ သောက်သုံးရေနှင့် လျှပ်စစ်မီးရရှိရေး စသည့်အခြေခံ အဆောက်အအုံများ တိုးတက်ကောင်းမွန်စေရန် ဦးစားပေးလိုအပ်ချက်နှင့်အညီ ဘဏ္ဍာရေးနှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ တာဝန်ယူဆောင်ရွက်သည့် ဌာနများ၊ ကုမ္ပဏီများအနေဖြင့် သတ်မှတ်ကာလအတွင်းလုပ်ငန်းများ အရည်အသွေးပြည့်မီစွာဖြင့် ပြီးမြောက်အောင်မြင်ရေး စနစ်တကျကြီးကြပ်ဆောင်ရွက်ကြစေလိုကြောင်းပြောကြားသည်။

ထို့နောက် ပြတိုက်အတွင်းခင်းကျင်းပြသထားရှိမှု၊ သံဖြူဇရပ်စစ်သင်္ချိုင်းအား (ခနသဟာယစစ်သင်္ချိုင်းကော်မရှင်)က တည်ဆောက်ထိန်းသိမ်းထားမှု၊ စက်စဲကမ်းခြေရှိဟိုတယ်၊မိုတယ်များ၊ သံဖြူဇရပ်မြို့ အောင်ကုသိုလ်ရပ်ကွက်ရှိကျိုက်ရာမညဇိနထိုင်တော်မူရုပ်ပွားတော်ကျောင်းဆောင် တန်ဆောင်း ဘက်စုံမွမ်းမံပြင်ဆင်ဆောင်ရွက်နေမှုနှင့် မော်လမြိုင်-ရေး-ထားဝယ်-မြိတ်လမ်းမိုင် (၃၂/၂-၃၂/၃)ရှိအာဘစ်တံတား အဆင့်မြှင့်တင် ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုကြောင်းသိရသည်။

စည်သူ(ပြန်/ဆက်)

# ကျောက်ဖြူမြို့နယ် အထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်း (SEZ)စီမံကိန်းအတွက် ရေသိုလှောင်နိုင်ရန် မဒေးကျွန်းတွင် ကျောက်တန်း (၁)၊(၂) ရေလှောင်တမံ တည်ဆောက်လျက်ရှိ



စစ်တွေ ဩဂုတ် ၃

ကျောက်ဖြူမြို့နယ်ရှိအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်း (SEZ) စီမံကိန်းအတွက် ရေသိုလှောင်နိုင်ရန်မဒေးကျွန်းတွင်ကျောက်တန်း (၁)၊ (၂)ရေလှောင်တမံကို တည်ဆောက်လျက်ရှိကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။

အဆိုပါ တည်ဆောက်ရေးလုပ်ငန်းများကို ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးသည် ရခိုင်ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့်အတူ ဇူလိုင်လ ၂၉ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် မဒေးကျွန်းရှိ အရှေ့တောင်အာရှရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့များအား ပိုက်လိုင်းများဖြင့် ပို့လွှတ်ပေးနေမှု၊ စီမံကိန်းဧရိယာအတွင်း လုံခြုံရေးကိရိယာများ တပ်ဆင်ထားရှိမှု၊ မီးဘေးလုံခြုံရေးအတွက် စီမံထားရှိမှု၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းဆိပ်ကမ်းတွင် ရေနံတင်သင်္ဘောရောက်ရှိနေမှုနှင့် ရေနံတင်သင်္ဘောပေါ်မှ ရေနံများသိုလှောင်ကန်သို့ တင်ပို့နေမှုကိုလည်း ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါခရီးစဉ်အတွင်း ကျောက်ဖြူမြို့ ပြင်ဖြူမော်ရပ်ကွက်ရှိ ငလပွေ့ရေငန်တားတာတမံကြွခိုင်မှု၊ ရေငန်တားတာတမံတွင် Parapet တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ပြင်ဖြူမော်ရပ်ကွက်တွင် Solar Dryer Drone တည်ဆောက်ထားရှိမှု၊ ကျောက်ဖြူမြို့အား Gas turbines ဖြင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်မည့်နေရာအပါအဝင် ပြည်နယ်အစိုးရအဖွဲ့က ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# လက်ရည်တစ်ပြင်တည်း

ရေနံ့သာမောင်ကျော်ညွန့်

■ **အိမ်ထောင်စုချင်းယှဉ် ရင်ပေါင်တန်းနိုင်ဖို့အရေးက အိမ်ထောင်စုဝင်အားလုံးရဲ့ အရေးဖြစ်သလို နိုင်ငံတကာနဲ့ယှဉ် ရင်ပေါင်တန်းနိုင်ဖို့အရေးကလည်း နိုင်ငံတော်အတွင်းမှာ အတူနေ၊ အတူစား၊ အတူကြီးပြင်းလာခဲ့ကြတဲ့ နိုင်ငံတော်သူ၊ နိုင်ငံတော်သားအားလုံးရဲ့အရေးဖြစ်ပါတယ်။ ဒီအရေးတွေကိုပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများက စည်းကမ်းရှိရှိ၊ စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်၊ ချစ်ချစ်ခင်ခင်၊ တက်ညီလက်ညီ၊ အင်တိုက်အားတိုက်၊ ဦးလည်မသုန်ဆောင်ရွက်ကြရမှာပါ။ ဆောင်ရွက်တာနဲ့အမျှအောင်မြင်ကြီးပွားပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး"ဖြစ်ပေါ်လာမှာကလည်း ဧကန်မုချဒိဋ္ဌပါ . . .**

အိမ်ထောင်စုကို "စီးပွားမကွဲသောအတူနေမိသားစု"လို့ မြန်မာအဘိဓာန်မှာ အဓိပ္ပာယ်ဖွင့်ဆိုပေးထားပါတယ်။ မိသားစုကိုတော့ "မိဘနှင့်သားသမီးအစု"လို့ အဓိပ္ပာယ်ဖွင့်ဆိုပေးထားသလို "အိမ်သားစု"လို့လည်း အဓိပ္ပာယ်ဖွင့်ဆိုပေးထားပါတယ်။ အိမ်ထောင်စုတစ်စုမှာရှိတဲ့ အိမ်သားတွေက အိမ်တစ်အိမ်ထဲမှာအတူနေကြတာပါ။ အဲဒီလို နေထိုင်ကြတဲ့ အိမ်ထောင်စုတွေကရွာထဲမှာ အများကြီးပါ။ အများကြီးရှိနေတဲ့အိမ်ထောင်စုတွေထဲမှာ ကြွယ်ဝချမ်းသာတဲ့အိမ်ထောင်စုတွေလည်း ရှိတယ်။ အဆင့်အတန်းမြင့်တဲ့ ပထမတန်းစား အိမ်ထောင်စုပါပဲ။ အချို့အိမ်ထောင်စုတွေက စားနိုင်ရုံ၊ သောက်နိုင်ရုံလောက်ပါပဲ။ အပိုအလျှံမရှိပါဘူး။ ကြွေးမြီတော့ကင်းပါတယ်။ အဲဒါက အလယ်အလတ် အဆင့်အတန်းရှိတဲ့ ဒုတိယတန်းစား အိမ်ထောင်စုပါ။ အချို့အိမ်ထောင်စုတွေကတော့ တစ်နေ့လုပ်မှ တစ်နေ့စားကြရရှာတာ။ အင်မတန်ဆင်းရဲကြပါတယ်။ အဆင့်အတန်းနိမ့်ကျတဲ့တတိယတန်းစား အိမ်ထောင်စုပါပဲ။

အိမ်ထောင်စုတိုင်းက အဆင့်အတန်းမြင့်တဲ့ ပထမတန်းစားအိမ်ထောင်စုမျိုးကိုပဲဖြစ်ချင်ကြတာပါ။ ဒုတိယတန်းစားနဲ့ တတိယတန်းစားအိမ်ထောင်စုမျိုးကိုမဖြစ်ချင်ကြပါဘူး။ ဒီတော့ ဒုတိယတန်းစားနဲ့ တတိယတန်းစားအိမ်ထောင်စုမျိုးကနေရုန်းထွက်ကြတယ်။ အဆင့်အတန်းမြင့်တဲ့ ပထမတန်းစား အိမ်ထောင်စုမျိုးဖြစ်အောင် ကြိုးစားအားစိုက်ကြတယ်။ ကြိုးစားအားစိုက်ကြလို့အဆင့်အတန်းမြင့် ပထမတန်းစားအိမ်ထောင်စုမျိုးဖြစ်သွားကြတဲ့ အိမ်ထောင်စုတွေကလည်းအများကြီးပါ။ မနည်းမနောပါပဲ။ အချို့ကတော့တတိယတန်းစားနဲ့ဒုတိယ တန်းစား အိမ်ထောင်စုမျိုးထဲကနေ မရုန်းထွက်နိုင်ကြသေးပါဘူး။ တတိယတန်းစားနဲ့ ဒုတိယတန်းစား အိမ်ထောင်စုမျိုးထဲမှာပဲ ဝဲလည်နေကြတယ်။ ဆင်းရဲတွင်းထဲကမရုန်းထွက်နိုင်ကြဘူး။ ဒီတော့ ဆင်းရဲမြဲဆင်းရဲနေကြရတာပါပဲ။

ဆင်းရဲတွင်းထဲကရုန်းထွက်နိုင်တာ၊ မရုန်းထွက်နိုင်တာကကတော့ဘယ်သူမပြုမိမိမှုပါ။ အိမ်ထောင်စုတစ်စုအတွင်းမှာတစ်အိုးတည်းစားတဲ့ အိမ်ထောင်စုဝင်တွေအပေါ် မူတည်နေပါတယ်။ ဘယ်အိမ်ထောင်စုမှာမဆို အတူနေ၊အတူစား၊ အတူသွားနေကြရတဲ့ အိမ်ထောင်စုဝင်တွေရှိနေတာပါ။ အိမ်ထောင်စုဝင်တွေက အိမ်ထောင်စုအပေါ်လိုက်နာရမယ့် စည်းကမ်းတွေ၊ ကျင့်ဝတ်တွေရှိနေသလိုစောင့်ရှောက်ရမယ့် တာဝန်တွေ၊ ဝတ္တရားတွေလည်းရှိနေပါတယ်။ စည်းကမ်းနဲ့ကျင့်ဝတ်တွေ၊ တာဝန်နဲ့ဝတ္တရားတွေက အိမ်ထောင်စုဝင်တွေအားလုံး မလွဲမသွေ လိုက်နာကြရမှာဖြစ်သလို အမြဲတစေဆောင်ရွက်ကြရမယ့် အမှုကိစ္စတွေပါပဲ။

လိုက်နာရမယ့်စည်းကမ်းနဲ့ကျင့်ဝတ်တွေက အိမ်ထောင်စုရဲ့စည်းလုံးညီညွတ်တဲ့အားကို စုစည်းပေးထားတာပါ။ ပြောရာဆိုရာ၊ နေရာထိုင်ရာ၊ သွားရာလာရာ၊ စားရာသောက်ရာ၊ လုပ်ရာကိုင်ရာ၊ ကျင့်ရာကြံရာစတဲ့ အရေးအရာတွေအားလုံးမှာ စည်းကမ်းတွေရှိနေသလို ကျင့်ဝတ်တွေကလည်း ရှိနေပါတယ်။

ရှိနေတဲ့စည်းကမ်းနဲ့ကျင့်ဝတ်တွေကို အိမ်ထောင်စုဝင်တိုင်းကလိုက်နာစောင့်ထိန်းကြရမှာပါ။ လိုက်နာစောင့်ထိန်းကြတဲ့ အိမ်ထောင်စုရဲ့အိမ်ထောင်စုဝင်အချင်းချင်းက ပိုပြီးတော့သံယောဇဉ်ကြီးကြတယ်၊ ချစ်ခင်ကြတယ်၊ စည်းလုံးညီညွတ်ကြတယ်။ အိမ်ထောင်စုကိုဖျက်ဆီးမယ့် အဖျက်အမှောင့်တွေ ဝင်မလာနိုင်ဘူး။ ဝင်မလာနိုင်အောင်လည်း ခိုင်မာတဲ့သံယောဇဉ်၊ တောင့်တင်းတဲ့ စည်းလုံးချစ်ကြည်ညီညွတ်တဲ့အင်အားနဲ့ တားဆီးကာကွယ်နိုင်ကြပါတယ်။

အိမ်ထောင်စုကိုဖျက်ဆီးမယ့် အဖျက်အမှောင့်တွေဝင်မလာနိုင်အောင် တားဆီးကာကွယ်နိုင်ရုံမကပါဘူး။ အိမ်ထောင်စုရဲ့အရေးအရာအမှုကိစ္စတွေကိုလည်း အောင်မြင်အောင်ဆောင်ရွက်နိုင်ကြပါတယ်။ ဆောင်ရွက်ရာမှာလည်း ရေသာခိုတွက်ကပ်တဲ့သူရယ်လို့မရှိပါဘူး။ တက်ညီလက်ညီ၊ အင်တိုက်အားတိုက်၊ တစ်တပ်တစ်အားနဲ့စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်၊ ပျော်ပျော်ရွှင်ရွှင်ပါပဲ။ အိမ်ထောင်စုဝင်တိုင်းက ခိုင်မာတဲ့သံယောဇဉ်၊ စည်းလုံးညီညွတ်တဲ့အင်အားနဲ့ အိမ်ထောင်စုရဲ့အကျိုးစီးပွားကိုပဲ လိုလိုလားလားရှေးရှုဆောင်ရွက်ပေးနေကြတာပါ။ ကိုယ့်အိမ်ထောင်စုကြီးပွားချမ်းသာကြွယ်ဝဖို့ကိုပဲ အရေးစိုက်နေကြတာပါ။ ကြီးပွားချမ်းသာကြွယ်ဝပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့ကိုပဲ အမြဲတစေတွေးခေါ်၊ မြော်မြင်၊ ကြံစည်နေကြတာပါ။ ပထမတန်းစား အိမ်ထောင်စုတွေနဲ့ ရင်ပေါင်တန်းနိုင်ရမယ်ဆိုတာကိုလည်း ယုံကြည်နေကြပါတယ်။

ကဗျာစာဆိုဆရာမကြီးငွေတာရီရဲ့ "သာသည့်မြေသို့" ကဗျာထဲမှာပါတဲ့ "သူ့မြေမှာ ဖြူပြာပွင့်ရင်ဖြင့် ငါ့မြေမှာ နီဝါတင့်ရမပေါ့"ဆိုတဲ့ စိတ်ဓာတ်မျိုးနဲ့ ခံယူချက်မျိုးပါပဲ။ အဆင့်မြင့်ပထမတန်းစား အိမ်ထောင်စုတွေခေတ်မီဖွံ့ဖြိုးတိုးတက်နေသလို ကိုယ့်အိမ်ထောင်စုကလည်း ခေတ်မီဖွံ့ဖြိုးတိုးတက်နေရမယ်ဆိုတဲ့ခံယူချက်နဲ့ စိတ်ဓာတ်တွေကနိုးကြားတက်ကြွနေပါတယ်။ ဒီတော့အဆင့်မြင့်တဲ့ ပထမတန်းစားအိမ်ထောင်စုစာရင်းဝင်သွားတာပါပဲ။

တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်နေတဲ့ အိမ်ထောင်စုတွေကိုကြည့်ပြီး တွေးစရာအတွေးတွေက တန်းစီပေါ်လာပါတယ်။ ပေါ်လာတဲ့အတွေးတွေကတော့ ကျွန်တော်တို့မွေးဖွားရာ၊ ကြီးပြင်းရာ၊ နေထိုင်ရာဖြစ်တဲ့ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွက်ပါပဲ။ ကျွန်တော်တို့နိုင်ငံကသမိုင်းကောင်းတဲ့ သမိုင်းကြောင်းတွေနဲ့ပါ။ ပုဂံခေတ်အနော်ရထာမင်းကြီးလက်ထက်မှာ "ပထမမြန်မာနိုင်ငံတော်ကြီး"ကို ထူထောင်နိုင်ခဲ့ပါတယ်။ တောင်ငူခေတ် ဘုရင့်နောင်မင်းတရားကြီးလက်ထက်မှာ "ဒုတိယမြန်မာနိုင်ငံတော်ကြီး" ကို ထူထောင်နိုင်ခဲ့ပါတယ်။ ကုန်းဘောင်ခေတ် အလောင်းမင်းတရားကြီးလက်ထက်မှာ "တတိယမြန်မာနိုင်ငံတော်ကြီး" ကိုထူထောင်နိုင်ခဲ့ပါတယ်။ အဲဒီခေတ်၊ အဲဒီကာလက နိုင်ငံတကာရဲ့ မျက်နှာစာမှာထည်ဝါခံ့ညားခဲ့ပါတယ်။ ဘုန်းမီးနေလတောက်ပခဲ့ပါတယ်။ အကြောင်းရင်းကတော့ ထိုခေတ်ထိုအခါက တိုင်းပြည်ကိုစီမံအုပ်ချုပ်တဲ့ ဘုရင်မင်းတရားကြီးတွေနဲ့ တိုင်းသူပြည်သားတွေပူးပေါင်းပြီး"လက်တွဲညီညီ ရှေ့သို့ချီ" ခဲ့ကြလို့ပါပဲ။ မော်ကွန်းတင် ထင်ကျန်ခဲ့တဲ့ သမိုင်းကြောင်းကို ကျွန်တော်တို့အားလုံးက ဂုဏ်ယူလေးစားကြရမှာပါ၊ အားကျအတုယူကြရမှာပါ။

ယနေ့ကျွန်တော်တို့ရဲ့နိုင်ငံက ဖွံ့ဖြိုးဆဲပဲရှိနေသေးတာပါ။ ဖွံ့ဖြိုးဆဲနိုင်ငံကနေမနက်ဖြန်မှာခေတ်မီဖွံ့ဖြိုးတိုးတက်နေတဲ့ "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး"ဖြစ်ဖို့ကလည်း မြေကြီးလက်ခတ်မလွဲပါပဲ။ ယနေ့နိုင်ငံတော်အစိုးရကစီမံ၊ ဆောင်ရွက်၊ အကောင်အထည်ဖော်၊ လမ်းခင်းပေးနေတဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းပေါ်ကို ကျွန်တော်တို့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး တည့်တည့်မတ်မတ်၊ ဖြောင့်ဖြောင့်တန်းတန်း၊ မတိမ်းမစောင်းလျှောက်လှမ်းကြရမှာပါ။ မတိမ်းစောင်းအောင်ထိန်းကျောင်းပဲ့ကိုင်ပေးနေတာကတော့ "စည်းကမ်း"ပါပဲ။ စည်းကမ်းဆိုတာက "လိုက်နာစောင့်ထိန်းရမယ့်ကျင့်ဝတ်" တွေပါ။

မည်သူမဆိုလိုက်နာစောင့်ထိန်းရမယ့်ကျင့်ဝတ်တွေဖြစ်တဲ့ စည်းကမ်းကိုလိုက်နာစောင့်ထိန်းကြရမှာပါ။ တစ်ဦးချင်းစီက စည်းကမ်းကျင့်ဝတ်တွေကို လိုက်နာစောင့်ထိန်းကြမယ်ဆိုရင် တစ်ဦးနဲ့တစ်ဦးက အပြစ်တင်စရာ၊ အပြစ်မြင်စရာတွေဖြစ်ပေါ်မလာတော့ပါဘူး။ ချစ်ကြင်လေးစားတဲ့သံယောဇဉ်ပဲ ဖြစ်ပေါ်လာတာပါ။ တစ်စိတ်တစ်ဝမ်းတည်း စိတ်ဓာတ်ဖြစ်ပေါ်လာတာပါပဲ။ တစ်စိတ်တစ်ဝမ်းတည်းနဲ့ဆိုတော့ စည်းလုံးညီညွတ်တဲ့အင်အားက တောင့်တင်းသထက်တောင့်တင်းပြီး ခိုင်မာသထက်ခိုင်မာလာပါတယ်။ စည်းလုံးညီညွတ်တဲ့အင်အားနဲ့ ဘေးရန်အပေါင်းကို တားဆီးကာကွယ်နိုင်ပါတယ်။ နှိမ်နင်းရှင်းလင်းနိုင်ပါတယ်။ ခေတ်နဲ့အညီခေတ်မီပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ပါတယ်။ ဒါတွေကစည်းကမ်းကျင့်ဝတ်တွေကို လိုက်နာစောင့်ထိန်းလို့ရလာတဲ့ ကွင်းဆက်ရလဒ်တွေပါ။ ကောင်းကျိုးချမ်းသာတွေပါပဲ။

အိမ်ထောင်စုချင်းယှဉ် ရင်ပေါင်တန်းနိုင်ဖို့အရေးက အိမ်ထောင်စုဝင်အားလုံးရဲ့ အရေးဖြစ်သလို နိုင်ငံတကာနဲ့ယှဉ် ရင်ပေါင်တန်းနိုင်ဖို့အရေးကလည်း နိုင်ငံတော်အတွင်းမှာ အတူနေ၊ အတူစား၊ အတူကြီးပြင်းလာခဲ့ကြတဲ့ နိုင်ငံတော်သူ၊ နိုင်ငံတော်သားအားလုံးရဲ့အရေးဖြစ်ပါတယ်။ ဒီအရေးတွေကို ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများက စည်းကမ်းရှိရှိ၊ စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်၊ ချစ်ချစ်ခင်ခင်၊ တက်ညီလက်ညီ၊ အင်တိုက်အားတိုက်၊ ဦးလည်မသုန်ဆောင်ရွက်ကြရမှာပါ။ ဆောင်ရွက်တာနဲ့အမျှအောင်မြင်ကြီးပွားပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး"ဖြစ်ပေါ်လာမှာကလည်း ဧကန်မုချဒိဋ္ဌပါပဲ။ ဒါကြောင့် ကျွန်တော်တို့အားလုံး လက်ရည်တစ်ပြင်တည်းနဲ့ စည်းကမ်းရှိရှိ၊ စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်၊ ချစ်ချစ်ခင်ခင်၊ တက်ညီလက်ညီ၊ အင်တိုက်အားတိုက် ဦးလည်မသုန်ဆောင်ရွက်ကြပါစို့။ ။

---

# ရေဘေးသင့်ပြည်သူများအတွက် Hygiene Kit ပုံး ၁၀၀၀ (တစ်ကိုယ်ရေကျန်းမာရေးအသုံးအဆောင်ပစ္စည်းများ) ပံ့ပိုး

လေးမျက်နှာ ဩဂုတ် ၃

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအစီအစဉ်ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လေးမျက်နှာမြို့နယ် ရေဘေးသင့်ပြည်သူများအတွက် Hygiene Kit ပုံး ၁၀၀၀ (တစ်ကိုယ်ရေကျန်းမာရေးအသုံးအဆောင်ပစ္စည်းများ)ကို ဩဂုတ်လ ၂ ရက်တွင် ပံ့ပိုးပေးအပ်ခဲ့ကြောင်း သိရသည်။

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏အစီအစဉ်ဖြင့် ကူညီပံ့ပိုးသော တစ်ကိုယ်ရေကျန်းမာရေးအသုံးအဆောင်ပစ္စည်း ၁၁ မျိုးပါဝင်သော Hygiene Kit ပုံး ၁၀၀၀ ကို ဟင်္သာတခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ချိုလွင်၊ ဟင်္သာတမြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေဝင်းနှင့် ဝန်ထမ်းများက ခတ္တာကျေးရွာရှိရေဘေးရှောင်ပြည်သူများအား Hygiene Kit ပုံး ၅၀၀ သွားရောက်ပံ့ပိုးပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ လေးမျက်နှာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးယဉ်မင်းဦးနှင့်ဝန်ထမ်းများက စစ်ကွင်းကျေးရွာဓမ္မာရုံရေဘေးရှောင်စခန်းကွပ်ကဲရေးရုံး၌ Hygiene Kit ပုံး ၅၀၀ သွားရောက်ပေးအပ်ရာ ရေဘေးကယ်ဆယ်ရေးစခန်းတာဝန်ရှိသူများ၊ ဟင်္သာတမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်စန်းစန်းချိုနှင့် လေးမျက်နှာမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးကြည်ဝင်းတို့က လက်ခံရယူခဲ့ကြသည်။ အဆိုပါ ပံ့ပိုးပစ္စည်းပုံးများအား အရေးပေါ်လိုအပ်သည့်နေရာများသို့ ဆက်လက်ဖြန့်ခွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## နွေရာသီကစားသမား အပြောင်းအရွှေ့ သတင်းအတိုများ

❍ တူကီယဲထိပ်တန်းကလပ် ထရန်ဇွန်စပေါ်လ် အသင်းက ဂါလာတာဆာရေးအသင်းခေါ်ယူရန် ကြိုးပမ်းနေသည့် လီဗာပူးအသင်းကစားသမား ဟောင်း ဆာလက်ချ်ကို ခေါ်ယူနိုင်ရန် နီးစပ်လျက်ရှိကြောင်း သိရသည်။


❍ လက်ရှိအပြောင်းအရွှေ့ကာလတွင် ကစားသမားအများအပြားခေါ်ယူနေသည့် ချယ်လ်ဆီးအသင်းက နောက်ထပ်ကစားသမားခေါ်ယူမှုအဖြစ် စထရာဘော့အသင်းမှ ကွင်းလယ်ကစားသမား ဘာကိုအား ခေါ်ယူအင်အားဖြည့်တင်းခဲ့ကြောင်း သိရသည်။

❍ ပီအက်စ်ဂျီအသင်းက ပါးမားအသင်းမှ ဂျပန်လက်ရွေးစင်အသင်းဂိုးသမား ဆူဇူကီးကို ပြောင်းရွှေ့ကြေးယူရို ၃၃ သန်းဖြင့် ခေါ်ယူနိုင်ရန် နီးစပ်လျက်ရှိကြောင်း သိရသည်။

❍ လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် ပြောင်းရွှေ့ကြေးအသုံးစရိတ်အများအပြား အသုံးပြုပြီး ထိပ်တန်းကစားသမားများ ခေါ်ယူအင်အားဖြည့်တင်းထားသည့် စပါးအသင်းနည်းပြ ဒီဇာဘီက အပြောင်းအရွှေ့ကာလမပြီးဆုံးမီ ထိပ်တန်းကစားသမားတစ်ဦး ထပ်မံခေါ်ယူအင်အားဖြည့်တင်းမည်ဖြစ်ကြောင်း သိရသည်။

❍ အက်သလက်တီကိုအသင်းက အဲဗာတန်အသင်းမှ တောင်ပံတိုက်စစ်ကစားသမား ဂရီးလစ်ချ်ကို ခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။

## စီရော်နယ်ဒိုက ချစ်သူဂျော်ဂျီနာနှင့် လက်ထပ်မင်္ဂလာအခမ်းအနားကို လာမည့်ရက်သတ္တပတ်အတွင်း ဇာတိရပ်မြေ မာဒိုင်ရာကျွန်းစု၌ကျင်းပမည်





လစ္စဘွန်း ဩဂုတ် ၃

ပေါ်တူဂီအသင်းနှင့် အယ်နာဆာအသင်း တိုက်စစ်ကစားသမား စီရော်နယ်ဒိုသည် ၎င်း၏ချစ်သူ ဂျော်ဂျီနာနှင့် လက်ထပ်မင်္ဂလာအခမ်းအနားကို ၎င်းမွေးဖွားကြီးပြင်းရာ ဇာတိရပ်မြေ ပေါ်တူဂီနိုင်ငံရှိ မာဒိုင်ရာကျွန်းစု၌ လာမည့်ရက်သတ္တပတ်အတွင်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အသက် ၃၉ နှစ်အရွယ် စီရော်နယ်ဒိုသည် ချစ်သူ ဂျော်ဂျီနာနှင့်ကာလရှည်လက်တွဲခဲ့ပြီး လက်ရှိတွင် သားနှစ်ဦးနှင့် သမီးတစ်ဦးရှိသော်လည်း မင်္ဂလာဆောင်ခဲ့ခြင်းမရှိသေးဘဲ လာမည့်ရက်သတ္တပတ်အတွင်း ခမ်းနားစွာကျင်းပရန်စီစဉ်ထားခြင်းဖြစ်သည်။

စီရော်နယ်ဒိုသည် ပေါ်တူဂီနိုင်ငံ မာဒိုင်ရာကျွန်းစုရှိ ဖန်ချယ်မြို့၌ မွေးဖွားခဲ့သူဖြစ်ပြီး နောက်ပိုင်းတွင် စပို့တင်းလစ္စဘွန်းအကယ်ဒမီသို့ သွားရောက်ကာ ကစားသမားဘဝကို စတင်ခဲ့ခြင်းဖြစ်သည်။

ထို့နောက် စီရော်နယ်ဒိုသည် ပေါ်တူဂီအသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ပြီးနောက် ဥရောပထိပ်တန်းအသင်းကြီးများဖြစ်သည့် မန်ယူအသင်း၊ ရီးယဲလ်မက်ဒရစ်အသင်း၊ ဂျူဗင်တပ်စ်အသင်း စသည့်အသင်းများသို့ အဆင့်ဆင့်ပြောင်းရွှေ့ကစားကာ ကမ္ဘာ့အကောင်းဆုံးကစားသမားတစ်ဦးအဖြစ်ပင် ရပ်တည်နိုင်ခဲ့သူဖြစ်သည်။

စီရော်နယ်ဒိုနှင့် ဂျော်ဂျီနာတို့သည် ၂၀၁၆ ခုနှစ်က စီရော်နယ်ဒို ရီးယဲလ်မက်ဒရစ်အသင်းတွင် ကစားစဉ်က စတင်ချစ်ကြိုက်ခဲ့သူဖြစ်ပြီး ဘောလုံးလောကတွင် အကောင်းဆုံးကစားသမားအဖြစ် ကျော်ကြားသူတစ်ဦးဖြစ်သော်လည်း လက်ထပ်ခြင်းမရှိသေးဘဲ ယခုမှသာ မင်္ဂလာပွဲအခမ်းအနားကို ကျင်းပမည်ဖြစ်သည်။

စီရော်နယ်ဒိုနှင့် ဂျော်ဂျီနာတို့သည် မာဒိုင်ရာကျွန်းစု ဖန်ချယ်မြို့ရှိ ဘုရားကျောင်း၌ မင်္ဂလာပွဲကို စတင်ကျင်းပမည်ဖြစ်ပြီး ဒုတိယပိုင်းအစီအစဉ်အဖြစ် ဖန်ချယ်မြို့ရှိ ကြယ်ငါးပွင့်အဆင့်ရှိ SAVOY PALACE ဟိုတယ်၌ မင်္ဂလာပွဲအခမ်းအနားကို ကျင်းပမည်ဖြစ်သည်။

စီရော်နယ်ဒိုနှင့် ဂျော်ဂျီနာတို့သည် ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက မာဂျော်ကာကွင်းရှိ အပျော်တမ်းရွက်လှေပေါ်၌ အပန်းဖြေအနားယူချိန်တွင် ၎င်းတို့နှစ်ဦးအနေဖြင့် တူညီစေ့စပ်လက်စွပ်များ ဝတ်ဆင်ထားပြီးနောက် မင်္ဂလာပွဲသတင်းမှာ စတင်ပျံ့နှံ့ခဲ့ကြောင်း သိရသည်။ *Ref:Daily Mail*

## ဘိုင်ယန်မြူးနစ်အသင်းက ဟယ်ရီကိန်း၏နေရာ၌ မန်ယူအသင်းမှ ဆက်ကိုနှင့် ရေရှည်အစားထိုးရန်ဆုံးဖြတ်

ဘာလင် ဩဂုတ် ၃

ဂျာမန်ထိပ်သီး ဘိုင်ယန်မြူးနစ်အသင်းက အသင်းနှင့်အနာဂတ်မရေမရာဖြစ်နေသည့် ဟယ်ရီကိန်း၏ နေရာ၌ မန်ယူအသင်းမှ ဆက်ကိုနှင့် ရေရှည်အစားထိုးရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

ဟယ်ရီကိန်းသည် ၂၀၂၃ ခုနှစ်က စပါးအသင်းမှ ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့သော်လည်း ၎င်း၏ အသက်အရွယ်အပိုင်းအခြားကြောင့် ကာလရှည်အသုံးပြုနိုင်မည်မဟုတ်သည့်အတွက် ၎င်း၏နေရာ၌ ဆက်ကိုနှင့်အစားထိုးလိုနေခြင်းဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ဆက်ကိုအား လိုက်ပဇစ်အသင်းတွင် ကစားခဲ့စဉ်ကတည်းက ခေါ်ယူရန် ကြိုးပမ်းခဲ့ဖူးပြီး ဆက်ကိုကိုယ်တိုင်က မန်ယူအသင်းသို့သာ ပြောင်းရွှေ့ကစားလိုနေသည့်အတွက် ခေါ်ယူရန် မအောင်မြင်ခဲ့ခြင်းဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းနှင့် ဟယ်ရီကိန်းတို့စာချုပ်သက်တမ်းမှာ တစ်နှစ်သာကျန်ရှိတော့ပြီး လက်ရှိအချိန်ထိ စာချုပ်သစ်ချုပ်ဆိုနိုင်ခြင်းမရှိသေးဘဲ လာမည့်ဘောလုံးရာသီအကုန်တွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် လက်လွှတ်ရနိုင်သည့်အခြေအနေများကြောင့် ဘိုင်ယန်မြူးနစ်အသင်းက ဆက်ကိုနှင့် ရေရှည်အစားထိုးလိုနေခြင်းဖြစ်သည်။

ဆက်ကိုသည် ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲ၌ လိုက်ပဇစ်အသင်းတွင်ကစားစဉ်ကတည်းက အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ပြီး ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲနှင့်လည်း အတွေ့အကြုံကောင်းများရှိသည့်ကစားသမားတစ်ဦးဖြစ်သည့်အတွက် ခေါ်ယူလိုနေခြင်းဖြစ်ကြောင်း သိရသည်။ *Ref:The Athletic*



## မေဂျာလိဂ်ပြိုင်ပွဲကို ဥရောပမှထိပ်တန်းလိဂ်ပြိုင်ပွဲများကဲ့သို့ ကျင်းပမည့်ကာလကို လာမည့်ဘောလုံးရာသီမှစတင်ပြီး ပြောင်းလဲရန်စီစဉ်နေ

ဝါရှင်တန် ဩဂုတ် ၃

မေဂျာလိဂ်အဖွဲ့ချုပ်က လာမည့်ဘောလုံးရာသီမှ စတင်ပြီး မေဂျာလိဂ်ပြိုင်ပွဲကျင်းပမည့်ကာလကို ဥရောပထိပ်တန်းလိဂ်ပြိုင်ပွဲများကျင်းပမည့်ကာလကဲ့သို့ ပြောင်းလဲရန်စီစဉ်နေကြောင်း သိရသည်။

လက်ရှိမေဂျာလိဂ်ပြိုင်ပွဲတွင် ပြိုင်ပွဲစတင်ချိန်မှစ၍ ဥရောပထိပ်တန်းလိဂ်များနှင့်ကွဲပြားပြီး ဘောလုံးရာသီတစ်ခုကို ဖေဖော်ဝါရီလတွင် စတင်ကျင်းပခဲ့ပြီး နိုဝင်ဘာလတွင် လိဂ်ပွဲစဉ်များအဆုံးသတ်ကာ ဒီဇင်ဘာလအတွင်း ရှုံးထွက်ဖလားပွဲစဉ်များကျင်းပသည့်စနစ်ဖြင့် ကျင်းပနေခြင်းဖြစ်သည်။

လက်ရှိ ဥရောပထိပ်တန်းလိဂ်များအနေဖြင့် သက်ဆိုင်ရာလိဂ်ပြိုင်ပွဲများကို ဩဂုတ်လမှစတင်ကာ နောက်တစ်နှစ် မေလအထိကျင်းပနေခြင်းဖြစ်ပြီး ယခုအခါ မေဂျာလိဂ်ပြိုင်ပွဲကို လာမည့်ဘောလုံးရာသီမှစတင်၍ ဩဂုတ်လမှနောက်တစ်နှစ် မေလအထိ ကျင်းပရန် စီစဉ်နေခြင်းဖြစ်သည်။

အစောပိုင်းက မေဂျာလိဂ်ပြိုင်ပွဲတွင် ထင်ရှားသည့်ကစားသမားများမရှိသည့်အတွက် ပရိသတ်စိတ်ဝင်စားမှုနည်းပါးခဲ့သော်လည်း ၂၀၂၃ ခုနှစ်က အင်တာမိုင်ယာမီအသင်းသို့ မက်ဆီပြောင်းရွှေ့ကစားပြီးနောက်ပိုင်း ပရိသတ်စိတ်ဝင်စားမှုမြင့်တက်လာကာ ဥရောပမှ ထိပ်တန်းကစားသမားအများစုလည်း ပြောင်းရွှေ့ကစားခဲ့ကြကာ လက်ရှိတွင် မက်ဆီအပြင် ဥရောပမှ ထိပ်တန်းကစားသမားများဖြစ်သည့် ဆွာရက်၊ လီဝန်ဒေါစကီး၊ သောမက်မူလာ၊ ဆွန်ယောင်မင် စသည့်ထိပ်တန်းကစားသမားများ ပြောင်းရွှေ့လာပြီးနောက် ပရိသတ်အများစုစိတ်ဝင်စားလာခြင်းဖြစ်သည်။

နောက်ပိုင်းတွင် မေဂျာလိဂ်ပြိုင်ပွဲအနေဖြင့် ပရိသတ်စိတ်ဝင်စားမှု ပိုမိုမြင့်တက်လာသည့်အတွက် ပရိသတ်များအပြင် ကစားသမားများအတွက်ပါ အဆင်ပြေစေရန်အတွက် ဥရောပထိပ်တန်းလိဂ်များကဲ့သို့ ပြိုင်ပွဲကာလကို ပြောင်းလဲကျင်းပရန် စီစဉ်နေခြင်းဖြစ်ကြောင်း သိရသည်။ *Ref:Goal.com*

## ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆု ရန်ပုံငွေသို့ အလှူငွေများပေးအပ်လှူဒါန်းနိုင်

နေပြည်တော် ဩဂုတ် ၃

၁၉၉၄ ခုနှစ်မှစတင်၍ ကျင်းပခဲ့သော ပခုက္ကူ ဦးအုံးဖေ စာပေဆု ယခု (ပခုက္ကူဦးအုံးဖေတည်ထောင်သောပခုက္ကူစာပေဆု)ချီးမြှင့်ပွဲအခမ်းအနားကို ယခုနှစ် ဩဂုတ်လ ဒုတိယပတ်တွင် (၃၂)ကြိမ်မြောက်အဖြစ် ဆက်လက်ကျင်းပမည်ဖြစ်ရာ ပခုက္ကူတစ်သက်တာစာပေဆုရရှိသူ စာရေးဆရာကြီးနှစ်ဦးအပါအဝင် ဆုရရှိသူစုစုပေါင်း ၁၇ ဦးကို ဆုချီးမြှင့်မည်ဖြစ်သည်။

ပခုက္ကူစာပေဆုများကို မူလအလှူရှင် ပခုက္ကူဦးအုံးဖေလှူဒါန်းခဲ့သော ငွေကျပ် ၇၆ သိန်းအပေါ်တွင်အခြေခံ၍ စာပေကိုချစ်မြတ်နိုးသူ အလှူရှင်များ၏ ထပ်ဆင့်လှူဒါန်းငွေများဖြင့် အဆိုပါစာပေဆုများကို ပြန်ကြားရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုအရ မြန်မာနိုင်ငံစာရေးဆရာအသင်းက စာပေဆုရန်ပုံငွေများ ရေရှည်တည်တံ့ခိုင်မြဲအောင်ထိန်းသိမ်းလျက် ဆက်လက်ဆောင်ရွက်နေခြင်းဖြစ်သည်။ ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆုရန်ပုံငွေသို့ မြန်မာစာပေထွန်းကားပြန့်ပွားရေးကို ဦးတည်လျက် ရန်ပုံငွေများလှူဒါန်းလိုပါက ပခုက္ကူစာပေဆုရန်ပုံငွေကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ (ဖုန်း-၀၉-၈၇၃၆၅၃၆၂၅)၊ အတွင်းရေးမှူး(ဖုန်း-၀၉-၅၁၈၃၇၂၄)၊ ရုံးအဖွဲ့ (ဖုန်း-၀၉-၄၅၀၀၉၀၄၈၆)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **မြဝတီ**

## MNL U-20 လူငယ်လိဂ်ပြိုင်ပွဲတွင် ရောဝတီယူနိုက်တက်အသင်း နောက်ကျဂိုးဖြင့် စစ်ကိုင်းယူနိုက်တက်အသင်းကိုအနိုင်ရရှိ



ရန်ကုန် ဩဂုတ် ၃

2026 MNL U–20 လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၁၁)ပြိုင်ပွဲတစ်ပွဲဖြစ်သည့် စစ်ကိုင်းယူနိုက်တက်အသင်းနှင့် ရောဝတီယူနိုက်တက်အသင်းတို့ ယနေ့ညနေပိုင်းတွင် ဗဟန်းကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ ရောဝတီယူနိုက်တက်အသင်းက ၃ ဂိုး ၂ ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ပထမပိုင်းပွဲစသည်နှင့် နှစ်ဖက်အသင်းကစားသမားများ သူတစ်ပြန်ကိုယ်တစ်ပြန်ဖြင့် အပြန်အလှန်တိုက်စစ်ဆင်ကစားရင်း ဦးဆောင် ဂိုးရရှိဖို့ကြိုးစားခဲ့ကြသည်။ ပွဲကစားချိန် ၁၇ မိနစ်တွင် စစ်ကိုင်းယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးကို စိုးမင်းခန့်က ဂိုးဧရိယာပြင်ပကနေကန်သွင်းယူခဲ့သည်။ ဦးဆောင်ဂိုးခွင့်ပြုရပြီးနောက် ရောဝတီယူနိုက်တက်အသင်း ချေပဂိုးရရှိဖို့ အပေးအယူအချိတ်အဆက်မိမိဖြင့် ကစားလာခဲ့ရာ ပွဲကစားချိန် ၃၆ မိနစ်တွင် နောက်တန်းမှတိုက်ရိုက်ချပေးသည့်ဘောလုံးကို ကောင်းမြတ်စံက တစ်ကိုယ်တော်ဆွဲယူကန်သွင်းပြီး ချေပဂိုးသွင်းယူခဲ့သည့်အတွက် ပထမပိုင်းတစ်ဖက်တစ်ဂိုးစီဖြင့်ပွဲပြီးဆုံးခဲ့သည်။

ဒုတိယပိုင်းပြန်စသည်နှင့် နှစ်သင်းစလုံး လျင်လျင်မြန်မြန်တိုက်စစ်ဆင်ကစားခဲ့ရာ ပွဲကစားချိန် ၄၇ မိနစ်တွင် ကျော်မင်းစိုးက စစ်ကိုင်းအသင်းအတွက်ဒုတိယဂိုးကိုသွင်းယူပေးခဲ့ပြီး ပွဲကစားချိန် ၄၈ မိနစ်တွင် ကောင်းခန့်ကျော်က ရောဝတီအသင်းအတွက်ချေပဂိုးကိုပြန်လည်သွင်းယူနိုင်၍ ပွဲကတစ်ဖက်နှစ်ဂိုးစီဖြင့် အကြိတ်အနယ်ရှိသည်။ ထို့နောက် ပွဲကစားချိန် ၇၂ မိနစ်တွင် ကောင်းမြတ်စံက ရောဝတီအသင်းအတွက် တတိယဂိုးကိုသွင်းယူနိုင်ခဲ့၍ ပြိုင်ပွဲအပြီးတွင် ရောဝတီယူနိုက်တက်အသင်းက ၃ ဂိုး ၂ ဂိုးဖြင့် စစ်ကိုင်းယူနိုက်တက်အသင်းကိုအနိုင်ရရှိသွားကြောင်း သိရသည်။

**ဝန်းရံခ**

● **ကမ္ဘောဇလားမှ**

စင်ကာပူ၊ ဆော်ဒီအာရေဗျ၊ ရုရှား၊ တူကီယဲ၊ တရုတ်၊ ပီရူး၊ အိန္ဒိယ၊ မွန်ဂိုလီးယား၊ ဘရာဇီး၊ ထိုင်း၊ လာအို၊ ဂျပန်နှင့် ဗီယက်နမ် စသည့် နိုင်ငံပေါင်း ၁၈ နိုင်ငံမှ အသင်း ၂၅ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး မြန်မာနိုင်ငံ ကိုယ်စားပြု Yangon Galacticos(YG) MLBB အသင်းသည် အုပ်စုပထမပွဲစဉ်၌ ဆော်ဒီအာရေဗျနိုင်ငံမှ Geekay E–Sports အသင်းအား ၂ ပွဲပြတ်၊ အုပ်စု ဒုတိယပွဲစဉ်တွင်ကမ္ဘောဒီးယားနိုင်ငံမှ PRO E–Sports အသင်းအား ၂ ပွဲပြတ်၊ ရှုံးထွက်ကွာတားဖိုင်နယ်ပွဲစဉ်တွင် ၃ ပွဲပြတ်၊ အကြိုဗိုလ်လုပွဲ ပွဲစဉ်တွင် ဖိလစ်ပိုင်နိုင်ငံမှ Falcons PH E–Sports အသင်းအား ၃ ပွဲ ၂ ပွဲဖြင့် အနိုင်ရရှိ၍ Grand Final သို့ တက်ရောက်နိုင်ခဲ့ပြီး ဗိုလ်လုပွဲ ပွဲစဉ်တွင် ရုရှားနိုင်ငံမှ Team Spirit အသင်းနှင့်ယှဉ်ပြိုင်ခဲ့ရာ ၃ ပွဲ ၄ ပွဲရလဒ်ဖြင့် 1st Runner Up (ဒုတိယဆု)ကို ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။

ချန်ပီယံဆုရရှိခဲ့သည့် ရုရှားနိုင်ငံမှ Team Spirit အသင်းသည် ဆုကြေးငွေ ဒေါ်လာ တစ်သန်းရရှိခဲ့ပြီး မြန်မာနိုင်ငံကိုယ်စားပြု Yangon Galacticos(YG) MLBB အသင်းက 1st Runner Up (ဒုတိယဆု)ရရှိခဲ့သည့်အတွက် ဒေါ်လာငါးသိန်းရရှိခဲ့သည်။

ယခုကဲ့သို့ 1st Runner Up (ဒုတိယဆု) ဆွတ်ခူးရရှိခဲ့သည့် မြန်မာနိုင်ငံကိုယ်စားပြုအသင်းသည် ယနေ့နံနက်ပိုင်းတွင် China Southern Airlines ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်)မှ သင်တန်းသားများ၊ မြန်မာနိုင်ငံအီလက်ထရောနစ်အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် ပြိုင်ပွဲဝင်အားကစားသမားများ၏ မိဘဆွေမျိုးမိတ်သင်္ဂဟများက သောင်းသောင်းဖြဖြကြိုဆိုခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံ့ဂုဏ်ဆောင် ဒုတိယဆုရရှိခဲ့သည့် Mobile Legends MLBB အသင်းအား ဂုဏ်ပြုပွဲကို ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ကျင်းပပြီး ပြိုင်ပွဲဝင်အားကစားသမားများကို KBZ Bank/KBZ Pay မှ CEO ဒေါ်သက်မာအေးက ငွေကျပ်သိန်း ၅၀၀၀ ဂုဏ်ပြုဆုကိုလည်းကောင်း၊ Delous Group of Company မှ ငွေကျပ်သိန်း ၁၀၀ အပါအဝင် ငွေကျပ်သိန်း ၄၀ တန်ဖိုးရှိ ကွတ်ကီးမုန့်များကိုလည်းကောင်း၊ Cherry Oo နာရီမှ အမေရိကန်ဒေါ်လာ ၂၀၀၀၀ ကိုလည်းကောင်း၊ Shwe Nadi Application မှ Apple Pro–3 နားကြပ်ရှစ်ခုနှင့် Shwe Nadi Application ၏တစ်နှစ်တာကြည့်ရှုခွင့်ကိုလည်းကောင်း အသီးသီးဂုဏ်ပြုချီးမြှင့်ကြသည်။

E–Sports ကမ္ဘာ့ဖလားအားကစားပြိုင်ပွဲကို ဇူလိုင်လ ၂၂ ရက်မှ ဩဂုတ်လ ၁ ရက်အထိကျင်းပခဲ့ပြီး အဆိုပါ Grand Final ပြိုင်ပွဲအား ရန်ကုန်မြို့အပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များ၊ ကျေးလက်ဒေသများပါမကျန် အားပေးကြည့်ရှုခဲ့ကြသည်။ E–Sports ကမ္ဘာ့ချန်ပီယံအားကစားပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင် ဒုတိယဆုရရှိခဲ့သည့် Yangon Galacticos (YG)အသင်းအနေဖြင့် ဂျပန်နိုင်ငံတွင်ကျင်းပမည့် အာရှအားကစားပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင်ဆုများ ဆက်လက်ရရှိရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

**မြဝတီ**

## အမျိုးသမီးများကို တရုတ်နိုင်ငံတွင် တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

နေပြည်တော် ဩဂုတ် ၃

အမျိုးသမီးများကို တရုတ်နိုင်ငံတွင် တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန်စီစဉ်ဆောင်ရွက်ခဲ့သူများကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

ဖြစ်စဉ်မှာ ရောဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်နေ မ----၊ ၂၅ နှစ်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်နေ မ----၊ ၂၃ နှစ်တို့သည် လှိုင်သာယာ စက်မှုဇုန်ရှိ အထည်ချုပ်စက်ရုံတစ်ခုတွင် အလုပ်သွားရောက်လျှောက်ထားစဉ်၎င်းတို့နှစ်ဦးကို ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ခ)ရပ်ကွက်နေ ခင်သီတာပြုံး (ခ) မသီတာက တရုတ်ဇနီးမယားအဖြစ်လုပ်ကိုင်ပါက ငွေကျပ်သိန်း ၁၀၀ ခန့်ရရှိမည်၊ တရုတ်နိုင်ငံသို့ ပို့ဆောင်ပေးမည်ဟုပြောဆိုစည်းရုံးပြီး တရုတ်နိုင်ငံရှိ ခင်ပိုပိုသက်နှင့် ချိတ်ဆက်၍ တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့ကြောင်း စိစစ်သိရှိရသဖြင့် မြောက်ဥက္ကလာပမြို့မရဲစခန်းက လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး ဇူလိုင်လ ၂၈ ရက်တွင် မရမ်းကုန်းခရိုင်တရားရုံးမှ ဖမ်းမိတရားခံ ခင်သီတာပြုံး (ခ)သီတာကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် ၁၁ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ ခင်ပိုပိုသက်ကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

ထို့ပြင် မန္တလေးမြို့၊ ရဲမွန်တောင်ရပ်ကွက်ရှိပန်းပျိုးခင်း KTV တွင်အလုပ်လုပ်ကိုင်နေသူ မ----၊ ၃၁ နှစ်ကို ၎င်းနှင့်ခင်မင်ရင်းနှီးသည့် မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ရှမ်းလေးကျွန်းအရှေ့ကျေးရွာနေ အေးမာမှ တရုတ်ဇနီးမယားအဖြစ်ဆောင်ရွက်လိုက အဆက်အသွယ်ရှိကြောင်း၊ တစ်နှစ်လုပ်ကိုင်ပါက ငွေကျပ်သိန်း ၁၀၀ ရမည်ဖြစ်ကြောင်း ပြောဆိုစည်းရုံးခဲ့ပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ပေးသည့် မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ၀၀(၂) ရပ်ကွက်နေ ကျော်လှိုင်(ခ) အားလှိုင်ထံဖုန်းဖြင့်ဆက်သွယ်၍ တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့ကြကြောင်း စိစစ်သိရှိရသဖြင့် အမှတ်(၉)မြို့မရဲစခန်းက လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး ဇူလိုင်လ ၃၀ ရက်တွင် မဟာအောင်မြေခရိုင်တရားရုံးမှ ဖမ်းမိတရားခံ အေးမာကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ ကျော်လှိုင်(ခ)အားလှိုင်ကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

**မြဝတီ**

◆ **သစ္စာအားမာန်မှ**

ပွဲကစားချိန် ၂၃ မိနစ်တွင် ယွန်းဝတီက ဒုတိယဂိုး၊ ပွဲကစားချိန် ၃၂ မိနစ်နှင့် ၃၄ မိနစ်တို့တွင် တတိယဂိုးနှင့်စတုတ္ထဂိုးကို မြတ်နိုးခင်တို့က ဆက်တိုက်ဆိုသလို သွင်းယူပေးခဲ့ကြသည်။

ဖွဲ့ကပင်အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ပွဲကစားချိန် ၄၄ မိနစ်အရောက်တွင် ရွှယ်လွန်းရှရီက ပြန်သွင်းနိုင်ခဲ့၍ ပထမပိုင်းအပြီးတွင် ၄ ဂိုး ၁ ဂိုးဖြင့် သစ္စာအားမာန်အသင်းက ပွဲကိုဦးဆောင်ထားသည်။

ဒုတိယပိုင်းတွင်လည်း သစ္စာအားမာန်အသင်းကသာ တိုက်စစ်နှင့်ခံစစ်မျှတအောင်ကစားပြီး ပွဲကိုစိုးမိုးထား၍ ဖွဲ့ကပင်အသင်းချေပဂိုးထပ်မံရရှိဖို့ အလှမ်းဝေးခဲ့ရသည်။ သစ္စာအားမာန်အသင်းသည် ပွဲစသည်မှပွဲပြီးဆုံးသည့်တိုင် အပေးအယူအချိတ်အဆက်မိမိဖြင့် ကစားခဲ့သည့် တိုက်စစ်အားကြောင့် ပွဲကစားချိန်မိနစ် ၅၀ တွင် ယွန်းဝတီက ပဉ္စမမြောက်ဂိုး၊ ပွဲကစားချိန် ၅၉ မိနစ်တွင် ဝင်းဝင်းက ဆဋ္ဌမမြောက်ဂိုးများ ထပ်မံသွင်းယူနိုင်ခဲ့သည်။ ပွဲကစားချိန် ၆၄ မိနစ်တွင် ဖွဲ့ကပင်အသင်းအတွက် ဒုတိယမြောက်ချေပဂိုးကို ဂလိုရီရာက သွင်းယူပေးခဲ့သည်။ လက်ကျန်ပွဲကစားချိန်တွင် နှစ်ဖက်အသင်းအပြန်အလှန်ယှဉ်ပြိုင်ကြသော်လည်း သစ္စာအားမာန်အသင်းကသာ ခြေအသာဖြင့်ကစားပြီး ပွဲကစားချိန် ၆၈ မိနစ်တွင် ဝင်းဝင်းက သတ္တမမြောက်ဂိုး၊ ပွဲကစားချိန် ၈၅ မိနစ်နှင့် ၉၀+၂ မိနစ်တို့တွင် ချစ်ဆုဝေက အဋ္ဌမမြောက်ဂိုးနှင့် နဝမမြောက်ဂိုးကိုသွင်းယူနိုင်ခဲ့၍ သစ္စာအားမာန်အသင်းအနိုင်ရရှိခဲ့ကြောင်း သိရသည်။

**ဝန်းရံခ**

## ၃-၈-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၆,၉၅၀,၀၀၀)ကျပ်ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

**နိုင်ငံတစ်ဝန်းစိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့။**


အင်ငါးခွ သကြားစက်မှထုတ်လုပ်သည်
အင်ငါးခွ
INNGAGWA
White Sugar
EXPORT QUALITY
09-691540716
inngagwasugarmail2018@gmail.com
FDANo,85/21337/ဆလ
တောင်သူစိုက်ပျိုး စီးပွားတိုးဖို့ ပြည်တွင်းသကြားကို အားပေးစို့


ပဒုမ္မာဆပ်ပြာ
PADONMAR
ရေမှာဆို 'ကြာ'
ဆပ်ပြာမှာ 'ပဒုမ္မာ'
ပဒုမ္မာဆပ်ပြာစက်ရုံ (ပေါင်မြို့နယ်)မှ ခေတ်မီစက်ကြီးများဖြင့် အချောအသေးပြည့်မီစွာ ထုတ်လုပ်ထားသော အဝတ်လျှော်ဆပ်ပြာ၊ ကာဘော်လစ်ဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာနှင့် ဆပ်ပြာမှုန့်များအား လက်လီ၊ လက်ကား ဝယ်ယူအားပေးနိုင်ပါပြီ...
၀၉ ၇၈၁ ၈၄၈ ၆၉၉၉၊ ၀၉ ၇၉၃ ၇၃၂ ၆၁၆၆


STARMART Showroom များတွင် အရည်အသွေးမြင့် စားသောက်ကုန်များအပါအဝင် ထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို ပိတ်ရက်မရှိ လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါသည်။
STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့
ဖုန်း - ၀၉ - ၃၀၈၆၀၁၈၀
Kha Yae Pin Mart
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့
ဖုန်း - ၀၉ - ၆၇၁၄၄၃၅၅၅
RHINO
PRODUCT OF MEC
EXPORT QUALITY
SUGARMEC
DENTOMEC
TRISTAR


သဘာဝအစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး
ရွှေဖီဦး
Black Tea
Lemon Tea
Tea mix
SHWE PHE OO
Lemon Tea
Plus Vitamin C
ASEAN-OSHNET AWARD
Best Practices Award
FDA အမှတ်
စ၄/ ၁၄၀၉၁/ထလ
ပင်ရင်းအရောင်း - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

**မှတ်သားဖွယ်ရာ မိုးရေချိန်များ**

၃-၈-၂၀၂၆

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ခန္တီး | ၄ | ဒသမ | ၀၆ | လက်မ | တပ်ကုန်း | ၁ | ဒသမ | ၉၇ | လက်မ |
| မြစ်ကြီးနား | ၃ | ဒသမ | ၂၇ | လက်မ | နေပြည်တော် (ဥတ္တရသီရိမြို့နယ်) | ၁ | ဒသမ | ၈၁ | လက်မ |
| ပိုင်ကျုံ | ၃ | ဒသမ | ၀၀ | လက်မ | | | | | |
| ကန်ကြီးထောင့် | ၂ | ဒသမ | ၈၄ | လက်မ | အိမ်မဲ | ၁ | ဒသမ | ၈၁ | လက်မ |
| ပန်းတနော် | ၂ | ဒသမ | ၀၀ | လက်မ | ပူတာအို | ၁ | ဒသမ | ၄၁ | လက်မ |

❖ နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် ဆောင်ရွက်ဆဲ အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်း ပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဩဂုတ် ၃

အကြမ်းဖက်လက်နက်ကိုင် သောင်းကျန်းသူများကြောင့် ၂၀၂၄ ခုနှစ် ဇွန်လအတွင်း ကျောက်မဲမြို့ပေါ်ရှိ စီမံကိန်းအခြေစိုက်စခန်းနှင့် အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွင်စခန်းရှိ အဆောက်အအုံများနှင့် နိုင်ငံပိုင် စက်/ယာဉ် ယန္တရားများနှင့် ဆက်စပ်ပစ္စည်းများ၊ တည်ဆောက်ရေးလုပ်ငန်းသုံး စက်ပစ္စည်းများ၊ မီးစက်များ၊ အရည်အသွေးထိန်းသိမ်းရေးရုံးရှိ ပစ္စည်းကိရိယာများ၊ မိုးလေဝသနှင့်ဇလဗေဒတိုင်းတာရေးစခန်းရှိ တိုင်းတာရေးကိရိယာပစ္စည်းများ၊ နိုင်ငံခြားမှ တင်သွင်းတပ်ဆင်ရသော စက်မှုလျှပ်စစ်ပစ္စည်းများ၊ ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများ၊ ထရန်စဖော်မာများနှင့် စာမျက်နှာ ၁၅ ကော်လံ ၁ ❖




**လေးမျက်နှာမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး မြစ်ရေတိုက်စားမှုကြောင့် ဝေန်မြစ်ရေကာတာကျိုးပေါက်၍ လေးမျက်နှာမြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများသို့ ရေဝင်ရောက်မှုဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်** စာ - ၂၂ သို့



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင် ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများပေးအပ်စဉ်။

**မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ၂၀၂၆ ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ** စာ - ၅ သို့



## ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲ စတင်ကျင်းပ

နေပြည်တော် ဩဂုတ် ၃

ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲကို ကျင်းပပေးခြင်းဖြင့် ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် ပြိုင်ပွဲကောင်းတစ်ခုဖြစ်လာနိုင်မည်ဟုယုံကြည်ပါကြောင်း၊ ပြိုင်ပွဲ၏ရည်ရွယ်ချက်နှင့် အနှစ်သာရများ မပျောက်ပျက်စေရန် တာဝန်ရှိသူများနှင့် ဝန်ကြီးဌာနကိုယ်စားပြု ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများက စာမျက်နှာ ၁၇ ကော်လံ ၁ ❍

## E-Sports ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဒုတိယဆုရရှိခဲ့သည့် မြန်မာနိုင်ငံကိုယ်စားပြု Yangon Galacticos(YG) MLBB အသင်း ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

ရန်ကုန် ဩဂုတ် ၃

ပြင်သစ်နိုင်ငံ ပါရီမြို့၌ ဇူလိုင်လ ၂၂ ရက်မှ ဩဂုတ်လ ၁ ရက်အထိကျင်းပသည့် E–Sports ကမ္ဘာ့ဖလားပြိုင်ပွဲ E–Sports World Cup 2026(MLBB)တွင် မြန်မာနိုင်ငံကိုယ်စားပြု Yangon Galacticos (YG) MLBB အသင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ကမ္ဘာ့အဆင့် Mobile Legends: Bang Bang ပြိုင်ပွဲ၏ Grand Final ၌ 1st Runner Up (ဒုတိယဆု)ဆွတ်ခူးရရှိခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ မလေးရှား၊ ကမ္ဘောဒီးယား၊ မြန်မာ၊ စာမျက်နှာ ၂၉ ကော်လံ ၁ ●



**တွန်းဇံမြို့တွင် ၃၀၀ ကေဗွီအေ ဒီဇယ်ဓာတ်အားပေးစက်ဖြင့် လျှပ်စစ်မီးဖြန့်ဖြူးချိန်တိုးမြှင့်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ၊ မြန်မာ့စီးပွားရေးဘဏ်(တွန်းဇံဘဏ်ခွဲ)ဖွင့်လှစ်** စာ - ၁၁ သို့

## သစ္စာအားမာန်အသင်းဂိုးပြတ်သွင်း၍ ဇွဲကပင်အသင်းကိုအနိုင်ယူ



ရန်ကုန် ဩဂုတ် ၃

၂၀၂၆–၂၀၂၇ ရာသီ မြန်မာအမျိုးသမီးလိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၈)ပထမနေ့ပွဲစဉ်တစ်ပွဲဖြစ်သည့် ဇွဲကပင်အသင်းနှင့် သစ္စာအားမာန်အသင်းတို့ ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ ပဒုမ္မာကွင်း၌ ယှဉ်ပြိုင်ကစားကြရာ သစ္စာအားမာန်အသင်းက ၉ ဂိုး ၂ ဂိုးဖြင့် ဂိုးပြတ်သွင်းအနိုင်ရရှိသွားသည်။

ပွဲကစားချိန် ၇ မိနစ်တွင် ဇွဲကပင်ကစားသမားနှင့်ထိကာ ဂိုးဝင်သွားသည့်အတွက် သစ္စာအားမာန်အသင်း ဦးဆောင်ဂိုးရရှိသွားသည်။ ဇွဲကပင်အသင်းသည် ဦးဆောင်ဂိုးခွင့်ပြုပြီးနောက်တွင်လည်း ပြိုင်ဘက်အသင်း၏တိုက်စစ်ကို တစ်သင်းလုံးခုခံကာကွယ်နေရသည်။ သစ္စာအားမာန်အသင်း၏တိုက်စစ်အားကို ထိန်းချုပ်နေသည့်ကြားမှပင် စာမျက်နှာ ၂၉ ကော်လံ ၁ ◆

**ဆောင်းပါး**

လက်ရှည်တစ်ပြင်တည်း စာ - ၂၆ သို့

ဝါသီးနှံပြန်လည်ဆန်းသစ်လာမှု၏ စီးပွားရေးအခွင့်အလမ်း စာ - ၁၃ သို့